# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၇) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (14-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၂၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် Jeng Phang နော်တောင်၊ စောဒန်နီယယ်၊ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်းနှင့်ဦးအောင်နိုင်ဦး၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သယံဇာတတွင်းထွက်ထုတ်ကုန်များ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ၊ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ရချင်းစီအလိုက် စိတ်ဝင်တစားလေ့လာစဉ်။




ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်
အယ်ဒီတာ့အာဘော်

# ခရီးသွားလုပ်ငန်းဖြင့် အလုပ်အကိုင်များဖန်တီး

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့စီးပွားရေးကို အထောက်အပံ့ပြုသည့် အရေးကြီးသောကဏ္ဍများအတွင်းမှ တစ်ခုဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် အလုပ်အကိုင်ပေါင်း သန်း ၃၂၀ ကျော်ကို ဖန်တီးပေးပြီး ကမ္ဘာ့ GDP ၏ ၁၀ ရာခိုင်နှုန်းရှိသည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ မှတ်တမ်းများအရ သိရသည်။ ထို့ပြင် ခရီးသွားလုပ်ငန်းသည် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို တိုးတက်လာစေရန် များစွာ အထောက်အပံ့ပြုသည်။

ခရီးသွားလုပ်ငန်းကြောင့် ဖွံ့ဖြိုးတိုးတက်လာသည့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မကြုံစဖူး များစွာထိခိုက်ခဲ့ရသည်။ ယခုအခါ ကိုဗစ်ကူးစက်မှုလျော့နည်းလာသည့်အတွက် ခရီးသွားလုပ်ငန်းများ ပြန်လည်ရှင်သန်လာစေရန် နိုင်ငံအသီးသီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၀၀ ကျော်သည် ခရီးသွားလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်လုပ်ကိုင်နေပြီဖြစ်သည်။ ထို့ကြောင့် ကမ္ဘာအနှံ့တွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလထိ ကမ္ဘာလှည့်ခရီးသည် သန်း ၇၀၀ ခန့် လှည့်လည်ဝင်ရောက်ခဲ့သည့်အတွက် ယမန်နှစ် အလားတူကာလထက် ၁၃၃ ရာခိုင်နှုန်း ပိုမိုဝင်ရောက်ကြောင်းနှင့် ကိုဗစ်ကပ်ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ်ကာလ၏ ၆၅ ရာခိုင်နှုန်းထိ ပြန်လည်ရောက်ရှိခဲ့သည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းဇယားများအရ သိရသည်။

နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ **(MSMEs)** သည် အဓိကမောင်းနှင်အားဖြစ်သည်။ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် စားသောက်ကုန်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို မိမိတို့၏ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြုပြီး ထိုမှတစ်ဆင့် အဆင့်မြင့်ကုန်ချောပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စိုက်ပျိုးရေးနှင့်တွဲဖက်လုပ်ကိုင်နိုင်သည့် **Agri Based Tourism ၊ Farming Based Tourism** နှင့် ပုပ္ပါးတောင်ဘူမိခရီးသွားလုပ်ငန်းကဲ့သို့ **Educational Tourism** စသည့်ခရီးသွားလုပ်ငန်းအမျိုးအစားတချို့ကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်ဆောင်ရွက်သွားနိုင်ရန် အကြံဉာဏ်သစ်များဖြင့် နည်းလမ်းများ ဖော်ထုတ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းသည် မီးခိုးမထွက်သောစက်ရုံကြီးဟုတင်စားခေါ်ဝေါ်သည့်အတိုင်း မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရန် စွန့်ဦးတီထွင်မှုနှင့်အတူ ခရီးသွားထုတ်ကုန်များ ဖွံ့ဖြိုးလာစေရန်နှင့် ဈေးကွက်ပြန်လည်ရှင်သန်အားကောင်းလာစေရန် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းကိုအကြောင်းပြု၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာတွင် စားသောက်ကုန်ပစ္စည်းစမ်းသပ်မှုပိုများနေ



**မန္တလေး ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီးအတွင်း တစ်နိုင်တစ်ပိုင် လုပ်ငန်းရှင်များ လုပ်ကိုင်နေသည့် စားသောက်ကုန်ပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ၌ ဓာတုဆေးဝါးများပါဝင်သည့် ထုတ်ကုန်များ ဈေးကွက်အတွင်းသို့ ဝင်ရောက်မှုမရှိစေရန်အတွက် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာတွင် စားသောက်ကုန်ပစ္စည်းများ လာရောက်စမ်းသပ်မှု ပိုများနေကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

အဆိုပါ တစ်နိုင်တစ်ပိုင် လုပ်ငန်းရှင်များက လုပ်ကိုင်ထုတ်လုပ်နေသည့် စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများကို ဓာတုဗေဒ ဓာတ်ခွဲစမ်းသပ်ခြင်း၊ အဏုဇီဝ ဓာတ်ခွဲစမ်းသပ်ခြင်းတို့ဖြင့် ယခုဘဏ္ဍာနှစ်အတွင်း ပစ္စည်းအမျိုးအမည်ပေါင်း ၆၀၀ ကျော် လျှာထားဓာတ်ခွဲစမ်းသပ်ပေးလျက်ရှိရာ ယနေ့ထိ စားသောက်ကုန်ပစ္စည်းအမျိုးအမည် ၃၀၄ ခုနှင့် အလှကုန်ပစ္စည်း အမျိုးအမည် ၂၉၄ ခုကို ဓာတ်ခွဲစမ်းသပ်ပြီးဖြစ်ကြောင်း၊ ထိုသို့ ဓာတ်ခွဲစမ်းသပ်ပေးရာတွင် အရည်အသွေးပြည့်မီသည့် စားသောက်ကုန်များနှင့် လူသုံးကုန်များတွင် အန္တရာယ်ဖြစ်စေနိုင်သည့် ဓာတုဆိုးဆေးများ မပါဝင်နိုင်စေရေးကို ရည်ရွယ်၍ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးနေခြင်းဖြစ်ပြီး ၎င်းစမ်းသပ်ခြင်းများ၌ စားသောက် ကုန်ပစ္စည်းများ ပိုများကြောင်း သိရသည်။

"အချို့ စီးပွားရေးသမားတွေက သူတို့ရဲ့ကုန်ပစ္စည်းတွေ၊ အစားအသောက်တွေ တာရှည်ခံချင်တော့ ဆေးတွေကို သတ်မှတ်ထားတဲ့ ပမာဏထက် ပိုပြီးသုံးတာတွေရှိပါတယ်။ အဲဒီလို ဆေးတွေဝယ်ယူအသုံးပြုပြီးတော့ အစားအသောက်နဲ့ အလှကုန်တွေ ရောင်းချနေမယ်ဆိုရင် စားသုံးသူနဲ့ သုံးစွဲမိတဲ့သူတွေ အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ အဲဒါကြောင့် အရည်အသွေးကောင်းပစ္စည်းတွေ ရရှိလာစေဖို့အတွက် ဓာတ်ခွဲစမ်းသပ်ပေးနေတာပါ။ ဓာတ်ခွဲစမ်းသပ်ပေးတဲ့အခါမှာ စားသောက်ကုန်လုပ်ငန်းပြုလုပ်သူတွေက စမ်းသပ်မှုပိုများလာပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြသည်။

စားသောက်ကုန်ပစ္စည်းများအနေဖြင့် နို့နှင့် နို့ထွက်ပစ္စည်းဖျော်ရည်များ၊ အသား၊ ပေါင်မုန့်၊ ယိုမျိုးစုံ၊ မလိုင်၊ အသင့်စားကုန်များ၊ သစ်သီးဖျော်ရည်၊ မုန့်မျိုးစုံ၊ လက်ဖက်ခြောက်၊ ပဲကြော်၊ အာလူးကြော်၊ ဝိုင် စသည့် စားသောက်ကုန်များကို ထုတ်လုပ်ရောင်းချကြကြောင်း သိရသည်။

(၁၈၅)

# မန္တလေးမြို့တွင်း ဈေးချို၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်သို့ လိုင်းကားများဖြင့် ခရီးသွားလိုက်ပါစီးနင်းမှုများလာ

**မန္တလေး ဒီဇင်ဘာ ၁၃**

ပွင့်လင်းရာသီကာလတွင် မန္တလေးမြို့တွင်း ဈေးချို၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်လမ်းကြောင်းများသို့ လိုင်းကားများဖြင့် ခရီးသွားလိုက်ပါစီးနင်းမှုများလာကြောင်း အမှတ် (၁)၊ (၂)၊ (၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြငွေက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင်း ဈေးချို၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင် စသည့်လမ်းကြောင်းများသို့ အမှတ် (၁)၊ (၂)၊ (၃) လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့် ခရီးသွားမှာ ဒီဇင်ဘာလ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်သာရှိခဲ့သော်လည်း ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ လိုက်ပါစီးနင်းသည့်ခရီးသွားမှာ တစ်ရက်လျှင် ဦးရေ ၄၅၀ ကျော်ထိရှိလာကြောင်း သိရသည်။

"မန္တလေးမြို့မှာရှိတဲ့ အထင်ကရနေရာတွေဖြစ်တဲ့ ဈေးချို၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင် စတဲ့မြို့တွင်းနေရာ တော်တော်များများကို လိုင်းကားနဲ့သွားမဲ့ ခရီးသွားတွေ အခုနောက်ပိုင်း မြန်ပြီးများလာတယ်။ တချို့ကျတော့လဲ ကျောက်ဆည်တို့၊ မြစ်ငယ်တို့ဘက်ကနေ ဈေးချိုအနီးတစ်ဝိုက် ဈေးလာရောင်းတဲ့ ဈေးသည်တွေလဲ လိုက်ပါစီးနင်းမှုတွေရှိပါတယ်။ အခုရက်ပိုင်းမှာ မန္တလေးမြို့တွင်း လိုက်ပါစီးနင်းမှုအများဆုံး လမ်းကြောင်းကတော့ စက်မှုဇုန်ခြံဘက်ကနေ မန္တလေးဈေးချိုဘက်ကို ပြေးဆွဲနေတဲ့ လိုင်းကားတွေမှာ ခရီးသည်လိုက်ပါစီးနင်းမှု တော်တော်လေးများတယ်။ ဒုတိယအများဆုံးလမ်းကြောင်းကတော့ ဈေးချိုကနေ မန္တလေးတောင်ကိုပါ။ ကုသိုလ်တော်ဘုရားဘက်ကိုလဲ ခရီးသွားလိုက်ပါစီးနင်းမှု အနည်းငယ်ရှိတယ်"ဟု ဦးမြငွေက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်တွင် နှမ်းဝါ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀ ပေါက်ဈေးရှိ

**မန္တလေး ဒီဇင်ဘာ ၁၃**

မန္တလေးဈေးကွက်တွင် နှမ်းဝါ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခင်က မန္တလေးဈေးကွက်အတွင်း နှမ်းဝါ အရောင်းအဝယ် အေးနေခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းဝါများကို တရုတ်နိုင်ငံဘက်က ဝယ်ယူမှုများရှိလာသည့်အပြင် ပြည်တွင်း၌လည်း နှမ်းဝါ အရောင်းအဝယ် ကောင်းမွန်လျက်ရှိပြီး ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုလက်ရှိအချိန်မှာ နှမ်းဝါတွေကို ပြည်ပကရော ပြည်တွင်းကပါ ဝယ်ယူမှုများလာပြီး အရောင်းအဝယ်က အရင်ကထက် ပိုပြီးကောင်းလာတာကြောင့် အခုလက်ရှိ ဈေးကောင်းရလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဒီဇင်ဘာလ ပထမပတ်က နှမ်းဝါဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ နှမ်းဝါဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခုလောလောဆယ်တော့ နှမ်းဝါ အရောင်းအဝယ် ပြန်ပြီးကောင်းလာတယ်။ တရုတ်နိုင်ငံဘက်ကလဲ အခုတလော အဝယ်ပြန်များလာတယ်။ အရင်က တရုတ်ဘက်ကလဲ အဝယ်မရှိတာကြောင့် အရောင်းအဝယ် အေးနေခဲ့တယ်။ အခုတော့ နှမ်းဝါတွေ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်နေပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သဲကုန်းမြို့နယ် ကျေးရွာငါးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**သဲကုန်း ဒီဇင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် အတွင်းရှိ ကျေးရွာငါးရွာ၌ လူထုဗဟိုပြုစီမံကိန်းဖြင့် ဆောင်ရွက်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာ ကော်မတီဝင်များနှင့်အတူ ဘန့်ဘွေးကုန်းကျေးရွာ၌ အရှည်ပေ ၄၈၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်း၊ ထန်းလက်ရှည်ကျေးရွာ၌ အရှည်ပေ ၁၃၀၀၊ အကျယ် ၁၄ ပေ၊ အမြင့်ရှစ်လက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်း၊ ဇလွဲကျေးရွာ၌ အရှည် ၂၂၃ ပေ၊ အကျယ် တစ်ပေ၊ အနက်တစ်ပေ ခြောက်လက်မရှိ အုတ်ရေမြောင်းတည်ဆောက်ခြင်း၊ လက်ပံတန်းကျေးရွာ၌ အလျားပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းနှင့် ရုံးကုန်းကြီးကျေးရွာ၌ အရှည်ပေ ၁၈၀၊ အကျယ် ရှစ်ပေ၊ အမြင့် ရှစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

သဲကုန်းမြို့နယ် ဘန့်ဘွေးကုန်း၊ ထန်းလက်ရှည်၊ ဇလွဲ၊ လက်ပံတန်းနှင့် ရုံးကုန်းကြီးကျေးရွာတို့၌ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုဗဟိုပြုစီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၈သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကျေးရွာငါးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လူမှုစီးပွားဘဝ ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက ပြောပြ၍ သိရသည်။

**သုတ**

# ခန္တီးမြို့နယ် ဟိန်စွန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်မှု စစ်ဆေး

**ခန္တီး ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟိန်စွန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခန္တီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြူဟန်နွဲ့နှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဟိန်စွန်းကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ မြေသားတင်၍ အမြင့်ကိုးလက်မ ချင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးလိုအပ်သည်များ မှာကြားသည်။

ဟိန်စွန်းကျေးရွာ၌ ကုန်ထုတ်လမ်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၂ ဒသမ ၄၈ သန်းဖြင့် ခေတ်သစ် ATS ကုမ္ပဏီက နိုဝင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးသွားပါက ဟိန်စွန်းကျေးရွာရှိ တောင်သူများ၏ လယ်ယာမြေဧက ၆၀၀ မှ ထွက်ရှိသောသီးနှံများကို ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဖြူဟန်နွဲ့က ပြောပြ၍ သိရသည်။

**အထွေး**

# ဧရာဝတီတိုင်းဒေသကြီးထွက် ငါးရံ့ခြောက်များ ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့နေရသဖြင့် အရောင်းအဝယ်ကောင်းနေ



**ပုသိမ် ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီးထွက် ငါးရံ့ခြောက်များ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့နေရသဖြင့် အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းနေကြောင်း ပုသိမ်မြို့မှ ငါးခြောက်ရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်မြတ်မော်ထံမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးထွက် ငါးရံ့ခြောက်များ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချမှုကို ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီရပ်ဆိုင်းခဲ့ရကြောင်း၊ အဆိုပါငါးရံ့ခြောက်များ တင်ပို့ရောင်းချမှုကို ယခုနှစ် နိုဝင်ဘာလမှစတင်၍ ရန်ကုန်မှတစ်ဆင့် တရုတ်၊ ထိုင်း၊ စင်ကာပူ ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချနေခြင်းကြောင့် လက်ရှိတွင် ရန်ကုန်ဈေးကွက်မှ ငါးရံ့ခြောက်များ ဝယ်ယူမှုအားကောင်းနေကြောင်း သိရသည်။

"ရန်ကုန်ကနေပြီးတော့ ဧရာဝတီတိုင်းဒေသကြီးထွက် ငါးရံ့ခြောက်ကိုမှာယူပြီး နိုင်ငံခြားထိတင်ပို့နေပါတယ်။ ဒါပေမဲ့ မနှစ်က တင်ပို့မှုရပ်ဆိုင်းခဲ့ရတယ်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကြောင့်ပါ။ အခုနှစ်တော့ ငါးရံ့ခြောက်ပြည်ပဈေးကွက်တင်ပို့ရောင်းချတဲ့လုပ်ငန်းကို နိုဝင်ဘာလကနေ စတင်လုပ်ကိုင်လျက်ရှိပါတယ်။ လက်ရှိရန်ကုန်ဈေးကွက်ကို ဧရာဝတီတိုင်းဒေသကြီးကနေထွက်တဲ့ ငါးခြောက်တန်ချိန် ၅၀ ထိ ငါးရက် တစ်ကြိမ်တင်ပို့ရောင်းချနေရပါတယ်။ အရင်နှစ်က ဈေးကွက်ပျက်တဲ့ထိဖြစ်ခဲ့တာမို့ အခုလို ပြန်လည်တင်ပို့ရတော့ အဆင်ပြေပါတယ်"ဟု ပုသိမ်မြို့မှ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်မြတ်မော်က ပြောပြသည်။

လက်ရှိ ဒေသငါးခြောက်ဈေးကွက်တွင် ငါးရံ့ခြောက်အကြီး တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၀၊ ငါးရံ့ခြောက်အလတ် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ ငါးရံ့ခြောက်အသေးတစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မူဆယ်ခရိုင်၌ စီမံကိန်းလုပ်ငန်းများဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲကျင်းပ

**မူဆယ် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးနှင့် လုပ်ငန်းခွင်တွင် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းများဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီ မိနစ် ၃၀ က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မူဆယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြများက စီမံကိန်းနှင့်ပတ်သက်သည့် လက်စွဲစာစောင်ပါညွှန်ကြားချက်များ၊ MIS စနစ်ဖြင့် Data ဖြည့်သွင်းနည်းများ၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုမည့် စီမံကိန်းငွေစာရင်းပုံစံများ ဖြည့်သွင်းနည်းများကို သင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းကို မူဆယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၁၂ ဦးတက်ရောက်ပြီး သင်တန်းတွင် စာတွေ့၊ လက်တွေ့ဖြင့် ယနေ့မှ ဒီဇင်ဘာ ၂၂ ရက်ထိ ၁၀ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မူဆယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြတ်ဆု**

# ပင်လောင်းမြို့နယ် ရေခေါင်းတိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်းဆိုင်ရာသင်တန်းဖွင့်လှစ်ပို့ချ

**ပင်လောင်း ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြင်းတွင်းကျေးရွာအုပ်စု ရေခေါင်းတိုကျေးရွာ၌ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်းဆိုင်ရာသင်တန်းကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းနည်းဆိုင်ရာသင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မေမိုးထိုက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းဇယားများဖြည့်သွင်းရာတွင် တိကျမှန်ကန်မှုရှိစေရေးအတွက် ကျေးရွာတွင်လအလိုက်ဖြည့်သွင်းရသည့် ငွေစာရင်းပုံစံများ၊ ရေးသွင်းထိန်းသိမ်းနည်းများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေခေါင်းတိုကျေးရွာမှ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ၁၁ ဦး တက်ရောက်ကြပြီး သင်တန်းတွင် စာတွေ့၊ လက်တွေ့ဖြင့် တစ်ရက်ကြာအခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက ပြောပြ၍ သိရသည်။

သင်တန်းဖွင့်ပွဲသို့ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်း၊ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မေမိုးထိုက်နှင့် တာဝန်ရှိသူများ၊ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**ချိုသန်းညွန့်**



# မြန်မာနိုင်ငံရှိ တစ်ခုတည်းသော တူရကီစစ်သင်္ချိုင်း

မောင်သာ(ရှေးဟောင်းသုတေသန)

လူ့အသက်ပေါင်းများစွာ ပျက်စီးခဲ့ရသည့် ကမ္ဘာစစ်ကြီးနှစ်ခု ပြီးဆုံးပြီးနောက် စစ်အတွင်းကျဆုံးခဲ့သည့် စစ်သည်များ၏ အထိမ်းအမှတ် ဂူဗိမာန်များကို ကမ္ဘာ့နိုင်ငံများ၌ တည်ဆောက်ခဲ့ကြသည်။ ထို့ကြောင့် ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံတွင် သေကျေ၊ ကျဆုံးခဲ့ကြသည့် ပြည်ပနိုင်ငံသား စစ်သည်များ၏ အထိမ်းအမှတ်အုတ်ဂူများထားရှိသည့် သင်္ချိုင်းများ ပေါ်ပေါက်လာခဲ့သည်။

၎င်းတို့အနက် ရန်ကုန်မြို့ရှိ ထောက်ကြန့် စစ်သင်္ချိုင်း၊ ရန်ကုန်စစ်သင်္ချိုင်းနှင့် သံဖြူဇရပ်မြို့ရှိ မဟာမိတ်စစ်သင်္ချိုင်းတို့သည် အလွန်ထင်ရှားကြကာ မကွေးတိုင်းဒေသကြီး သရက်မြို့ရှိ တူရကီစစ်သင်္ချိုင်းသည်လည်း ထင်ရှားခဲ့သည်။

**သရက်မြို့**

သရက်မြို့သည် ပုဂံခေတ်ကပင် စည်ပင်ထွန်းကားခဲ့ဟန်ရှိကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားကာ ပုဂံမင်းဆက် နောက်ဆုံးဘုရင်ဖြစ်သောကျော်စွာမင်းလက်ထက်တွင် သားတော် မင်းရှင်စောကို သရက်မြို့စားအဖြစ်ခန့်အပ်ခဲ့ကြောင်း ဖော်ပြထားသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင်တည်ရှိသည့် သရက်သည် ခရိုင်မြို့တစ်မြို့ဖြစ်သည်။

သရက်မြို့နယ်၏ အရှေ့ဘက်တွင် ဧရာဝတီမြစ်နှင့် အောင်လံမြို့နယ်၊ အနောက်ဘက်တွင် မင်းတုန်းမြို့နယ်၊ တောင်ဘက်တွင် ကံမမြို့နယ်၊ မြောက်ဘက်တွင် မင်းလှနှင့် ဆင်ပေါင်ဝဲမြို့နယ်တို့တည်ရှိသည်။ သရက်မြို့နယ်၏ အကျယ်အဝန်းသည် ၄၅၈ ဒသမ ၉၅ စတုရန်းမိုင်ဖြစ်၍ သရက်မြို့မှာမူ ၂ ဒသမ ၃၄၇ စတုရန်းမိုင်ကျယ်ဝန်းသည်။

တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၇၂ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနက သရက်မြို့နယ်ကို ရပ်ကွက် ရှစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ ကျေးရွာ ၁၅၈ ရွာဖြင့် ဖွဲ့စည်းခဲ့သည်။

ဧရာဝတီမြစ်သည် သရက်မြို့နယ်ကို ဖြတ်သန်းလျက် မြောက်ဘက်မှ တောင်ဘက်သို့စီးဆင်းနေသဖြင့် သရက်မြို့သို့ အောင်လံမြို့မှ ဧရာဝတီမြစ်အတိုင်း ရေယာဉ်ဖြင့် စုန်ဆင်းသွားရောက်နိုင်သည်။ ထို့အတူ ပြည်နဝဒေးတံတားကို ဖြတ်သန်း၍ဖြစ်စေ၊ ပုသိမ်-မုံရွာလမ်းအတိုင်းဖြစ်စေ မော်တော်ကားလမ်းဖြင့်လည်း သွားရောက်နိုင်ကြသည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ထုတ်ပြန်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အချက်အလက်များအရ သရက်မြို့နယ်၏ လူဦးရေသည် ၁၁၆၃၂၅ ဦးဖြစ်သည်။ သရက်မြို့နယ်ရှိ သမိုင်းဝင်အဆောက်အအုံများတွင် ရုံးရပ်ကွက်ရှိ သံတဲ၊ ပြည်တော်အေးရပ်ကွက်ရှိ ဂေါက်ကွင်းနှင့် စမ်းအိုင့်ကျေးရွာအုပ်စုရှိ တူရကီစစ်သင်္ချိုင်းတို့ပါဝင်သည်။

**မြန်မာနိုင်ငံရှိ မဟာမိတ်စစ်သင်္ချိုင်းများ**

၁၉၁၄ ခုနှစ်မှ ၁၉၁၈ ခုနှစ်အတွင်းဖြစ်ပွားခဲ့သည့် ပထမကမ္ဘာစစ်တွင် လူ ၁၇ သန်းသေဆုံးပြီး သန်း၂၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်းဖြစ်ပွားခဲ့သည့် ဒုတိယကမ္ဘာစစ်တွင် လူဦးရေ သန်း ၆၀ ကျော် သေကျေဒဏ်ရာရရှိခဲ့ကြသည်။ ကမ္ဘာအနှံ့စစ်မြေပြင်အသီးသီးတွင် စစ်သည်များသာမက အရပ်သားပြည်သူများပါ အသက်ဆုံးရှုံးခဲ့ကြရပြီးနောက် စစ်ပွဲကြီးများအပြီးတွင် စစ်၏ပြယုဂ်တစ်ခုအဖြစ် စစ်သင်္ချိုင်းများကို မြင်တွေ့ခဲ့ကြရသည်။

ကမ္ဘာစစ်ကြီးနှစ်ခုပြီးဆုံးပြီးနောက် မဟာမိတ်နိုင်ငံများသည် မဟာမိတ်စစ်သင်္ချိုင်းများကို တည်ဆောက်၍ ကျဆုံးခဲ့သည့်စစ်သည်များ၏ အထိမ်းအမှတ်အုတ်ဂူများကိုထားရှိခဲ့ကြသဖြင့် နှစ်ကာလကြာရှည်လာချိန်တွင် ၎င်းတို့သည်သမိုင်းဝင်အထိမ်းအမှတ်များအဖြစ် ထင်ရှားလာခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် ဗြိတိသျှတို့သည် ရန်ကုန်မြို့၌ စစ်သင်္ချိုင်းနှစ်ခုနှင့် သံဖြူဇရပ်မြို့၌ စစ်သင်္ချိုင်းတစ်ခုဖွင့်လှစ်ခဲ့သည်။ စမ်းချောင်းမြို့နယ်ရှိ ရန်ကုန်စစ်သင်္ချိုင်းကို ၁၉၄၅ ခုနှစ်တွင် ဖွင့်လှစ်၍ အထိမ်းအမှတ်အုတ်ဂူ ၁၃၈၁ ခုထားရှိခဲ့သည်။ မင်္ဂလာဒုံမြို့နယ်၌ ၁၉၅၁ ခုနှစ်တွင်ဖွင့်လှစ်ခဲ့သည့် ထောက်ကြန့်စစ်သင်္ချိုင်းတွင် ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်တို့အတွင်း မြန်မာနိုင်ငံ စစ်မြေပြင် အသီးသီးတွင် ကျဆုံးခဲ့သည့် မဟာမိတ်စစ်သည် ၆၃၇၄ ဦး၏ အထိမ်းအမှတ်အုတ်ဂူငယ်များကိုထားရှိသည်။ ထို့အတူ မွန်ပြည်နယ် သံဖြူဇရပ်မြို့၌ အထိမ်းအမှတ်အုတ်ဂူ ၃၇၇၁ ခုရှိသည့် မဟာမိတ်စစ်သင်္ချိုင်းကို ၁၉၄၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။




မြန်မာနိုင်ငံ၏ ပထမဆုံးမဟာမိတ်သင်္ချိုင်းဖြစ်သည့် ရန်ကုန်စစ်သင်္ချိုင်းကို စမ်းချောင်းမြို့နယ်၊ ယခု ဟံသာဝတီအဝိုင်းအနီးတွင် ၁၉၄၅ ခုနှစ်က ဖွင့်လှစ်ခဲ့သည်။ ဗြိတိသျှတို့သည် ၁၉၄၅ ခုနှစ် မေလတွင် ရန်ကုန်မြို့ကို ဂျပန်များလက်အောက်မှ ပြန်လည်ရယူခဲ့ပြီးနောက် ၎င်းနေရာကို သင်္ချိုင်းအဖြစ် စတင်အသုံးပြုခဲ့သည်။ ရန်ကုန်ထောင်အတွင်း ကွယ်လွန်ခဲ့သည့် မဟာမိတ်စစ်သုံ့ပန်းများနှင့် ရန်ကုန်မြို့နှင့်အနီးဝန်းကျင်နေရာများတွင် မြှုပ်နှံခဲ့သည့် မဟာမိတ်စစ်သည်အလောင်းများကို ရန်ကုန်စစ်သင်္ချိုင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ပထမကမ္ဘာစစ်အတွင်း ရန်ကုန်မြို့တွင် သေဆုံးခဲ့ပြီး ရန်ကုန်တပ်မြေသင်္ချိုင်းတွင် မြှုပ်နှံခဲ့သည့် မဟာမိတ်စစ်သည် ၃၅ ဦးနှင့် ပုဇွန်တောင်တွင်မြှုပ်နှံခဲ့သူတစ်ဦးကို ၁၉၄၈ ခုနှစ်တွင် ရန်ကုန်သင်္ချိုင်းသို့ ထပ်မံပြောင်းရွှေ့ခဲ့သည်။ ရန်ကုန်စစ်သင်္ချိုင်းရှိ အထိမ်းအမှတ်အုတ်ဂူ ၁၃၈၁ ခု အနက် ၈၆ ခုသည် အမည်မှတ်တမ်းမရှိချေ။

သံဖြူဇရပ်စစ်သင်္ချိုင်းသည် ၂၅ ဧက ကျော်ကျယ်ဝန်း၍ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကို ဆက်သွယ်သည့် သေမင်းတမန်ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းတွင် သေဆုံးခဲ့သည့် မဟာမိတ်စစ်သည် ၃၁၄၉ ဦးနှင့် ဒတ်ချ်စစ်သည် ၆၂၁ ဦးတို့၏ အထိမ်းအမှတ်အုတ်ဂူများကို ထားရှိသည်။ သံဖြူဇရပ်စစ်သင်္ချိုင်းကို ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ဘုရင်ခံဆာဟူးဘရန့်တို့က ဖွင့်လှစ်ခဲ့သည်။

ဂျပန်နိုင်ငံသည် မြန်မာ-ထိုင်းနှစ်နိုင်ငံနယ်စပ်ကို ဖြတ်ကျော်၍ မိုင် ၂၅၀ ကျော်ရှည်သည့် မီးရထားလမ်းကို ၁၉၄၂ ခုနှစ် အောက်တိုဘာလတွင် စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၄၃ ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးခဲ့သည်။ မီးရထားလမ်းသည် မြန်မာနိုင်ငံ သံဖြူဇရပ်မြို့မှစတင်၍ ထိုင်းနိုင်ငံ ဘန်ပေါင်းတွင် အဆုံးသတ်ခဲ့ရာ မြန်မာနိုင်ငံဘက်ခြမ်းတွင် မိုင် ၇၀ ကျော်ရှည်လျားသည်။

ရထားလမ်းဖောက်လုပ်ခဲ့စဉ် မြန်မာပြည်သူများနှင့် စစ်သုံ့ပန်းများစွာ အသက်ဆုံးရှုံးခဲ့သဖြင့် သေမင်းတမန်ရထားလမ်းဟု အမည်တွင်ခဲ့သည်။ ရထားလမ်းဖောက်လုပ်စဉ် အစာအာဟာရ မပြည့်စုံမှု၊ ရာသီဥတုဆိုးရွားမှု၊ ကျန်းမာရေးစောင့်ရှောက်မှု မရရှိမှု၊ ဖက်ဆစ်များ၏ ညှဉ်းပန်းမှုကြောင့် မြန်မာတိုင်းရင်းသားဦးရေ ၈၀၀၀၀ ကျော်နှင့် မဟာမိတ်တပ်သား ၁၃၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီး သေဆုံးသူများကို ရထားလမ်းတစ်လျှောက် မြှုပ်နှံခဲ့သည်ဟု စစ်သင်္ချိုင်းများ မှတ်တမ်းတွင်ရေးသားထားသည်။ သေမင်းတမန်ရထားလမ်းတစ်မိုင်လျှင် မဟာမိတ်စစ်သုံ့ပန်း ၄၇ ဦးနှင့် အာရှတိုက်သားချွေးတပ်အလုပ်သမား ၃၄၆ ဦး သေဆုံးခဲ့ရကြောင်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်းပြုစုခဲ့သူ စာရေးဆရာလင်းယုန်သစ်လွင်က မှတ်တမ်းပြုခဲ့သည်။

ထောက်ကြန့်စစ်သင်္ချိုင်းသည် ရန်ကုန်-ပြည်ကားလမ်းမ၏အရှေ့ဘက်ခြမ်း မင်္ဂလာဒုံမြို့နယ်တွင် တည်ရှိပြီး ရန်ကုန်မြို့မှ မြောက်ဘက်သို့ ၂၅ ကီလိုမီတာ(၁၆ မိုင်) ကွာဝေးသည်။ ထောက်ကြန့်မဟာမိတ်စစ်သင်္ချိုင်းကို ၁၉၅၁ ခုနှစ်တွင် စတင်အသုံးပြုခဲ့ပြီး ၁၉၅၈ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ဝန်ကြီးချုပ်ဦးနုနှင့် ဗိုလ်မှူးကြီး ဖရန့်စစ်ဖက်စ်တင်းက ဖွင့်လှစ်ပေးခဲ့သည်။

ထောက်ကြန့်စစ်သင်္ချိုင်းတွင် ပထမကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ၌ကျဆုံးခဲ့သည့် မဟာမိတ်စစ်သည် ၅၂ ဦးနှင့် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည့် စစ်သည် ၆၃၂၂ ဦး စုစုပေါင်း ၆၃၇၄ ဦးတို့၏ အထိမ်းအမှတ်အုတ်ဂူများကို ထားရှိသည်။ ၎င်းတို့အနက် အိန္ဒိယလူမျိုးစစ်သည် ၁၈၁၉ ဦး ပါဝင်ပြီး ၈၆၇ ဦး၏ အမည်ကို ဖော်ပြနိုင်ခြင်းမရှိချေ။ ထူးခြားမှုအနေဖြင့် ၁၉၄၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် ကျဆုံးခဲ့သည့် မြန်မာအင်ဂျင်နီယာတပ်(BURMA SAPPER & MINERS)မှ အသက် ၃၁ နှစ် အရွယ် ဗိုလ်ကြီးစိန်ထွန်း၏ အမှတ်တရအုတ်ဂူကို မြင်တွေ့ရပေသည်။

ထောက်ကြန့်စစ်သင်္ချိုင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် Rangoon Memorial ကို အမှတ်တရဂူငယ်များ၏ အနောက်ဘက်ဆုံးတွင် မြင်တွေ့ကြရသည်။ Rangoon Memorial ၏ စက်ဝိုင်းပုံ ပင်မအဆောက်အအုံတစ်ဖက်စီတွင် ကျောက်တိုင် ၅၆ တိုင်စီ စိုက်ထူ၍ ၎င်းကျောက်တိုင် ၁၁၂ ခု၏ မျက်နှာနှစ်ဖက်စီပေါ်တွင် မြန်မာနိုင်ငံ စစ်မြေပြင်များ၌ ကျဆုံးခဲ့သော စစ်သည် ၂၆၉၄၉ ဦး၏ အမည်များကို ရေးထိုးထားသည်။

ထောက်ကြန့်မဟာမိတ်စစ်သင်္ချိုင်းသည် အာရှစစ်ဘက်ဆိုင်ရာ အမှတ်တရနေရာများတွင် လာရောက်ကြည့်ရှုသူ အများဆုံးနေရာတစ်ခုအဖြစ် နိုင်ငံတကာတွင် Taukkyan War Cemetery ဟု ထင်ရှားခဲ့သည်။

**တူရကီစစ်သင်္ချိုင်း**

ပထမကမ္ဘာစစ်အတွင်းက အီရတ်၊ ပါလက်စတိုင်း၊ ဆီးရီးယားနှင့် အာရေဗျစစ်မြေပြင်တို့တွင် ဗြိတိသျှတို့သည် အော်တိုမန်အင်ပါယာနိုင်ငံများနှင့် စစ်ဖြစ်ခဲ့ကာ စစ်ပွဲအပြီး၌ အော်တိုမန်အင်ပါယာ စစ်သုံ့ပန်းများကို မြန်မာနိုင်ငံသို့ခေါ်ဆောင်ခဲ့ပြီး မိတ္ထီလာနှင့်သရက်မြို့တို့တွင် ထိန်းသိမ်းထားရှိခဲ့သည်။ ၎င်းတို့အနက် တူရကီ စစ်သုံ့ပန်းများသည် ဦးရေထောင်နှင့်ချီ၍ပါဝင်ခဲ့ပြီး စစ်ကြီးပြီးဆုံးချိန်တွင် အသက်ရှင်ကျန်ရှိနေသူများသည် မိခင်နိုင်ငံသို့ ပြန်သွားနိုင်ခဲ့ကြသည်။

သေဆုံးခဲ့သူများကို မိတ္ထီလာနှင့်သရက်မြို့တို့တွင် မြှုပ်နှံခဲ့ရာ မိတ္ထီလာ စစ်သင်္ချိုင်းသည် မိတ္ထီလာကန်အနီးတွင်ရှိခဲ့ပြီး ယခုအခါပျက်စီးသွားခဲ့ပြီဖြစ်ကာ သရက်စစ်သင်္ချိုင်းမှာမူ ထင်ရှားစွာကျန်ရှိနေသည်။ ပထမကမ္ဘာစစ်အတွင်းက ဗြိတိသျှများက မြန်မာနိုင်ငံသို့ပို့ထားသည့် စစ်သုံ့ပန်းဦးရေ ၁၂၀၀၀ ရှိခဲ့ရာ ၁၉၁၇ ခုနှစ်တွင် သရက်မြို့၌ စစ်သုံ့ပန်းဦးရေ ၃၅၀၀ ဦးရှိခဲ့သည်။ ၎င်းတို့အနက် အများစုသည် တူရကီလူမျိုးများဖြစ်ကြပြီး အကြောင်းအမျိုးမျိုးကြောင့် သေဆုံးသူဦးရေ ၁၀၀၀ ကျော်ရှိခဲ့သည်။ သရက်မြို့ တူရကီစစ်သင်္ချိုင်းတွင် စစ်သည်တစ်ဦးချင်းစီ၏ အမည်များ ရေးထိုးထားသည့်အထိမ်းအမှတ်အုတ်ဂူ ၂၂၂ ခု ကို မြင်တွေ့ကြရသည်။

သရက်မြို့ တူရကီစစ်သင်္ချိုင်းကို ၂၀၁၂ ခုနှစ်တွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများစတင်ပြုလုပ်၍ တံတိုင်းနှင့်အထိမ်းအမှတ်အုတ်ဂူများကို အဖြူရောင်စကျင်ကျောက်များဖြင့် ပြုလုပ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇွန်လ ၁၄ ရက်တွင် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိခဲ့သည့် တူရကီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr.Mevlut Cavusoglu က ဖွင့်လှစ်ပေးခဲ့သည်။

အထိမ်းအမှတ်အုတ်ဂူများ၏အလယ်တွင် စိုက်ထူထားသည့် အဖြူရောင် လေးထောင့်ကျောက်တိုင်တွင် "ပထမကမ္ဘာစစ်အတွင်း အီရတ်၊ ပါလက်စတိုင်း၊ ဆီးရီးယားနှင့် အာရေဗျစစ်မြေပြင်တို့တွင် အော်တိုမန်တပ်မတော်နှင့် ဗြိတိသျှတပ်မတော်တို့၏ တိုက်ပွဲများအတွင်း မြန်မာနိုင်ငံသို့ စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရ၍ ဤနေရာတွင် ကျဆုံးခဲ့သော တူရကီစစ်သားများနှင့် အစိုးရအမှုထမ်းများအား အောက်မေ့သတိရခြင်းအထိမ်းအမှတ်"ဟု မြန်မာ၊ အင်္ဂလိပ်၊ တူရကီဘာသာတို့ဖြင့် ရေးထိုးထားသည်။


ပထမကမ္ဘာစစ်အတွင်းက သရက်မြို့သို့ ပို့ဆောင်ခံခဲ့ရသည့် တူရကီ စစ်သုံ့ပန်းများသည် ဧရာဝတီမြစ်ရေထိန်းနံရံတည်ဆောက်ခြင်းနှင့် လမ်းဖောက်လုပ်ခြင်းတို့တွင် အလုပ်လုပ်ခဲ့ကြရသည်ဟုဆိုသည်။ သရက်မြို့တွင် တူရကီစစ်သုံ့ပန်းများနေထိုင်ခဲ့သည့် ယခုပြည်တော်အေးရပ်ကွက်နေရာကို ယခင်က ဂေါ်ယာဈေးဟု ခေါ်ဆိုခဲ့သည်။

စစ်သင်္ချိုင်းများသည် စစ်၏အနိဋ္ဌာရုံလက္ခဏာတစ်ရပ်ဖြစ်သကဲ့သို့ ကမ္ဘာစစ်ကြီးနှစ်ခု၏ သမိုင်းအထောက်အထားများဟုလည်း ဆိုနိုင်ပေသည်။ ထို့ကြောင့် သရက်မြို့ တူရကီစစ်သင်္ချိုင်းသည် စစ်၏သင်္ကေတတစ်ခုအဖြစ်အပြင် မြန်မာ-တူရကီနှစ်နိုင်ငံအတွက် သမိုင်းသက်သေတစ်ရပ်အဖြစ်ပါ ထင်ရှားစွာ တည်ရှိနေပေသည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်း အတွဲ(၁၅)
- သရက်မြို့ ဆိုင်ရာ အချက်အလက်များ (ပြည်ထဲရေးဝန်ကြီးဌာန)
- ထိုင်း-မြန်မာမီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း(လင်းယုန်သစ်လွင်)

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အာလူး ၃၇၂၆ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အာလူး ၃၇၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် အာလူးဧက ၅၆၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍စိုက်ပျိုးခဲ့ရာ ဒီဇင်ဘာ ၁၂ ရက်ထိ ၃၇၂၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အာလူးစိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၆၀၅ ဧက၊ ခန္တီးခရိုင်တွင် ၁၂၅ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၁၃၆ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ၂၉၄ ဧက၊ ကလေးခရိုင်တွင် ၁၄၈ ဧက၊ တမူးခရိုင်တွင် ၅၆၅ ဧက၊ ရွှေဘိုခရိုင်တွင် ၁၄၄၂ ဧက၊ ရေဦးခရိုင်တွင် ဧက ၂၅၀၊ ကသာခရိုင်တွင် ၁၂၉ ဧက၊ ကောလင်းခရိုင်တွင် ၃၂ ဧက စုစုပေါင်း ၃၇၂၆ ဧကဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ အာလူးကို ဆောင်းတွင်းမှာစိုက်ကြတယ်။ စီးပွားဖြစ်စိုက်ပျိုးတာ ရှိပါတယ်။ အာလူးကို ဈေးကွက်အရ စိုက်တာလဲရှိတယ်။ မိရိုးဖလာအရ စိုက်တာတွေလဲရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအနေနဲ့ အာလူးစိုက်ဧက အများအပြား မဟုတ်ပေမဲ့ အများစုကြိုက်နှစ်သက်တဲ့ သီးနှံဖြစ်တော့ စိုက်ဧကအနေနဲ့ ပုံမှန်ပါပဲ။ တအားကြီးတိုးချဲ့တာ မရှိပါဘူး။ ရှမ်းပြည်နယ်ကနေ ဝင်လာတဲ့ အာလူးတွေလဲ ရှိပါတယ်။ အာလူးစိုက်ဖို့အတွက် အာလူးစိုက်တောင်သူတွေကို သက်ဆိုင်ရာဌာနတွေက လိုအပ်တဲ့ သွင်းအားစုတွေလဲပံ့ပိုးပေးပါတယ်။ စိုက်နည်းစနစ်တွေလဲ ပညာပေးပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် အာလူးစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၆၅၁ ဧက၊ တမူးခရိုင်တွင် ဧက ၆၂၀၊ ကလေးခရိုင်တွင် ၁၄၅ ဧက၊ ခန္တီးခရိုင်တွင် ဧက ၉၀၊ ဟုမ္မလင်းခရိုင်တွင် ၁၇၂ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၄၁၁ ဧက၊ ရွှေဘိုခရိုင်တွင် ၁၉၈၈ ဧက၊ ရေဦးခရိုင်တွင် ဧက ၂၅၀၊ စစ်ကိုင်းခရိုင်တွင် ၄၇၉ ဧက၊ ကသာခရိုင်တွင် ၆၈၅ ဧက၊ ကောလင်းခရိုင်တွင် ၁၅၉ ဧက စုစုပေါင်းဧက ၅၆၅၀ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။ (၂၀၆)



ယခင်နှစ်က စိုက်ပျိုးထားသည့် အာလူးစိုက်ခင်းကို တွေ့ရစဉ်။

# လွိုင်လင်မြို့နယ် ပန်ဝိုးကျေးရွာ၌ ဝါးအချောထည်ပြုလုပ်နည်းသင်တန်းဖွင့်

**လွိုင်လင် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးအချောထည်ပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက ပန်ဝိုးကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လွိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်မင်းထိုက်က မိမိတို့ ဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ယခုလို အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များ၊ သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါသင်တန်းသို့ လွိုင်လင်မြို့နယ်အတွင်းရှိ ပန်ဝိုးကျေးရွာ၊ မတ်လန်းကျေးရွာ၊ ဝါးတောကျေးရွာနှင့် နောင်ကောကျေးရွာတို့မှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ပက်လက်ကုလားထိုင်၊ ပလိုင်း၊ တောင်း၊ ဆန်ကော၊ စားပွဲ၊ ခမောက်၊ ဘောပင်ခွက် ပြုလုပ်နည်း စသည့်သင်ခန်းစာများကို ကျွမ်းကျင်ဆရာနှစ်ဦးက ဒီဇင်ဘာ ၁၂ ရက်မှ ဒီဇင်ဘာ ၂၆ ရက်ထိ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်မင်းထိုက်ထံမှ သိရသည်။ **မောင်ခိုင်**

# သူ့လမ်း ကိုယ့်လမ်း

\- သူကလေ အငြိုးထား
အဆိုးပွားဖို့ ကြံစည်နေ၊
ကိုယ့်ဘာသာ ကောင်းအောင်လုပ်
ကောင်းသရုပ်ဖွေ၊
သူဆိုးလည်း ဆိုးပါစေ
ငြိုးတာတွေ ကိုယ့်မရှိ၊
ကိုယ့်စိတ်ဖြူဖြူနဲ့
သည်ဇမ္ဗူ မေတ္တာပန်းတွေ
လွှမ်းစေချင်မိ။

\- သူကလေ မကောင်းကြည့်
မကောင်းသည့် စိတ်မွေးမြူ၊
ကိုယ့်ဘာသာ ကောင်းစိတ်မွေး
ကောင်းတွေးကြည်ဖြူ၊
ကောင်းသူနဲ့ မကောင်းသူ
သောင်းဇမ္ဗူ သက်သေထား၊
ကံကိုယ်စီ လောကစခန်းမှာ
ကိုယ့်လမ်းကိုယ်သွား။

\- ယုတ်ညံ့သူ ရှုမအားပါဘူး
သူ့အမှား သူသာခံ၊
ကိုယ်ကောင်းရင် ကိုယ့်စရိုက်နဲ့
ကိုယ်ထိုက်တော့စံ၊
ယှဉ်တုဖို့ ဘယ်မတန်
သံသရာ ဘဝခရီး၊
သွား အပြန် ဖော်မပါဘူး
ကိုယ်ပျော်ရာ ကိုယ့်အလုပ်နဲ့
ကိုယ့်အထုပ်ကို ကိုယ်သာမလို့
အို . . .
လျှောက်ရသူချည်း။ ။

**လွမ်းလေးကို(သရက်)**

# သရက်မြို့နယ် ညောင်ဝိုင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**သရက် ဒီဇင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ဝိုင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုန်ထုတ်လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ညောင်ဝိုင်းကျေးရွာ ကုန်ထုတ်လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်း၊ အရှည် ၁၈ ပေ၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်ပေရှိ Box Culvert တံတားတစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံငွေကျပ် ၄၃ ဒသမ ၃၃ သန်းဖြင့် တင်ဒါအောင်မြင်သောပြည့်ဟိန်းကုမ္ပဏီက ယခုနှစ် အောက်တိုဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ငြိမ်းသူ(စလင်း)**

# နိုင်ငံတကာ သတင်းများ

## နှစ်ကုန်သတင်းစာရှင်းလင်းပွဲ ကျင်းပရန် ရုရှားသမ္မတပူတင် အစီအစဉ်မရှိဟုဆို

**မော်စကို ဒီဇင်ဘာ ၁၃**

ရုရှားသမ္မတ ပူတင်သည် အစဉ်အလာအတိုင်း ကျင်းပမြဲဖြစ်သော နှစ်ကုန်သတင်းစာရှင်းလင်းပွဲကို ယခုလကုန်တွင် ကျင်းပတော့မည်မဟုတ်ကြောင်း ရိုက်တာသတင်းဌာနက ဒီဇင်ဘာ ၁၂ ရက်တွင် ဖော်ပြခဲ့သည်။

၂၀၂၃ ခုနှစ် နှစ်သစ်မတိုင်မီ သမ္မတ ပူတင်အနေဖြင့် သတင်းစာရှင်းလင်းပွဲပြုလုပ်ရန် အစီအစဉ်မရှိကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ဒီဇင်ဘာ ၁၂ ရက်တွင် အတည်ပြုကြေညာခဲ့သည်။

သို့သော် သမ္မတပူတင်အနေဖြင့် သတင်းထောက်များနှင့် ထိတွေ့ချိတ်ဆက်ရေးအတွက် အခြားနည်းလမ်းများ ရှာဖွေမည်ဖြစ်ကြောင်း ဒီမီထရီပက်စကော့ဗ်က ပြောကြားခဲ့သည်။

ရုရှားသမ္မတ ပူတင်သည် ကာဂျစ်စတန်နိုင်ငံ ဘစ်ရှ်ကက်မြို့၌ ဒီဇင်ဘာ ၉ ရက်က ရောက်ရှိခဲ့စဉ်ကလည်း သတင်းထောက်များ၏ မေးခွန်းများကို တုံ့ပြန်ဖြေကြားခဲ့သည်။

သမ္မတပူတင် အနေဖြင့် ယခုနှစ်တွင် နှစ်ကုန်သတင်းစာရှင်းလင်းပွဲကျင်းပရန် စီစဉ်ထားခြင်းမရှိသော်လည်း ရုရှားအောက်လွှတ်တော်နှင့် အထက်လွှတ်တော် နှစ်ရပ်စလုံး၌ နိုင်ငံတော်အခြေပြ မိန့်ခွန်းတစ်ရပ် ပြောကြားဖွယ်ရှိကြောင်း သိရသည်။

သမ္မတပူတင်၏ နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားမည့်နေ့ကို အစိုးရတာဝန်ရှိသူများက နောက်ပိုင်းတွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ပြောကြားခဲ့ကြောင်း သိရသည်။ KKO

## တရုတ်နှင့် အိန္ဒိယနစ်နိုင်ငံတပ်များ ဟိမဝန္တာနယ်စပ်၌ ရန်ပွဲဖြစ်ပွား

**ဒေလီ ဒီဇင်ဘာ ၁၃**

ပိုင်ဆိုင်ခွင့်အငြင်းပွားဟိမဝန္တာနယ်စပ်ဒေသတစ်နေရာ၌ ဒီဇင်ဘာ ၉ ရက်က တရုတ်နှင့် အိန္ဒိယတပ်ဖွဲ့ဝင်များကြား နယ်စပ်ရန်ပွဲဖြစ်ပွားခဲ့ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ နယ်စပ်ရန်ပွဲသည် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း အိန္ဒိယနှင့်တရုတ် နှစ်ဖက်တပ်ဖွဲ့များကြား ပထမဆုံးဖြစ်ပွားခဲ့သည့် နယ်စပ်ရန်ပွဲဖြစ်သည်။

ဒီဇင်ဘာ ၉ ရက် နယ်စပ်ရန်ပွဲသည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အရုဏာချယ်လ်ပရာဒေ့ရှ်ပြည်နယ်နယ်မြေ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နှစ်ဖက်တပ်ဖွဲ့ဝင်များ ဒဏ်ရာများရခဲ့ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါနယ်မြေသည် တရုတ်နိုင်ငံတောင်ပိုင်းနှင့် နယ်မြေချင်းထိစပ်နေပြီး တရုတ်နိုင်ငံကလည်း ပိုင်ဆိုင်ခွင့် တောင်းဆိုထားသည့် နယ်မြေဖြစ်သည်။

တရုတ် တပ်ဖွဲ့ဝင်များသည် ၎င်းတို့ပိုင်နက် ယန်ဆီးနယ်မြေ၌ နယ်စပ်ထိန်းချုပ်ရေးမျဉ်း(အယ်လ်အေစီ)ကို ချိုးဖောက်ဝင်ရောက်လာခြင်းဖြင့် ရှိရင်းစွဲအနေအထားကို ပြောင်းလဲရန် ကြိုးစားခဲ့ကြောင်း အိန္ဒိယ ကာကွယ်ရေးဝန်ကြီးဌာနကြေညာချက်၌ ဖော်ပြထားသည်။

၂၀၂၀ ပြည့်နှစ်ဇွန်လက ပိုင်ဆိုင်ခွင့်အငြင်းပွား ဟိမဝန္တာနယ်စပ် လာဒက်ခ်နယ်မြေ ဂယ်လ်ဝန်တောင်ကြားဒေသ၌ တရုတ်နှင့် အိန္ဒိယတပ်များကြား ရန်ပွဲဖြစ်ပွားခဲ့ဖူးရာ အိန္ဒိယတပ်ဖွဲ့ဝင် ဦးရေ ၂၀ နှင့် တရုတ်တပ်ဖွဲ့ဝင် လေးဦး သေဆုံးခဲ့ရကြောင်း သိရသည်။

KKO



## ရုရှားသမ္မတနှင့် တရုတ်သမ္မတတို့ ယခုလကုန်ပိုင်းတွင် ဆွေးနွေးပွဲကျင်းပမည်



**မော်စကို ဒီဇင်ဘာ ၁၃**

ရုရှားသမ္မတ ပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ယခုလကုန်ပိုင်းတွင် ဆွေးနွေးပွဲကျင်းပမည်ဖြစ်ကြောင်း ရုရှားမီဒီယာများကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားသမ္မတ ပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့အနေဖြင့် ယခုလကုန်ပိုင်းတွင် ၂၀၂၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များနှင့်ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ကြောင်း ရုရှားအခြေစိုက် ဗီဒိုမိုစတီစီးပွားရေးသတင်းစာက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဆွေးနွေးပွဲ ကျင်းပမည့်နေ့နှင့် ဆွေးနွေးမည့် အစီအစဉ်များကို လက်ရှိတွင် သိထားပြီးဖြစ်သော်လည်း နောက်ပိုင်းမှသာ တရားဝင်ကြေညာမည်ဖြစ်ကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ဗီဒိုမိုစတီသတင်းစာသို့ ထုတ်ဖော်ပြောကြားထားသည်။

သို့သော် သမ္မတပူတင်နှင့် သမ္မတရှီကျင့်ဖျင်တို့ကြားဆွေးနွေးပွဲသည် လူကိုယ်တိုင်ကိုယ်ကျမျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးပွဲဖြစ်နိုင်ခြေမရှိကြောင်း ရုရှားအစိုးရသတင်းအရင်းအမြစ်များ၏ အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် သမ္မတပူတင်နှင့် သမ္မတရှီကျင့်ဖျင်တို့၏ဆွေးနွေးပွဲအတွက် နှစ်နိုင်ငံတာဝန်ရှိသူများ ညှိနှိုင်း စီစဉ်နေကြဆဲဖြစ်ကြောင်း ရုရှားအစိုးရ သတင်းအရင်းအမြစ်များက ဗီဒိုမိုစတီသတင်းစာသို့ ပြောကြားထားသည်။

ရုရှားနိုင်ငံသည် ယူကရိန်းပြဿနာကြောင့် အနောက်အုပ်စုနှင့် ဆက်ဆံရေးတင်းမာခဲ့ရပြီးနောက်တရုတ်နိုင်ငံနှင့်မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးကို ပိုမိုမြှင့်တင်လျက်ရှိကြောင်း သိရသည်။ KKO

## ဘရာဇီး၌ ဘော်လ်ဆိုနာရို ထောက်ခံသူဆန္ဒပြသမားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကြား ပဋိပက္ခဖြစ်ပွား

**ဘရာဇီးလီးယား ဒီဇင်ဘာ ၁၃**

ဘရာဇီးသမ္မတ ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ရသည့် လက်ရှိသမ္မတ ဘော်လ်ဆိုနာရိုကို ထောက်ခံသူဆန္ဒပြသမားများသည်ဒီဇင်ဘာ ၁၂ ရက်က ဘရာဇီးလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဘရာဇီးလီးယားမြို့၌ ပဋိပက္ခများ ဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



ဘော်လ်ဆိုနာရိုကို ထောက်ခံသည့်ဆန္ဒပြသမားများသည် ဘရာဇီးလီးယားမြို့ ဖက်ဒရယ်ရဲတပ်ဖွဲ့ဌာနချုပ်အတွင်းသို့ ဝင်ရောက်ရန်ကြိုးစားခဲ့ရာလုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း တုံ့ပြန်လူစုခွဲခဲ့ကြသည်။

ဘရာဇီးလီးယားမြို့ ဖက်ဒရယ်ရဲတပ်ဖွဲ့ဌာနချုပ်အနီး ဖြစ်ပွားနေသည့်ဆူပူမှုများကို မြို့လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် ကိုင်တွယ် ထိန်းချုပ်နေကြောင်း ဘရာဇီးရဲတပ်ဖွဲ့ကသတင်းထုတ်ပြန်ထားသည်။

အောက်တိုဘာ ၃၀ရက် ဘရာဇီးသမ္မတရွေးကောက်ပွဲဒုတိယအကျော့ရလဒ်ကို ဘရာဇီးဖက်ဒရယ် ရွေးကောက်ပွဲတရားရုံးက အတည်ပြုလိုက်သည့်နေ့မှာပင်ဘော်လ်ဆိုနာရိုကို ထောက်ခံသူများက ဘရာဇီးလီးယားမြို့တွင် ဆူပူခဲ့ကြခြင်းဖြစ်သည်။

အောက်တိုဘာ ၃၀ ရက် ဘရာဇီး ရွေးကောက်ပွဲ ဒုတိယအကျော့တွင် သမ္မတ ဘော်လ်ဆိုနာရိုအနေဖြင့် ပြိုင်ဘက်သမ္မတလောင်း လက်ဝဲဝါဒီ လူလာဒါဆေးလ်ဗားကို ရှုံးနိမ့်ခဲ့ရပြီးနောက် ဘော်လ်ဆိုနာရိုထောက်ခံသူများက ရွေးကောက်ပွဲရလဒ်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြကြောင်း သိရသည်။

ဘရာဇီးလီးယားမြို့၌ ဖြစ်ပွားခဲ့သော အဓိကရုဏ်းများတွင် ဘော်လ်ဆိုနာရို ထောက်ခံသူများသည် ဖက်ဒရယ်ရဲတပ်ဖွဲ့ဌာနချုပ်အနီးရှိ မော်တော်ယာဉ်များကိုလည်း မီးရှို့ခဲ့ကြကြောင်းသိရသည်။KKO

## နယူးဇီလန်စစ်ဘက်က အိုရီယွန်ကင်းလှည့်လေယာဉ်များကို သတ်မှတ်ချိန်ထက် ငါးလစော၍ အနားပေးရန်စီစဉ်

**ဝယ်လင်တန် ဒီဇင်ဘာ ၁၃**

လူအင်အား မလုံလောက်မှုကြောင့် ပီ-၃ ကေ၂ အမျိုးအစား အိုရီယွန် ရေကြောင်းကင်းလှည့်လေယာဉ်ငါးစင်းကို သတ်မှတ်ချိန်ထက်စော၍ အနားပေးရန် နယူးဇီလန်စစ်ဘက်က စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်ငါးစင်းကို သတ်မှတ်ချိန်ထက်စော၍ အနားပေးမည်ဆိုပါက ရှာဖွေကယ်ဆယ်ရေးနှင့် ကင်းလှည့်လုပ်ငန်းများလုပ်ရန်နယူးဇီလန်အတွက် အနည်းဆုံး ၂၀၂၃ ခုနှစ် ဇူလိုင်လထိ လေယာဉ်အနည်းငယ်မျှသာ ကျန်ရှိတော့မည်ဖြစ်သည်။

နယူးဇီလန် စစ်ဘက်သည် အိုရီယွန် ကင်းလှည့်လေယာဉ်များကို ဘိုးအင်းကုမ္ပဏီ၏ ပီ-၈အေပိုဆီဒွန်အမျိုးအစား ရေကြောင်းကင်းလှည့် လေယာဉ်သစ်များဖြင့် အစားထိုးရန် စီစဉ်ထားကြောင်း သိရသည်။

နယူးဇီလန်က အမေရိကန်နိုင်ငံမှ မှာယူထားသည့်အဆိုပါလေယာဉ်သစ်များအနက် ပထမအသုတ်မှာ ယနေ့တွင် ရောက်ရှိလာပြီဖြစ်ပြီး ကျန်လေယာဉ်များမှာ ၂၀၂၃ ခုနှစ် နှစ်လယ်ပိုင်းတွင် ရောက်ရှိမည်ဖြစ်သည်။

သို့သော် နယူးဇီလန်စစ်ဘက်၏ လူအင်အားကျဆင်းမှုနှုန်းမှာ မြင့်မားနေခြင်းကြောင့် လေယာဉ်သစ်များ စတင်သုံးစွဲနိုင်ရေးအတွက် ပြင်ဆင်နေရချိန်တွင် အိုရီယွန်လေယာဉ်များအား အနားပေးရတော့မည်ဖြစ်ကြောင်း နယူးဇီလန်စစ်ဘက်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် နယူးဇီလန်စစ်ဘက်သည် လူအင်အား မလုံလောက်မှုပြဿနာကြောင့် ရေတပ်သင်္ဘောကိုးစီးအနက် သုံးစီးကိုလည်း ကမ်းကပ်ထားရကြောင်း သိရသည်။

KKO

# ရုရှားနိုင်ငံ နျူကလီးယားရေငုပ်သင်္ဘောများ၏စွမ်းအား

မျိုးခိုင်(ရေနံချောင်း)



ရုရှားလေတပ် Il-80 Doomsday လေယာဉ်သည် အထူးဒီဇိုင်းထုတ်ထားသောအင်တာနာကို အသုံးပြု၍ ရေငုပ်နေသော မဟာဗျူဟာမြောက် ဒုံးကျည်တင် ရေငုပ်သင်္ဘောများနှင့် အောင်မြင်စွာဆက်သွယ်နိုင်ခဲ့ကြောင်း မီဒီယာများက ဖော်ပြခဲ့ကြသည့် ရုရှားနျူကလီးယားသုံး ရေတပ်ဆိုင်ရာသတင်းများ ပြီးခဲ့သည့်သီတင်းပတ်က ထွက်ပေါ်ခဲ့သည်။

ရုရှား၏ နျူကလီးယားရေငုပ်သင်္ဘောအုပ်သည် မည်သို့အရေးပါသနည်း။ တိုတောင်းသောအဖြေမှာ ပင်တဂွန်စစ်ဌာနချုပ် စီမံကိန်းရေးဆွဲသူများကို ခေါင်းခဲစေနိုင်လောက်အောင် သိသာထင်ရှားသော စစ်ရေးစွမ်းအားစုဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် နျူကလီးယားထိပ်ဖူး ၅၇၆ ခု သို့မဟုတ် ရုရှားနိုင်ငံ၏ စုစုပေါင်းတပ်ဖြန့်ထားသော နျူကလီးယားလက်နက် ၁၅၈၈ ခု၏ သုံးပုံတစ်ပုံသည် ပဲ့ထိန်းဒုံးကျည်တင် ရေငုပ်သင်္ဘောအုပ်စုတွင် တပ်ဖြန့်အသုံးပြုထားသည်။

**ရုရှားတွင် ပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘောအရေအတွက် မည်မျှရှိသနည်း။**

ထိပ်ဖူးများသည် ဒုံးကျည်တင်ရေငုပ်သင်္ဘော (Boomer Subs) ၁၀ စီးတွင် တပ်ဆင်ထားသော သီးခြားလွတ်လပ်သောလေထုအလွှာထဲသို့ ပြန်လည်ဝင်ရောက်မည့် Reentry ယာဉ် (MIRV) များအဖြစ် ကွဲထွက်သွားခြင်းဖြစ်သည်။ ၎င်းတို့တွင် ၂၀၁၀ ပြည့်နှစ်များနှင့် ၂၀၂၀ ပြည့်နှစ်အစောပိုင်းများတွင် တပ်တော်ဝင်အသုံးပြုနိုင်ခဲ့သော Borei နှင့် Borei-A အတန်းအစားသစ်(တရားဝင် Project 955 နှင့် Project 955A၊ NATO အမည်-Dolgoruki) ငါးစီးနှင့် ၁၉၈၁ ခုနှစ်နှင့် ၁၉၈၂ ခုနှစ်တို့တွင် အသီးသီးပြီးစီးခဲ့သော ခေတ်ဟောင်းပရောဂျက် 667BDRM Delfin (NATO အစီရင်ခံအမည် Delta IV)ရေငုပ်သင်္ဘောငါးစီးတို့ ပါဝင်သည်။ ထို့ကြောင့် ရုရှားတွင် ပဲ့ထိန်းဒုံးကျည်တင် ရေငုပ်သင်္ဘော ၁၀ စီးရှိသည်။

Borei နှင့် Borei-A စီးရီး ရေငုပ်သင်္ဘောများသည် RSM-56 Bulava ရေငုပ်သင်္ဘောမှပစ်လွှတ်သောပဲ့ထိန်းဒုံးကျည် (SLBMs) ၁၆ စင်းတပ်ဆင်ပစ်လွှတ်နိုင်ပြီး ၎င်း SLBM တစ်စင်းစီလျှင် MIRV ၆ စင်း၊ ၁၀ စင်းထိ သယ်ဆောင်ထားတတ်ကြသည်။ ဆယ်စုနှစ်နှစ်ခုခန့် ခက်ခဲစွာဖွံ့ဖြိုးတိုးတက်လာပြီးနောက် ၂၀၁၈ ခုနှစ်တွင် အဆိုပါဒုံးကျည်များစတင်အသုံးပြုနိုင်ခဲ့သည်။ အဖျက်စွမ်းအားပြင်းအား TNT ကီလိုတန် ၁၀၀ မှ ၁၅၀ ကြားရှိသည်။ (နှိုင်းယှဉ်ကြည့်လျှင် ၁၉၄၅ ခုနှစ်တွင် ဟီရိုရှီးမားကို ဖျက်ဆီးခဲ့သော အမေရိကန်အက်တမ်ဗုံးတွင် TNT သည် ၁၅ ကီလိုတန်၊ ၂၀ ကီလိုတန်နှင့် ညီမျှနေသည်။) **Bulavas ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၉၃၀၀ ထိ ပျံသန်းနိုင်သည် ဟု အတည်ပြုထားသည်။**

Delfins ရေငုပ်သင်္ဘောများတွင် R-29 မဟာဗျူဟာမြောက် ဒုံးကျည်အုပ်စု၏ Sineva နှင့် Layner SLBMs များ တပ်ဖြန့်အသုံးပြုထားသည်။ မူလ R-29 ဒုံးကျည်ဒီဇိုင်းကို ၁၉၇၄ ခုနှစ် ဆိုဗီယက်ရေတပ်တွင် တောက်လျှောက်အသုံးပြုခဲ့သော်လည်း ၎င်း၏ အကွာအဝေးကို တိုးချဲ့ရန်နှင့် MIRV စွမ်းရည်များကို ထည့်သွင်းရန်အတွက် ဆယ်စုနှစ်များအတွင်း ထပ်ခါတလဲလဲအဆင့်မြှင့်တင်နိုင်ခဲ့ကြသည်။ Sineva နှင့် Layner ဒုံးကျည်များသည် ပျံသန်းမှုအကွာအဝေး ကီလိုမီတာ ၁၁၅၀၀ ထိရှိပြီး MIRV ထိပ်ဖူး လေးခုနှင့် ၁၂ ခုကြားပါရှိကာ တိုက်ပွဲဝင်အဖျက်စွမ်းအား ကီလိုတန် ၁၀၀ မှ ကီလိုတန် ၅၀၀ ထိရှိသည်။

Delfins ငါးစီးစလုံးသည် ရုရှားမြောက်ပိုင်းရေတပ်စစ်ရေယာဉ်စု၏တစ်စိတ်တစ်ပိုင်းဖြစ်ပြီး Borei နှင့် Borei-A အတန်းအစားတို့ကို ပစိဖိတ်ရေတပ်စစ်ရေယာဉ်စုတွင်သုံးစီးနှင့် မြောက်ပိုင်းစစ်ရေယာဉ်စု (Northrern Fleet)တွင်နှစ်စီး အသီးသီးဖြန့်ခွဲထားသည်။

နျူကလီးယားစွမ်းအားသုံးချောင်းထောက်တွင် ရေတပ်နျူကလီးယားလက်နက်တိုက် ပိုင်ဆိုင်ထားခြင်းသဘောတရားသည် နှစ်ဦးနှစ်ဖက် အာမခံချက်ထားရှိသည့် ဖျက်ဆီးခြင်းနိယာမအပေါ် ဗဟိုပြုထားသည်။ ဆိုလိုသည်မှာ သမားရိုးကျ ခရုဇ် သို့မဟုတ် နျူကလီးယားလက်နက်များကိုအသုံးပြု၍ ရုရှားကို အစုလိုက်အပြုံလိုက်ဖျက်စီးစေရန် တိုက်ခိုက်မှုတစ်ခုပြုလုပ်ပါကရန်သူ၏အကွာအဝေးတစ်ခုတွင်စခန်းချပြီး မသေချာမရေရာသောစစ်ပွဲအခြေအနေတစ်ရပ်၌ ကမ္ဘာ့သမုဒ္ဒရာများအောက်မှ ၎င်း၏ Borei နှင့် Delfin ရေငုပ်သင်္ဘောများသည် ချက်ချင်းလက်တုံ့ပြန်နိုင်စေရန်ဖြစ်သည်။ ဤသည်မှာ ရုရှားနိုင်ငံ၏ မြေပြင်အခြေစိုက် နျူကလီးယားလက်နက်များကိုချေမှုန်းရန် သို့မဟုတ် နိုင်ငံ၏ ဆုံးဖြတ်ချက်ချမှတ်ရေးဗဟိုဌာနချုပ်များကို တိုက်ခိုက်ဖြတ်တောက်ရန် ကြိုးပမ်းလာသည့်ရန်သူမှန်သမျှကိုတားဆီးရန်လုံလောက်သည့် စွမ်းအားစုတစ်စုလည်းဖြစ်သည်။

**ရုရှားတွင် နျူကလီးယားစွမ်းအင်သုံးတိုက်ခိုက်ရေး ရေငုပ်သင်္ဘောမည်မျှရှိသနည်း။**

ရုရှားရေတပ်တွင် ၎င်း၏ ပဲ့ထိန်းဒုံးကျည်တပ်ဆင်ထားသော နျူကလီးယားရေငုပ်သင်္ဘောများနှင့်အတူ နျူကလီးယားစွမ်းအင်သုံး တိုက်ခိုက်ရေးရေငုပ်သင်္ဘော ၁၅ စီး၊ နျူကလီးယားစွမ်းအင်သုံး ခရုဇ်ဒုံးကျည်တင်ယာဉ် ၁၀ စီးနှင့် တော်ပီဒိုသယ်ဆောင်ရန် ဒီဇိုင်းထုတ်ထားသော အထူးမျိုးဆက်သစ် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စီးတို့ ပိုင်ဆိုင်ထားသည်။ နောက်ပိုင်းတွင် ထို့ထက်ပိုများလာရန်လည်း ရှိနေသေးသည်။

ရုရှား၏ တိုက်ခိုက်ရေးရေငုပ်သင်္ဘောရေယာဉ်စုတွင် Project 945A Kondors (NATO အစီရင်ခံအမည် Sierra II) နှစ်စီး၊ Project 671RTMK Shchukas (NATO အစီရင်ခံအမည် Victor III) နှစ်စီးနှင့် Project 971 Shchuka-B (NATO အစီရင်ခံအမည် Akula)ရေငုပ်သင်္ဘော ၁၁ စီးတို့ ပါဝင်သည်။ ဤရေငုပ်သင်္ဘောများကို မြောက်ပိုင်းနှင့် ပစိဖိတ်ရေတပ်စစ်ရေယာဉ်စုများတွင် (၁၀ စီးနှင့် ငါးစီး အသီးသီး) တပ်ဖြန့်အသုံးပြုထားသည်။ သင်္ဘောနှစ်စီးလုံးမှလွဲ၍ အခြားရေငုပ်သင်္ဘောများအားလုံးသည် ၁၉၉၀ ပြည့်နှစ်နှင့် ၁၉၉၆ ခုနှစ်ကြားတွင် တည်ဆောက်ခဲ့သော်လည်း တော်ပီဒိုအသစ်များ၊ မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်အသစ်များ၊ ဆိုနာအသစ်နှင့် အဆင့်မြှင့်တင်ထားသော EW နှင့် Decoy စနစ်များ အပါအဝင် ပြန်လည်ပြင်ဆင်မှုများပြုလုပ်ခဲ့သည်။

NATO သင်္ဘောသားများကြားတွင် ၎င်းတို့၏ တပ်မှူးများအတွက် ခေါင်းကိုက်စေသည့်ဖြစ်ရပ်များရှိခဲ့ပြီး ကမ်းဝေးပင်လယ်ပြင်များ၌ မဟာမိတ်ရေယာဉ်များကို ရံဖန်ရံခါ လိုက်လံရှာဖွေနေချိန်တွင် မြင်ကွင်းများမှပျောက်ကွယ်သွားခဲ့သောကြောင့် ရုရှား၏နျူကလီးယားစွမ်းအင်သုံးနှင့် ဒီဇယ်-လျှပ်စစ်စွမ်းအင်သုံး တိုက်ခိုက်ရေးရေငုပ်သင်္ဘောများသည် လူသိများသည်။

ရုရှား၏ ခရုဇ်ဒုံးကျည်တင် စစ်ရေယာဉ်စုတွင် Project 949A Antey (NATO အမည် Oscar II) ခုနစ်စီးနှင့် Project 885 နှင့် 885M Yasen နှင့် Yasen-M ရေငုပ်သင်္ဘောသုံးစီးပါဝင်ဖွဲ့စည်းထားသည်။ Anteys ရေငုပ်သင်္ဘောများတွင် ၁၉၈၈ ခုနှစ်နှင့် ၁၉၉၆ ခုနှစ်ကြားတွင်တာဝန်ပေးအပ်ခဲ့ပြီး ပစိဖိတ်စစ်ရေယာဉ်စုတွင် နှစ်စီးနှင့် မြောက်ပိုင်းရေတပ်စစ်ရေယာဉ်စုများတွင် ငါးစီးခွဲဝေတပ်ဖြန့်ချထားသည်။ Yasens အတန်းအစားရေငုပ်သင်္ဘော(NATO အစီရင်ခံအမည် Severodvinsk)များကို ၂၀၁၄ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း တာဝန်ပေးအပ်ခဲ့ပြီး မြောက်ပိုင်းရေတပ်တွင် နှစ်စီးနှင့် ပစိဖိတ်ရေတပ်တွင် တစ်စီး အသီးသီးတာဝန်ထမ်းဆောင်လျက်ရှိသည်။

သင်္ဘောတိုက်ဖျက်ရေးနှင့် ရေငုပ်သင်္ဘောဆန့်ကျင်ရေးစစ်ဆင်ရေးများအတွက် စံပြုတော်ပီဒိုဒုံးပြွန်များအပြင် ခရုဇ်ဒုံးကျည်တင်ရေငုပ်သင်္ဘောများသည် သင်္ဘောဖျက်ခရုဇ်နှင့် မြေပြင်တိုက်ခိုက်ရေးခရုဇ်ဒုံးကျည်များကိုသယ်ဆောင်ကာ သင်္ဘောအုပ်စုတစ်ခုလုံးမှ မြေပြင်အခြေစိုက်စခန်းများထိ ကုန်းတွင်းပိုင်းရှိ ပစ်မှတ်များကို နက်ရှိုင်းစွာတိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ Yasen-Class ရေငုပ်သင်္ဘောများသည် Oniks သင်္ဘောဖျက်ခရုဇ်ဒုံးကျည် ၃၂ စင်း (စစ်ဆင်ရေးအကွာအဝေး ကီလိုမီတာ ၆၀၀ နှင့် ၈၀၀ ကြား) သို့မဟုတ် Kalibr ဘက်စုံသုံးဒုံးကျည်များသယ်ဆောင်တိုက်ပွဲဝင်နိုင်သည်။

၁၉၈၀ ပြည့်နှစ်များအလယ်ပိုင်းတွင်တီထွင်ထုတ်လုပ်ခဲ့သော Kalibrs ခရုဇ်ဒုံးကျည်သည် အဆင့်မြှင့်တင်မှုများအပေါ် မူတည်၍ ကီလိုမီတာ ၅၀ မှ ၂၅၀၀ ကြားတိုက်ခိုက်နိုင်ပြီး နျူကလီးယားထိပ်ဖူးများလည်း သယ်ဆောင်တိုက်ပွဲဝင်နိုင်သည်။ Anteys ရေငုပ်သင်္ဘောများသည် P-700 Granit ခရုဇ်ဒုံးကျည် ၂၄ စင်းကိုသယ်ဆောင်ထားပြီး ၎င်းဒုံးကျည်တစ်ခုစီတွင် သမားရိုးကျဖောက်ခွဲရေးပစ္စည်းများ ကီလိုဂရမ် ၇၅၀ တပ်ဆင်အသုံးပြုထားကာ အကွာအဝေး ၆၂၅ ကီလိုမီတာထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။

**Poseidon Torpedo ဆိုသည်မှာ**

K-329 Belgorod သည် Poseidon ကို သယ်ဆောင်ရန်ပြုပြင်ထားသော Antey-Class အမျိုးအစားရေငုပ်သင်္ဘောဖြစ်ပြီး Rubin Design Bureau က ဖန်တီးထားသည့် မောင်းသူမဲ့ရေအောက်ယာဉ်ဖြစ်သည်။ ၎င်းသည် ရန်သူ့ကမ်းရိုးတန်းဒေသတွင် သမားရိုးကျ သို့မဟုတ် နျူကလီးယားကိုတိုက်ခိုက်၊ ဖျက်ဆီးရန်အတွက် ဒီဇိုင်းထုတ်ထားသည့် Posiedon ရေအောက်ယာဉ်ဖြစ်သည်။ နျူကလီးယားဓာတ်ပေါင်းဖိုဖြင့်မောင်းနှင်ထားပြီး အလိုအလျောက်လုပ်ဆောင်နိုင်စွမ်းရှိသော တော်ပီဒိုတွင် အကန့်အသတ်မရှိအကွာအဝေးဖြင့် တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ ၂၀၁၈ ခုနှစ် ပါလီမန်အမတ်များထံ မိန့်ခွန်းပြောကြားရာတွင် ရုရှားသမ္မတက ထုတ်ဖော်ပြသခဲ့သော အခြားမျိုးဆက်သစ်လက်နက်များကဲ့သို့ပင် Poseidon သည် Prompt Global Strike အန္တရာယ်ရှိသော ကြိုတင်လက်ဦးရယူတိုက်ခိုက်မှုအစီအစဉ်ဖြင့် လက်နက်သဘောတူစာချုပ်များကိုချိုးဖောက်ရန်နှင့် စမ်းသပ်ရန် အမေရိကန်၏ ကြိုးပမ်းမှုများကြားတွင် ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာမြောက်တပ်ဖွဲ့ဝင်များ၏ အားသာချက်ကို ထိန်းသိမ်းရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**How Many Nuclear Submarines Does Russia Have? ကို ဘာသာပြန်ဆိုထားပါသည်။**

## နိုင်ငံတကာ အားကစားသတင်းများ

# အာဆင်နယ်အသင်းက ဂျီးဆပ်စ်၏နေရာတွင် အေတီကိုမှ ကန်ဟာနှင့် အစားထိုးရန်ဆုံးဖြတ်

**လန်ဒန် ဒီဇင်ဘာ ၁၃**

အာဆင်နယ်အသင်းမှတိုက်စစ်မှူး ဂျီးဆပ်စ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်ရရှိခဲ့သည့် ဒူးဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်သောကြောင့် ၎င်းနေရာတွင် အစားထိုးရန် အေတီကိုအသင်းမှတိုက်စစ်မှူး ကန်ဟာကို လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ဆုံးဖြတ်ခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကန်ဟာသည် ယခုနှစ်ဘောလုံးရာသီတွင် အေတီကိုအသင်း၌ ပွဲချိန် ၅၁၀ မိနစ်သာကစားခဲ့သော်လည်း ဂိုးဖန်တီးမှု နှစ်ကြိမ်ထိ ပြုလုပ်၍ ခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် ဝုဖ်၊ လိဒ်၊ အဲဗာတန်နှင့် အေဗီလာအသင်းတို့ကခေါ်ယူရန် ချိတ်ဆက်နေသကဲ့သို့ ကစားသမား ကိုယ်တိုင်ကလည်း ပွဲကစားခွင့်ပုံမှန်ရရှိမည့် အသင်းသို့ ပြောင်းရွှေ့လိုသောကြောင့် အေတီကိုအသင်းမှထွက်ခွာရန် ဆန္ဒရှိနေသည်။

လက်ရှိတွင် ဝုဖ်အသင်းက ဇန်နဝါရီ အပြောင်းအရွှေ့ကာလ၌ ကန်ဟာကိုခေါ်ယူရန် တရားဝင်ကမ်းလှမ်းမှုပြုလုပ်ထားသော်လည်း အေတီကိုအသင်း၏ပြောင်းရွှေ့ကြေးလိုအပ်ချက်ကိုပေးချေရန် အခက်အခဲရှိနေသည့်အတွက် အာဆင်နယ်အသင်းက လက်ဦးမှုရယူနိုင်ရန် နီးစပ်နေသည်။

ဂျီးဆပ်စ်သည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက မန်စီးတီးအသင်းမှ ပြောင်းရွှေ့ခဲ့သော်လည်း အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး ငါးဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်ပြုလုပ်နိုင်ခဲ့သဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ခွင့်ရရှိခဲ့ပြီး ယခုအခါ ဒူးဒဏ်ရာခွဲစိတ်ကုသမှုခံယူခဲ့ရသဖြင့် ၂၀၂၃ ခုနှစ် မတ်လကုန်ထိ အနားယူရမည်ဖြစ်သောကြောင့် နည်းပြ အာတီတာက တိုက်စစ်ပိုင်းအခက်အခဲကို ဖြေရှင်းနိုင်ရန် အေတီကိုအသင်းမှ ထွက်ခွာမည့် ကန်ဟာကို ခေါ်ယူသွားရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ML




## အားကစားသတင်း အတိုအထွာများ

- ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၂၅ ခုနှစ်တွင် အမေရိကန်နိုင်ငံတွင်ကျင်းပမည့် ဖီဖာကမ္ဘာ့ကလပ်ချန်ပီယံပြိုင်ပွဲတွင် ပြိုင်ပွဲအသင်း ၃၂ သင်းထိ တိုးမြှင့်ရန် စီစဉ်နေမှုကို ဥရောပ ထိပ်သီးကလပ်အသင်းများက ကန့်ကွက်ထားသည်။
- ဩစတြေးလျဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဩစတြေးလျအသင်းကို (၁၆)သင်းအဆင့် ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြအာနိုးကို စာချုပ်သက်တမ်းတိုးရန် အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်ယူအသင်းက ခေါ်ယူရန်ကြိုးပမ်းနေသည့် အာဂျင်တီးနားအသင်း ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်စ်ကို လီဗာပူးအသင်းကခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ML

# အင်္ဂလန်အသင်းမှ နည်းပြဆောက်ဂိတ်ထွက်ခွာခဲ့ပါက နိုင်ငံခြားသားနည်းပြခန့်အပ်ရန် အက်ပ်အေစီစဉ်




**လန်ဒန် ဒီဇင်ဘာ ၁၃**

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသဖြင့် နည်းပြဆောက်ဂိတ်သည် အသင်းနှင့်လမ်းခွဲရန် ပြင်ဆင်နေသောကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က ၎င်း၏နေရာတွင် နိုင်ငံခြားသားနည်းပြနှင့်သာ အစားထိုးရန်စီစဉ်နေသည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ ဆောက်ဂိတ်သည် အင်္ဂလန်အသင်းကို ၂၀၁၆ ခုနှစ်က စတင်ကိုင်တွယ်ခဲ့ကာ ၂၀၁၈ ကမ္ဘာ့ဖလားတွင် ဆီမီးဖိုင်နယ်အဆင့်သို့ ပို့ဆောင်နိုင်ခဲ့ပြီး ယူရို ၂၀၂၀ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲထိရောက်ရှိခဲ့ရာ အီတလီအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ဒုတိယဆုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရသဖြင့် နည်းပြရာထူးမှ နုတ်ထွက်ရန် ပြင်ဆင်နေသောကြောင့် အက်ဖ်အေက ၎င်း၏နေရာတွင် နိုင်ငံခြားသားနည်းပြများဖြစ်သည့် တူချယ်နှင့် ပိုချက်တီနိုတို့ကိုခန့်အပ်ရန် စီစဉ်နေသည်။

အက်ဖ်အေက အင်္ဂလန်အသင်းကို အင်္ဂလန်နိုင်ငံသားနည်းပြ ဆာအဲလ်ရမ်ဆေးနောက်ပိုင်း အောင်မြင်မှုရရှိအောင် စွမ်းဆောင်ထားနိုင်သည့် နည်းပြဆောက်ဂိတ်ကို ယူရို ၂၀၂၄ ပြိုင်ပွဲထိ ဆက်ရှိလိုသော်လည်း ၎င်းက အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားပြီး လာမည့်ရက်သတ္တပတ်၌ကျင်းပမည့် ဆွေးနွေးပွဲတွင် အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် နည်းပြဆောက်ဂိတ်သည် ရာထူးမှနုတ်ထွက်ခဲ့ပါက အင်္ဂလန်နိုင်ငံသားကို နည်းပြခန့်အပ်မည် မဟုတ်သောကြောင့် ပရီးမီးယားလိဂ်တွင် ရလဒ်ကောင်းများရရှိအောင်စွမ်းဆောင်ထားသည့် နယူးကာဆယ်အသင်းနည်းပြ ဟိုဝီနှင့်ချဲလ်ဆီးအသင်းနည်းပြ ဂရေဟမ်ပေါ်တာတို့ကို ရွေးချယ်မည်မဟုတ်ဘဲ အသင်းလက်မဲ့ဖြစ်နေသည့် ဂျာမနီနိုင်ငံသားနည်းပြ တူချယ်နှင့် အာဂျင်တီးနားနိုင်ငံသား ပိုချက်တီနိုတို့နှစ်ဦးထဲမှတစ်ဦးကို ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

ML

# လီအိုကို ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ ဖြင့်ခေါ်ယူရန် ချဲလ်ဆီးအသင်း၏ကမ်းလှမ်းမှုကို အေစီမီလန်အသင်း ပယ်ချ

**လန်ဒန် ဒီဇင်ဘာ ၁၃**

ချဲလ်ဆီးအသင်းက အေစီမီလန်အသင်းမှ လီအိုကို ယူရို သန်း ၇၀ ဖြင့်ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း အေစီမီလန်အသင်းကပယ်ချခဲ့သည်ဟု Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လီအိုနှင့် အေစီမီလန်အသင်းတို့သည် ၂၀၂၄ ခုနှစ်ထိ စာချုပ် ချုပ်ဆိုထားပြီး စာချုပ်ဖျက်သိမ်းကြေးမှာ ယူရို သန်း ၁၅၀ ထိ သတ်မှတ်ထားသောကြောင့် ချဲလ်ဆီးအသင်း၏ ယူရို သန်း ၇၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းမှုကို ပယ်ချခဲ့ကြောင်း သိရသည်။

လီအိုသည် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပေါ်တူဂီအသင်းအတွက် လူစားဝင်ကစားသမားအဖြစ်ပါဝင်ပြီး သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် မန်စီးတီးအသင်းနှင့်ရီးရဲလ်မက်ဒရစ်အသင်းတို့ကလည်း ခေါ်ယူရန် ကမ္ဘာ့ဖလားကာလအတွင်းဆွေးနွေးမှုပြုလုပ်ခဲ့ကြသည်။

လီအိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက အေစီမီလန်အသင်းကို အမှတ်ပေး ချန်ပီယံဆုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီ၌လည်း ပြိုင်ပွဲစုံ ခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှုခြောက်ကြိမ်ပြုလုပ်ထားပြီး ပုံစံကောင်းများပြသနေသောကြောင့်၎င်းကိုအေစီမီလန်အသင်းကလည်း လက်မလွှတ်ရေးအတွက် တစ်နှစ်လုပ်ခလစာယူရို ၁ ဒသမ ၈ သန်းမှ ယူရို ခုနစ် သန်းထိတိုးမြှင့်ပြီး နှစ်ရှည်စာချုပ်ချုပ်ဆိုရန် စီစဉ်နေသည်။

သို့သော် လီအိုက အသင်း၏ စာချုပ်သစ်ကိုငြင်းပယ်၍ အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေပါက နွေရာသီအပြောင်းအရွှေ့ကာလမှ ထွက်ခွာခွင့်ပြုမည်ဖြစ်ပြီး ပြောင်းရွှေ့ကြေးကို ယူရို သန်း ၁၅၀ ပေးချေရမည်ဟု နည်းစနစ်ဒါရိုက်တာ မာဒီနီက ပြောကြားခဲ့ကြောင်း သိရသည်။ ML

# AGW တစ်နှစ်တာအကောင်းဆုံး ဂေါက်သီးရိုက်ကစားသမားဆု မြောက်အိုင်ယာလန်ကစားသမား မက်အီလ်ရွိုင်း ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၁၃**

ဗြိတိန်အခြေစိုက် Association of Golf Writers (AGW)က ၂၀၂၂ ခုနှစ် တစ်နှစ်တာအကောင်းဆုံး ဂေါက်သီးရိုက်ကစားသမားဆုကို မဲပေးရွေးချယ်ခဲ့ရာ မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းက ဆွတ်ခူးနိုင်ခဲ့သည်ဟု The Scotsman သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁)ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းသည် အဆိုပါဆုကို ကစားသမားဘဝသက်တမ်းတစ်လျှောက် လေးကြိမ်မြောက်ရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ်၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်တို့တွင် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကာ ခုနစ်နှစ်အကြာတွင် ပြန်လည်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

မက်အီလ်ရွိုင်းက "Association of Golf Writers(AGW)က ရွေးချယ်တဲ့ တစ်နှစ်တာအကောင်းဆုံး ဂေါက်သီးရိုက်ကစားသမားဆုကိုစတုတ္ထအကြိမ် ရရှိခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။ Association of Golf Writers(AGW) အဖွဲ့ဝင်စာရေးဆရာတွေ၊ သတင်းသမားတွေနဲ့ ကျွန်တော်ကြား ဆက်ဆံရေးကောင်းတွေရှိပါတယ်။ သူတို့တွေကြောင့် ဂေါက်သီးရိုက်အားကစားနဲ့ပတ်သက်ပြီး သတင်းတွေ ကမ္ဘာ့အနှံ့ပျံ့နှံ့ခဲ့တာဖြစ်ပြီး ဂေါက်သီးရိုက်ကစားသမားတွေရဲ့ နာမည်ကလည်း သူတို့အပေါ်မှာ အများကြီးမူတည်ပါတယ်။ ဂေါက်သီးရိုက်အားကစားလောကကိုအကျိုးပြုနေတဲ့ အဖွဲ့အစည်းရဲ့တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကိုဆွတ်ခူးနိုင်ခဲ့တာဟာ ကျွန်တော့်အတွက် ဂုဏ်ယူစရာပါ။ ဒီဆုကိုဆွတ်ခူးဖို့ရေပန်းစားနေတဲ့ ဂေါက်သီးရိုက်ကစားသမားတွေ အများကြီးရှိပါတယ်။ သူတို့ကိုကျော်ဖြတ်ပြီး ဒီဆုကိုဆွတ်ခူးနိုင်ခဲ့တာက ရာသီသစ်အတွက် စိတ်ဓာတ်ခွန်အားရစေပါတယ်"ဟု ပြောကြားခဲ့သည်။



မက်အီလ်ရွိုင်းသည် ယခုနှစ်တွင် DP World Tour နှင့် PGA Tourတို့တွင် အဆင့်(၁)နေရာကို ရရှိခဲ့ပြီး သမိုင်းတစ်လျှောက် Tour နှစ်ခုစလုံး၌ အဆင့်(၁)နေရာကိုရရှိခဲ့သည့် ဒုတိယမြောက်ကစားသမားအဖြစ်လည်း ရပ်တည်ခဲ့ကြောင်း သိရသည်။

AZL

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားနှင့် အမျိုးသမီးအသင်းတို့ ပထမဆုဆွတ်ခူး

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)တွင်ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က ပထမဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။



ဦးစွာ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲစဉ်များအပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပခဲ့ရာ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် နေရာအလိုက်အကောင်းဆုံးကစားသမားဆုရရှိသူများကို ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံတို့က ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီးပြိုင်ပွဲ စတုတ္ထဆုရ မကွေးတိုင်းဒေသကြီးအသင်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ငွေကျပ် ၁၀ သိန်း၊တတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာ ဗညားအောင်မိုးက ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းက ငွေကျပ် သိန်း ၂၀ နှင့်ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်အေးနုစိန်က ငွေကျပ် သိန်း ၃၀ နှင့်ဆုဖလားချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် အမျိုးသားပြိုင်ပွဲတွင် စတုတ္ထဆုရ ကရင်ပြည်နယ်အသင်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ငွေကျပ် ၁၀သိန်း၊တတိယဆုရ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကိုပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က ငွေကျပ် သိန်း ၂၀ နှင့် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ငွေကျပ် သိန်း ၃၀ နှင့် ဆုဖလားကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။STA

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက်မှ ၂၇ ရက်ထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အစည်းအဝေးနှင့် လူတွေ့စစ်ဆေးခြင်း၊ အုပ်စုမဲနှိုက်ခြင်းနှင့် ပွဲစဉ်ဇယားရေးဆွဲခြင်းကို ယနေ့နံနက်ပိုင်းက ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)၌ ကျင်းပခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို အသက် ၃၅ နှစ်နှင့်အောက် ပြိုင်ပွဲအဖြစ် သတ်မှတ်ထားပြီး ဆုကြေးငွေများအဖြစ် ပထမဆု ငွေကျပ် သိန်း ၃၀၊ ဒုတိယဆု ငွေကျပ် သိန်း ၂၀၊ တတိယဆု ငွေကျပ် ၁၀ သိန်းနှင့် နေရာအလိုက်အကောင်းဆုံးကစားသမားဆုများအတွက် ဆုတံဆိပ်နှင့် ငွေကျပ် တစ်သိန်းစီ ချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို လာမည့် ဒီဇင်ဘာ ၁၄ ရက်မှ ၂၇ ရက်ထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)၌ နေ့စဉ်နံနက်ပိုင်းမှ စတင်ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၂၀၊ အမျိုးသမီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ကိုးသင်းပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

STA

# Fans Players of the Season ဆု ဟိန်းထက်အောင်ရရှိ




**ရန်ကုန် ဒီဇင်ဘာ ၁၃**

မလေးရှား စူပါလိဂ်ပြိုင်ပွဲဝင်ကလပ်အသင်းဖြစ်သည့် ဆီလန်ဂေါအသင်းပရိသတ်များက ရွေးချယ်ပေးအပ်သည့် ယခုနှစ်ဘောလုံးရာသီ Fans Players of the Season ဆုကို အသင်းမှထိပ်တန်းကစားသမားများကို ကျော်ဖြတ်ပြီး မြန်မာ့လက်ရွေးစင်အသင်းကွင်းလယ်ကစားသမား ဟိန်းထက်အောင်က ရရှိခဲ့ကြောင်း သိရသည်။

ဟိန်းထက်အောင်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဆီလန်ဂေါ-၂အသင်းတွင်သာ ပွဲစဉ်အများစုကစားခဲ့ရသော်လည်း အကောင်းဆုံးခြေစွမ်းပြနိုင်သည့်အတွက် နောက်ပိုင်းပွဲစဉ်များ၌ ဆီလန်ဂေါစီနီယာအသင်းနှင့် မလေးရှားစူပါလိဂ်ပွဲစဉ်များ ကစားခွင့်ရရှိခဲ့သည်။

ဟိန်းထက်အောင်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဆီလန်ဂေါအသင်းနှင့် ခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုပြီး ယခုနှစ်ဘောလုံးရာသီတွင် ဆက်လက် ကစားခဲ့ရာတွင်လည်း ခြေစွမ်းပြသနိုင်ခဲ့ကာ ဆီလန်ဂေါအသင်းပရိသတ်အချစ်တော်ကစားသမားတစ်ဦး ဖြစ်လာခဲ့ပြီးနောက် ပရိသတ်များက ရွေးချယ်ပေးအပ်သည့် Fans Players of the Season ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ဟိန်းထက်အောင်သည် ယခုနှစ်ဘောလုံးရာသီ၌ ဆီလန်ဂေါအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၉ ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး နှစ်ဂိုး သွင်းယူ၍ ဂိုးဖန်တီးမှု ငါးကြိမ်ပြုလုပ်နိုင်ခဲ့ကာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခဲ့ကြောင်း သိရသည်။ STA

# WTA ၏ တစ်နှစ်တာအကောင်းဆုံး တင်းနစ်မယ်ဆု စဝီယာတက်ခ် ဆွတ်ခူး

**ဖလော်ရီဒါ ဒီဇင်ဘာ ၁၃**

အမျိုးသမီး တင်းနစ်အသင်း (WTA) က ပေးအပ်သည့် ၂၀၂၂ ခုနှစ် တစ်နှစ်တာအကောင်းဆုံးတင်းနစ်မယ်ဆုကို ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း CBS Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်ရှိ စဝီယာတက်ခ်သည် ယခုနှစ်တင်းနစ်ရာသီတွင် ဆုဖလား ရှစ်လုံးထိဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ယင်းဆုဖလားများအနက် ဂရန်းစလန်းဆုဖလား နှစ်လုံးပါဝင်ခဲ့ပြီး ဆုဖလား ခြောက်လုံးကို ဆက်တိုက်ရရှိခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ်သည် ယခုနှစ်တင်းနစ်ရာသီတွင် ကမ္ဘာ့အဆင့်(၁)နေရာကို ပထမဆုံးအကြိမ်တက်လှမ်းနိုင်ခဲ့ပြီး ကစားသမားဘဝသက်တမ်းတစ်လျှောက်WTA တစ်နှစ်တာအကောင်းဆုံးတင်းနစ်မယ်ဆုကိုလည်း ပထမဆုံးအကြိမ်ရရှိခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ်သည် ယခုနှစ် တင်းနစ်ရာသီ၌ ပြင်သစ်အိုးပင်း တင်းနစ်ချန်ပီယံဆုနှင့် အမေရိကန်အိုးပင်း တင်းနစ်ချန်ပီယံဆုတို့ကို ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံး ပိုလန်တင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပြီး တင်းနစ်လောကတွင် ၃၇ ပွဲ ဆက်ရှုံးပွဲမရှိသည့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။

စဝီယာတက်ခ်က "အခုနှစ် တင်းနစ်ရာသီက အရာရာအဆင်ပြေခဲ့သလို အမှတ်ရစရာအကောင်းဆုံးတင်းနစ်ရာသီတစ်ခုပါ။ အခုလောက်ထိ အောင်မြင်မှုတွေရလိမ့်မယ်လို့ ထင်မှတ်မထားခဲ့ပါဘူး။ ကမ္ဘာ့အဆင့်(၁)ဆိုတဲ့ နေရာက မမျှော်လင့်ရဲတဲ့ နေရာတစ်ခုပါ။ မျှော်လင့်မထားတာတွေဖြစ်လာတဲ့အတွက်ဝမ်းသာပါတယ်။ အခုလဲ WTA တစ်နှစ်တာအကောင်းဆုံးတင်းနစ်မယ်ဆုကိုရရှိခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။ လာမဲ့နှစ်မှာလဲ အခုလိုအောင်မြင်မှုတွေဆွတ်ခူးနိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# ၂၀၂၂ အာဆီယံမစ်ဆူဘီရှီအီလက်ထရစ်ဖလားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း၏ အပြီးသတ်ကစားသမားစာရင်း ထုတ်ပြန်

**ရန်ကုန် ဒီဇင်ဘာ ၁၃**


မြန်မာ့လက်ရွေးစင်အသင်းနည်းပြ အန်တွမ်နီဟေးက ယခုလအတွင်း ကျင်းပမည့် ၂၀၂၂ အာဆီယံမစ်ဆူဘီရှီ အီလက်ထရစ်ဖလားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း၏ အပြီးသတ်ကစားသမားစာရင်းကို ယနေ့တွင် အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အာဆီယံဒေသတွင်းအဆင့်မြင့်ဆုံးပြိုင်ပွဲတစ်ခုဖြစ်သည့် အာဆီယံမစ်ဆူဘီရှီအီလက်ထရစ်ဖလားပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်ထိ အာဆီယံဒေသတွင်း ၁၀ နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းသည် အုပ်စု(B)၌ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်း၊လာအိုအသင်း၊ မလေးရှားအသင်း၊ စင်ကာပူအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိနေသည်။

မြန်မာ့လက်ရွေးစင် အသင်းနည်းပြ အန်တွမ်နီဟေး ရွေးချယ်ခဲ့သည့် အပြီးသတ်ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် ကျော်ဇင်ဖြိုး၊ ဆန်းဆက်နိုင်၊ ထွန်းနန္ဒဦးနှင့် မျိုးမင်းလတ်၊ ခံစစ်ကစားသမားနေရာတွင် နန္ဒကျော်၊ ဟိန်းဖြိုးဝင်း၊ သီဟထက်အောင်၊ ရဲမင်းသူ၊ ဟိန်းဇေယျာလင်း၊ ဇော်ရဲထွန်း၊ ကျော်ဇင်လွင်၊ ဒေးဗစ်ထန်းနှင့် ဝင်းမိုးကျော်၊ ကွင်းလယ်ကစားသမားနေရာတွင် အောင်နိုင်ဝင်း၊ ဝေလင်းအောင်၊ ကျော်မင်းဦး၊ လင်းထက်စိုး၊ လွင်မိုးအောင်၊ ရန်နိုင်ဦး၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင်၊ မောင်မောင်လွင်နှင့် ဟိန်းထက်အောင်၊ တိုက်စစ် ကစားသမားနေရာတွင် ဝင်းနိုင်ထွန်း၊အောင်ကောင်းမာန်နှင့် နိုင်ဇင်ထက်တို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၂၁ ရက်တွင် မလေးရှားအသင်းနှင့်လည်းကောင်း၊ ဒီဇင်ဘာ ၂၄ ရက်တွင် စင်ကာပူအသင်းနှင့်လည်းကောင်း၊ ဒီဇင်ဘာ ၃၀ ရက်တွင်လာအိုအသင်းနှင့်လည်းကောင်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ဗီယက်နမ်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။ STA

# ရွှေတောင်တန်းပန်းချီပြခန်း၌ ပန်းချီဆရာခုနစ်ဦး၏ Creators အွန်လိုင်းပန်းချီပြပွဲ ပြသမည်



**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ရွှေတောင်တန်းပန်းချီပြခန်းတွင် ပန်းချီဆရာခုနစ်ဦး၏ လက်ရာများကို စုပေါင်းပြသထားမည့် Creators အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်း တာဝန်ခံ မမေသရဖီဟိန်းက ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ထင်ရှားသည့် ပန်းချီဆရာများဖြစ်သည့် ပန်းချီ လှထွန်း၊ ပန်းချီ သိန်းဇော်၊ ပန်းချီ ကံကော်ရွာ တင်ဝင်း၊ ပန်းချီ နန္ဒာ၊ ပန်းချီ ကေကေ၊ ပန်းချီ ရွှေနီထွန်း၊ ပန်းချီ ဝင်းမင်းတို့၏ ရေဆေး၊ ဆီဆေး အပါအဝင် လက်ရာစုံဖြင့် ဖန်တီးထားသည့် ပန်းချီကား ၃၅ ကားကို ဒီဇင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၂၀ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဈေးကွက်ဝင် နာမည်ရပန်းချီဆရာခုနစ်ယောက်ရဲ့ ပန်းချီလက်ရာစုံ ၃၅ ကားကို ပြသပေးသွားမှာဖြစ်ပါတယ်။ ပန်းချီကားအားလုံးကတော့ ဒီနှစ်ထဲမှာ ရေးဆွဲထားတဲ့ ပန်းချီကားအသစ်တွေပါပဲ။ ပြခန်းမှာလဲ လာရောက်ကြည့်ရှုနိုင်ပါတယ်"ဟု ရွှေတောင်တန်းပန်းချီပြခန်းတာဝန်ခံ မမေသရဖီဟိန်းက ပြောပြသည်။

အဆိုပါပန်းချီပြခန်းတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၄၈× ၃၆) လက်မ၊ (၃၆× ၄၈) လက်မ၊ (၂၇× ၃၆) လက်မ စသည့် အရွယ်အစားအစုံ ပန်းချီကားများပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံးငွေကျပ် သုံးသိန်းမှ အများဆုံးငွေကျပ် ရှစ်သိန်းထိရှိကြောင်း သိရသည်။

ASH

# Searchlight ကုမ္ပဏီ၏ဇာတ်ကားကို တေလာဆွစ်က ဒါရိုက်တာအဖြစ် ရိုက်ကူးပေးမည်

**နယူးယောက် ဒီဇင်ဘာ ၁၃**

Searchlight ကုမ္ပဏီအတွက် ရုပ်ရှင်ဇာတ်ကားတစ်ကားကို ပေါ့ပ်အဆိုတော် တေလာဆွစ်က ဒါရိုက်တာအဖြစ် ရိုက်ကူးပေးမည်ဖြစ်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။

တေလာဆွစ်သည် အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ၎င်းကိုယ်တိုင်ရေးသားမည့် မူရင်းဇာတ်ညွှန်းအပေါ် အခြေခံရိုက်ကူးမည်ဖြစ်ကြောင်း၊ တေလာဆွစ်သည် ယခင်က All Too Well:The Short Film နှင့် The Man ဇာတ်ကားတို့များကို ရိုက်ကူးခဲ့ပြီး အဆိုပါဇာတ်ကားတို့များနှင့်ပင် ၂၀၂၂ ခုနှစ် ဂီတဗီဒီယိုအကောင်းဆုံးဒါရိုက်တာဆုများရရှိခဲ့ကြောင်း သိရသည်။

အထူးသဖြင့် All Too Well: The Short Film ဇာတ်ကားတိုသည် ထရီဘက်ကာ နိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် တိုရွန်တိုနိုင်ငံတကာရုပ်ရှင်ပွဲတော်တို့၌ ဝေဖန်ရေးသမားများ၏ ချီးကျူးမှုရယူနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် တေလာဆွစ် ရိုက်ကူးပေးမည့် ဇာတ်ကားအမည်ကို Searchlight ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO




# မော်ဘီမြို့နယ်ရှိ မေတ္တာရံသီ သီလရှင်စာသင်တိုက်တွင် သရုပ်ဆောင် ပပဝင်းခင်မိသားစုက အလှူဒါနပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်ရှိ မေတ္တာရံသီ သီလရှင်စာသင်တိုက်တွင် သရုပ်ဆောင် ပပဝင်းခင်မိသားစုက သီလရှင်ဆရာကြီး၊ ဆရာလေးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ သီလရှင်စာသင်တိုက် ဝတ္တကမြေအတွက် အလှူငွေနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခြင်းကို ဒီဇင်ဘာ ၁၂ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် ပပဝင်းခင်မိသားစုက မော်ဘီမြို့နယ် မေတ္တာရံသီ သီလရှင်စာသင်တိုက်ရှိ သီလရှင်ဆရာကြီး၊ ဆရာလေး အပါး ၄၀ အား ကြက်သား ထောပတ်ထမင်းဖြင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး မေတ္တာရံသီ သီလရှင်စာသင်တိုက် တိုးချဲ့တည်ဆောက်မည့် အဆောင်ဝတ္တကမြေအတွက် အလှူငွေကျပ် ၁၅ သိန်းလှူဒါန်းခြင်း၊ သီလရှင်ဆရာကြီး၊ ဆရာလေး အပါး ၄၀ အား တစ်ပါးလျှင် နဝကမ္မအလှူငွေကျပ် ၃၀၀၀၀ နှင့် နေ့ဆွမ်းအတွက် ငွေကျပ် ၃၀၀၀၀၀ ခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။



"ဒီနေ့ ပပတို့ မိသားစု မော်ဘီမှာရှိတဲ့ မေတ္တာရံသီ သီလရှင်စာသင်တိုက်မှာ သီလရှင်ဆရာကြီး၊ ဆရာလေးအားလုံး အတွက် ဝတ္ထုအလှူ၊ သာသနာ့မြေအတွက် ဝတ္ထုအလှူ၊ နေ့ဆွမ်းအတွက် ထောပတ်ထမင်းအလှူ၊ အချိုပွဲအလှူ၊ တခြားလှူဖွယ်တွေကို လှူဒါန်းခဲ့ပါတယ်။ စုစုပေါင်းငွေကျပ် သိန်း ၃၀ လောက် လှူဒါန်းခဲ့ပါတယ်"ဟု သရုပ်ဆောင် ပပဝင်းခင်က ပြောပြသည်။

သရုပ်ဆောင် ပပဝင်းခင်သည် လက်ရှိတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသကဲ့သို့ ကြော်ငြာနှင့် တေးသီချင်း Music Video (MV) စသည့် အနုပညာအလုပ်များကို လုပ်ဆောင်နေကြောင်း သိရသည်။

ASH

# Fingernails တွင် မင်းသား လုဝီဆင်နှင့် မင်းသမီး အန်နီမာဖီတို့ ပါဝင်ထား

**နယူးယောက် ဒီဇင်ဘာ ၁၃**

Apple Original Films ရုပ်ရှင်ကုမ္ပဏီ၏ Fingernails ဇာတ်ကားတွင် မင်းသား လုဝီဆင်နှင့် မင်းသမီး အန်နီမာဖီတို့ ထပ်မံပါဝင်ထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကား၌ လုဝီဆင်နှင့် အန်နီမာဖီတို့သည် အင်္ဂလိပ်မင်းသား ရစ်အာမက်၊ မင်းသမီး ဂျက်ဆီဘက်ကလေတို့နှင့် အတူ သရုပ်ဆောင်ထားသည်။

Fingernails ဇာတ်ကားသည် သိပ္ပံအချစ်ဇာတ်ကားတစ်ကားဖြစ်ပြီး ဇနီးမောင်နှံများ တစ်ဦးအပေါ်တစ်ဦး အမှန်တကယ်မေတ္တာသက်ဝင်မှုရှိ၊ မရှိ အဆုံးအဖြတ်ပေးနိုင်သော အဖွဲ့အစည်းတစ်ခုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသောဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ခရစ္စတိုနစ်ကိုးက ရိုက်ကူးခဲ့ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ဇာတ်ညွှန်းရေးဆရာ စတက်ဗရော့ရက်တစ်နှင့် ပူးတွဲရေးသားထားသည်။

လက်ရှိတွင် Fingernails ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Apple Original Films က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

KKO





# ဗိုလ်တထောင်မြို့နယ်၌ လက်မှုပစ္စည်းဈေးရောင်းပွဲတော် ဒီဇင်ဘာ ၂၅ ရက်တွင် ကျင်းပသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Vintage Luxury Yacht Hotel တွင် လက်မှုပစ္စည်းဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါ လက်မှုပစ္စည်း ဈေးရောင်းပွဲတော် စီစဉ်သူ ဒေါ်ဟယ်လင်က ပြောပြ၍ သိရသည်။

အဆိုပါ ဈေးရောင်းပွဲတော်ကို ဗိုလ်တထောင်စေတီတော်အနီး ဗိုလ်တထောင်ဆိပ်ကမ်း ကျောက်ချရပ်နားထားသည့် ရေပေါ်ဟိုတယ်၏ တတိယထပ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်တွင်း အသေးစားနဲ့ အငယ်စားလုပ်ငန်းတွေကို လုပ်ကိုင်သူတွေက ဦးစီးပြီးတော့ ကျင်းပသွားမဲ့ ဈေးရောင်းပွဲတော်ဖြစ်ပါတယ်။ ပြည်တွင်းဖြစ်လက်မှုပစ္စည်း ဈေးရောင်းပွဲတော်ကို လာမဲ့ ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ နေ့လယ် ၂ နာရီကနေ ည ၈ နာရီထိ ရောင်းချပြသသွားမှာဖြစ်ပါတယ်။ အဲဒီဈေးရောင်းပွဲတော်မှာ ကိုယ်တိုင် ဖန်တီးပုံဖော်ထားတဲ့ ပန်းချီကားတွေ၊ ဝါး၊ သစ်သား စက္ကူစတွေနဲ့ ပုံဖော်ဖန်တီးထားတဲ့ အနုပညာလက်ရာတွေ၊ လက်ဝတ်ရတနာအဖြစ် ပုံဖော်ထားတဲ့ ပယင်း၊ ကျောက်စိမ်း စတဲ့ ကျောက်မျက်ရတနာတွေ၊ Local Brand တွေဖြစ်တဲ့ တိုင်းရင်းသားရိုးရာအဝတ်အထည်တွေအပြင် မြန်မာ့ရိုးရာမုန့်တွေ ပါဝင်ရောင်းချပေးသွားမှာပါ"ဟု လက်မှုပစ္စည်း ဈေးရောင်းပွဲတော်စီစဉ်သူ ဒေါ်ဟယ်လင်က ပြောပြသည်။

ထိုသို့ လက်မှုပစ္စည်းဈေးရောင်းပွဲတော်ကို ကျင်းပခြင်းဖြင့် အသေးစားနှင့် အငယ်စားလုပ်ငန်းလုပ်ကိုင်နေသူများအတွက် ဈေးကွက်တိုးတက်ရရှိလာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

ASH

# ရာသီဥတုပြောင်းလဲလာမှုနှင့် ပစိဖိတ်ကျွန်းနိုင်ငံများ၏အနာဂတ်

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ပင်လယ်ပြင်ပူနွေးလာခြင်း၊ ကမ်းခြေများတိုက်စားပြိုကျလာခြင်း၊ လေပြင်းမုန်တိုင်းများတိုက်ခတ်ခြင်းနှင့် ရေများညစ်ညမ်းလာခြင်းသည် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အစွန်းရောက် ရာသီဥတုကိုရင်ဆိုင်နေရသည့် ပစိဖိတ်ကျွန်းနိုင်ငံများအတွက် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ ပစိဖိတ်ကျွန်းနိုင်ငံများတွင် နေထိုင်လျက်ရှိသည့် ၂ ဒသမ ၅ သန်းခန့်သော ပြည်သူများအတွက်မူ ရာသီဥတုပြောင်းလဲမှုနောက်ဆက်တွဲ ဆိုးကျိုးများကို နေ့စဉ်နီးပါးကြုံတွေ့နေရပြီဖြစ်သည်။

အခြေခံအဆောက်အအုံပျက်စီးမှုများ၊ စားနပ်ရိက္ခာ၊ စွမ်းအင်နှင့်သောက်သုံးရေဆုံးရှုံးမှုများ အပါအဝင် စီးပွားရေးဆိုင်ရာပျက်စီးဆုံးရှုံးမှုများသည် ဘီလီယံများစွာရှိနေပြီဖြစ်သည်။ ထိုသို့ ပျက်စီးဆုံးရှုံးမှုများအပြင် သေဆုံးထိခိုက်မှုများ၊ ပညာသင်ကြားခွင့်ဆုံးရှုံးမှုများ၊ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုများနှင့်အိမ်ခြေရာမဲ့များလည်း ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ပျက်စီးဆုံးရှုံးမှုများသည် ကျွန်းနိုင်ငံများ၏ဂေဟစနစ်ကို သဟဇာတဖြစ်အောင် ဖန်တီးထားနိုင်သည့် ကန့်သတ်ချက်ထက် ကျော်လွန်လာနေပြီဖြစ်သည်။ အနိမ့်ပိုင်းတွင်ရှိသော ပစိဖိတ်ကျွန်းနိုင်ငံအားလုံးအပေါ် သက်ရောက်မှုသည် ကြီးမားလှပေသည်။ တူဗာလူနိုင်ငံမြို့တော် ဖူနာဖူတီ၏ နယ်မြေ ထက်ဝက်ခန့်သည် ၂၀၅၀ ပြည့်နှစ်ခန့်တွင် ဒီရေလွှမ်းမိုးမှုခံရတော့မည်ဖြစ်သည်။ ၂၁၀၀ ပြည့်နှစ်တွင် အဆိုပါမြို့တော်၏ ၉၅ ရာခိုင်နှုန်းခန့်သည် ဒီရေလွှမ်းမိုးခံရပြီး သောက်သုံးရေများညစ်ညမ်းလာခြင်း၊ အခြေခံစားနပ်ရိက္ခာလုံခြုံမှုပျက်စီးလာခြင်းနှင့် စွမ်းအင်ပံ့ပိုးရေးကွင်းဆက်များ ပြတ်တောက်သွားတော့မည်ဖြစ်သည်။

ပစိဖိတ်ကျွန်းနိုင်ငံများသည် ပူနွေးလာသည့်ရာသီဥတုဖြစ်စဉ်များကြောင့် အဆိုးရွားဆုံးသော နောက်ဆက်တွဲဖြစ်စဉ်များကို ရင်ဆိုင်နေရသည့်အချိန်တွင် နိုင်ငံခေါင်းဆောင်များအနေဖြင့် အဆိုပါဖြစ်စဉ်များကို အကြိမ်ကြိမ်ဆွေးနွေးအဖြေရှာရလျက်ရှိသည်။ စင်စစ်အားဖြင့် အဆိုပါကျွန်းနိုင်ငံများသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အနည်းငယ်သာရှိသော်လည်း အခြားသောနိုင်ငံများ၏ တာဝန်မဲ့ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုဒဏ်ကို ခံစားနေရခြင်းဖြစ်သည်။

စင်စစ်အားဖြင့် ပစိဖိတ်ကျွန်းနိုင်ငံများအနေဖြင့် အဆိုးရွားဆုံးအခြေအနေကို ငုတ်တုတ်ထိုင်၍ စောင့်နေသည်တော့ မဟုတ်ပေ။ ပစိဖိတ်ကျွန်းနိုင်ငံများသည် ဆယ်စုနှစ်များစွာကြာ ကြံ့ကြံ့ခံရုန်းကန်ရင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာပဋိပက္ခများ ကိုင်တွယ်ဖြေရှင်းနိုင်ရန် လုပ်ငန်းစီမံချက်အသေးစိတ်ကို ရေးဆွဲထားရှိပြီး ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုများနှင့် ဆုံးရှုံးမှုတန်ဖိုးများကိုလည်း တွက်ချက်ထားပြီးဖြစ်သည်။

စွမ်းအင်ပြောင်းလဲထုတ်လုပ်ခြင်း၊ နည်းပညာအသစ်များအသုံးချခြင်းနှင့် ဆန်းသစ်တီထွင်ခြင်းတို့ကို အရှိန်မြှင့်တင် ဆောင်ရွက်သွားရန်လိုအပ်သည်။ ဗန်နူရာတူသည် စွမ်းအင်ပိုမို ထုတ်လုပ်နိုင်ရေးအတွက် တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး ချဉ်းကပ်ဆောင်ရွက်လျက်ရှိသည်။ အိမ်ခြေရာမဲ့များစွာဖြစ်ပေါ်နိုင်သည့် တူဗာလူသည် တိုင်းပြည်ကို ဒစ်ဂျစ်တယ်ပုံစံပြောင်းလဲကာ ယဉ်ကျေးမှုထိန်းသိမ်းနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

အဆိုပါကျွန်းနိုင်ငံများတွင် လူငယ်များသည် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ရာသီဥတုပြောင်း



လဲမှု လျှော့ချတိုက်ဖျက်ရေးဆိုင်ရာ ပစိဖိတ်ကျွန်းနိုင်ငံများ၏ လူငယ်များအဖွဲ့သည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ လှုပ်ရှားမှုများလုပ်ဆောင်ကာ ကုလသမဂ္ဂ၏ နိုင်ငံတကာရာဇဝတ်မှုခုံရုံးသို့ ရာသီဥတု ပြောင်းလဲမှုလျှော့ချရေးအတွက် တရားဝင်အကြံပြုစာပေးပို့ခဲ့သည်။

ယခုနှစ် နိုဝင်ဘာလအတွင်း အီဂျစ်နိုင်ငံ၌ ပြုလုပ်ခဲ့သော COP27 တွင် ရာသီဥတု ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုများကို ကုစားရေးအတွက် ရန်ပုံငွေတစ်ရပ် ထူထောင်နိုင်ရေး စုပေါင်းဆွေးနွေး တိုင်ပင်အဖြေရှာနိုင်ခဲ့သည်။ သို့သော် ၎င်းကိစ္စနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို ဆက်လက်ဆွေးနွေးသွားဦးမည်ဖြစ်သည်။ အဆိုပါရန်ပုံငွေ ထူထောင်နိုင်ခြင်းသည် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးဆိုင်ရာ ဆွေးနွေးပွဲများ၏ နှစ် ၃၀ ခရီးတွင် မှတ်တိုင်တစ်ခုပင်ဖြစ်သည်။ ၎င်းရန်ပုံငွေသည် ဖွံ့ဖြိုးဆဲနိုင်ငံများကို စီးပွားရေးပြန်လည်ဦးမော့ရန်နှင့် ရာသီဥတုပြောင်းလဲမှုနှင့် ဆက်နွှယ်သော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အရေးပေါ်လိုအပ်သော ရန်ပုံငွေများ ပံ့ပိုးပေးသွားနိုင်မည်ဖြစ်သည်။

စင်စစ်အားဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကို နိုင်ငံတစ်နိုင်ငံတည်းစွမ်းအားဖြင့် ဆောင်ရွက်နိုင်မည် မဟုတ်ချေ။ အထူးသဖြင့် ကာဗွန်ထုတ်လွှတ်မှုများပြားသည့် နိုင်ငံကြီးများနှင့် နိုင်ငံပေါင်းစုံ၏ ပူးပေါင်းဆောင်ရွက်မှု များစွာလိုအပ်သည်။ စက်မှုခေတ်ကာလကဲ့သို့ပင် ကမ္ဘာကြီး ပူနွေးမှုကို ၁ ဒသမ ၅ ဒီဂရီဆဲလ်စီယပ်အောက်တွင် ထိန်းသိမ်းထားနိုင်ရေးအတွက် ကမ္ဘာ့အခြားသောနိုင်ငံများ၏ပူးပေါင်းဆောင်ရွက်မှုများ များစွာလိုအပ်လျက်ရှိသည်။ နိုင်ငံအားလုံးနှင့်ကာဗွန်ထုတ်လွှတ်မှု များပြားသော စက်မှုလုပ်ငန်းများသည် ရုပ်ကြွင်းလောင်စာ အသုံးပြုမှုလျှော့ချခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခြင်းတို့ကို အရှိန်မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်ပြီး ဂေဟစနစ် သဟဇာတဖြစ်စေရန်အတွက် အဆင့်မြင့်နည်းပညာများကိုလည်း မျှဝေသွားရန်လိုအပ်သည်။

ရာသီဥတုပြောင်းလဲမှုပဋိပက္ခများ လျှော့ချနိုင်ရေးအတွက် ဆွေးနွေးတိုင်ပင်မှုနှင့် အရေးယူဆောင်ရွက်မှုများကို တက်ကြွစွာဆောင်ရွက်သွားရန်လိုအပ်သည်။ ရာသီဥတုပြောင်းလဲမှုအတွက် အနည်းငယ်ခန့်သာ တာဝန်ရှိသော်လည်း အများဆုံးခံစားနေရသည့် နိုင်ငံများ၏အရေးကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန်လိုအပ်သည်။ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးသည် ကမ္ဘာ့သူ၊ ကမ္ဘာ့သားအားလုံးနှင့် နိုင်ငံအားလုံးတွင် တာဝန်ရှိသဖြင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပေသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)သည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးတွင် အထောက်အကူပြုနိုင်ရန်အတွက် ပစိဖိတ်ဒေသရှိ နိုင်ငံ ၁၆ နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် UNDP သည် ဖန်လုံအိမ်ဓာတ်ငွေ့ (GHG) ထုတ်လွှတ်မှုလျှော့ချရေးအတွက် အမျိုးသားရေးအသွင်ဖြင့် ပါဝင်မှုဆောင်ရွက်မှုများ (NDCs) တွင် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုသည် ထိခိုက်လွယ်သောနိုင်ငံများကို အဓိကထား၍ ဆောင်ရွက်ပေးလျက်ရှိသည်။

လူသားတို့ကို သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော သဘာဝပတ်ဝန်းကျင်တွင် နေထိုင်ခွင့်ရရှိစေမည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ UNDP ၏မူဝါဒစာတမ်းသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများကို မမျှမတ ခံစားနေရသည့်နိုင်ငံများကို ကာကွယ်စောင့်ရှောက်ရေးပေးရန်နှင့် ရသင့်ရထိုက်သော အကူအညီများ ပေးအပ်သွားရန်ပင်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းစဉ်များသည် ပစိဖိတ်ကျွန်းနိုင်ငံ ခြောက်နိုင်ငံကို ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအတွက် အထောက်အကူပြုသွားမည်ဖြစ်သည်။ သာဓကအနေဖြင့် ပါပူဝါနယူးဂီနီတွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးအတွက် NDCs များကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ပြည်သူလူထု၏ စားဝတ်နေရေး အဆင့်မြှင့်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရင်း စွမ်းအင်နှင့်သစ်တောကဏ္ဍတို့ ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ရေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာအဆင့်ထိ ပူးပေါင်းဆောင်ရွက်သွားမှသာလျှင် NDCs ရည်မှန်းချက်များရုပ်လုံးပေါ်လာမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံရေးရည်မှန်းချက်များနှင့် အရင်းအမြစ်များလည်း လိုအပ်လျက်ရှိသည်။

အမှန်တော့ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက် ပေးဆပ်ရသောကုန်ကျစရိတ်သည် များပြားလွန်းလှသည့်တိုင်အောင် အရေးယူဆောင်ရွက်ခြင်းမရှိလျှင် ပေးဆပ်ရသည့်ကုန်ကျစရိတ်က ပိုမိုများပြားနေမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ရန်ပုံငွေစုဆောင်းသွားရန်လိုအပ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံသူများသည် ရန်ပုံငွေထည့်ဝင်သွားရန်လိုအပ်သည်။ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် ငွေချေးငှားမှုအတွက် ကုန်ကျစရိတ်သက်သာစေမည်ဖြစ်သည်။

ပစိဖိတ်ကျွန်းနိုင်ငံများသည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက် ကြိုးပမ်းဆောင်ရွက်နေစဉ် ကာဗွန်ထုတ်လွှတ်မှုအတွက် တာဝန်ရှိသောနိုင်ငံများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် အပြုသဘောဆောင်စွာ ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်သည်။ ဆိုရလျှင် ပစိဖိတ်ကျွန်းနိုင်ငံများ၏အနာဂတ်သည် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များပေါ်တွင် များစွာမူတည်လျက်ရှိပေသည်။

**ကိုးကား**

- **Pacific Island nations fight for survival and climate justice by Asia Times.**

---

# ဆီဆိုင်မြို့နယ်၌ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း

**ဆီဆိုင် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းများထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက နောင်ကျောကျေးရွာအုပ်စု ဘုရားဖြူကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်လွင်လွင်ဦးက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆီဆိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချပေးသော အသိပညာ၊ အတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာအသုံးချပြီး မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော ဒေသဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ဆပ်ပြာရည်၊ ခေါင်းလျှော်ရည် စသည့်လူသုံးကုန်ပစ္စည်းများနှင့် ပတ်သက်သည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြများက ဒီဇင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၁၂ ရက်ထိ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်မြို့နယ်ဦးစီးမှူး ဒေါ်နန်းနုထုံမှ သိရသည်။

**ရှိုသန်းဦးနှံ့**

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing delivers speech to officers, other ranks, families of Myitkyina Station



Senior General Min Aung Hlaing meets officers, other ranks and families of Myitkyina Station.

**Nay Pyi Taw December 13**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by Daw Kyu Kyu Hla, the wife of the Senior General, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior officers from the Office of the Commander-in-Chief of Defence Services, Commander of Northern Command Maj-Gen Ko Ko Maung and responsible officers, delivered a speech to officers and other ranks and families of the Northern Command at the Balaminhtin Hall this morning.

**Historical trends and political developments of the country**

In his speech, the Senior General pointed out that it can be seen that reviewing the history, the country was annexed by the British, who adopted the divide-and-rule policy between the mainland and mountain states, and caused ignited ethnic conflicts. Since then, a concept that ethnic states were separate territories of the national races apart from the mainland, which has jeopardized the union until now. Although this year coincided with the diamond jubilee of the union and is heading to the diamond jubilee independence day in the upcoming year, it can be seen that armed conflicts are still erupting and peace cannot be restored fully.

Officers, other ranks and families are required to understand the history correctly. In retrospect to the history, it can be seen that the parliamentary democracy system was adopted after independence was regained in 1948. There was rivalry between socialism and capitalism and differences of opinion. The communist party took up armed struggle in March, 1948, followed by the emergence of ethnic armed organizations like the KNDO. In about 1950, as the Kummington invaded the country, the Tatmadaw had to ward off them. Moreover, there emerged ethnic conflicts caused by the divide-and-rule policy of the colonialists and internal party conflicts and Myanmar became a country with the highest number of armed organizations in the world. The Tatmadaw had to struggle for the non-disintegration of the union resided by all ethnic national races in the entire country.

**Tatmadaw had to struggle for non-disintegration and stability of the union**

Following the political issues, armed conflicts and internal party differences, the caretaker government took office in 1958. From 1962 to 1988, the country was ruled by the Burma Socialist Programme Party. The government founded the party by cooperating with politicians and the people who supported socialism and implemented the system until 1988. There were many advantages and disadvantages in socialism. Due to weaknesses of socialism and management, the economy of the country was in downturn, leading to the 1988 disturbances. During the disturbances, the sovereignty of the country was almost lost and the functions of the then existing government came to a halt in September, 1988. As a result, the Tatmadaw had to intervene in the situation and assumed state power.

Since 1988, the Tatmadaw government paved the way for the mulit-party democracy in accordance with the will of the people. It was found that the people was desirous of the multi-party democracy system due to the dislike of the one-party system and the economic downturn. Therefore, the Tatmadaw had to take measures to draft a constitution that was compatible with the multi-party democracy system. The national convention, which was made up of groups from all walks of life of the national race peoples, debated the provisions of the constitution contentiously, which was approved by the nationwide referendum in 2008.

After the first democratic election, the democratic government led by U Thein Sein took office and the Tatmadaw made concerted efforts with the government. After the second democratic elections in 2015, a new government that won the elections took office. It can be seen that the economy fell down due to management weaknesses of the new government. The nation's economy declined more due to the impact of the COVID-19 outbreaks. Politically dishonest acts were seen in political, economic and social sectors. Voter frauds were seen after the then ruling party acted in dishonest ways to win votes in the 2020 Multi-party Democracy General Election. Despite the Tatmadaw's request to solve differences in ballots, there was not any act to respond to the request but an attempt to summon the Hluttaw. That is why the Tatmadaw took responsibilities of the State in accordance with the Constitution. The Tatmadaw has been acting to strengthen the nation's path to a multi-party democracy system and will never go against that path. Therefore, measures for ensuring stability and peace of the nation are being taken in accordance with the law.

**Boosting defence capabilities of the nation with integrated unity**



Senior General Min Aung Hlaing gives guidance to officers.

Disintegration of solidarity of the nation has been witnessed upon such vote frauds. If people are divided over attitude, there will be less unity and disintegration. **It is necessary to learn such a lesson. It will be seen if the citizens are divided ideologically and their solidarity is disintegrated,** *See Page 14*

# SAC Chairman Prime Minister Senior General Min Aung Hlaing meets MSME businesspersons from Kachin State


Senior General Min Aung Hlaing holds talks with MSME entrepreneurs.

**Nay Pyi Taw December 13**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing this afternoon met with businesspersons of micro, small and medium scale enterprises from Kachin State at the city hall in Myitkyina to talk about development of businesses.

Also present at the meeting were Joint Secretary of the SAC Lt-Gen Ye Win Oo, Council members Jang Phang Naw Taung and Saw Denial, Union ministers Lt-Gen Tun Tun Naung, U Win Shein, U Hla Moe, Dr Charlie Than and U Aung Naing Oo, Kachin State Chief Minister U Khet Htein Nan, senior military officers from the Office of the Commander-in-Chief, the commander of Northern Command, deputy ministers, state cabinet members, MSME businesspersons and officials.

**Individual reports on requirements for development of businesses**

First, the State Chief Minister reported on regional facts, establishment of Myitkyina industrial zone, formation of industrial ward, manufacturing of industrial products at the industrial ward, operation of MSMEs in Kachin State, assistance for development of MSMEs in Kachin State, disbursement of loans by the government for MSME development and extension of industries, setting products for operating one village-one product scheme, and implementation of agriuclture and livestock farms with the State economic promotion fund.

Then, U Aung Than Htut Oo of Swan-in Pyaehlyan advanced briquette industry, Daw Ni Ni Lwin of Shwe-oak-saung amber health product industry, U Benjamin of Phyo Wai Wai paper recycling industry and U Than Win of Manaw Myanmar weaving industry reported on difficulties of MSME in Kachin State, needs of aid from the government, negotiation for reducing commercial tax in export of finished products to foreign countries with the use of domestic raw materials, disbursement of capital loans and needs for local businesses.

U Zakhun Yein Saung of Kachin Special Region (1) retold the thanks expressed by local peope to the government for development undertakings in Chipwe and Panwa region, better transportation for quick development of local socioeconomic life, and other requirements. The businesspersons also submitted general requirements.

**Discussions of Union ministers on relevant sectors**

In their response to the indivdual reports and discussions of businesspersons, the Union ministers and deputy ministers discussed turning out of human resources in establishment of border region development training schools, undertaking of regional development tasks including smooth transportation, fulfillment of relevant ministries in holding meetings with businesspersons for development of MSMEs, setting up a State economic promotion fund to provide capital funds to regions, states and self-administered regions, encouragemet of the State to have further development of MSME sector, a plan to set up a fund for providing capitals to them, needs to pay back the loans to the government in set period as the government disbursed loans under various titles, readiness of the government to assist in all tasks of businesspersons under the procedures, and correct tasks of those businesspersons, seeking market shares for MSME products, and needs of concerted efforts to eradicate illegal trade for improvement of MSMEs.


Senior General Min Aung Hlaing looks around the exhibition hall.

The Kachin State Chief Minister discussed arrangements for fulfilling needs for development of MSMEs in Kachin State.

**Encourage and support MSMEs**

In his speech, the Senior General said he came to meet the MSME entrepreneurs to fulfil the needs of the MSME industry. Visits were paid to various regions and states for promoting MSMEs to contribute to national economy. Not only developing countries like Myanmar but also developed ones have their local businesses, over 90% of which are MSMEs. So, the State is making efforts for the MSME development. With weaknesses in economic and trade management since 2018, the country's economy has declined without much foreign income. Larger imports have led to trade deficits. Goods were imported with the money earned from non-trade activities. The lack of encouragement for domestic production and much reliance on imports resulted in huge trade deficits got the country into debt and in a dangerous situation.

Although we did not receive foreign loan and cash assistance when we started assuming State duties, we have been paying our foreign debts. Now, the country's economy has improved again to a certain degree. The encouragement of local businesses will improve national economy. This is why MSMEs are being encouraged. Rural economy, in other words, agricultural and livestock breeding, which are main businesses of the country must be encouraged. Socio-economic progress of the rural people will see increased demand. Then, cash flow will be smooth and production increase, thereby contributing to national economy. Thus, the government is encouraging local businesses such as MSMEs, import-substitute goods and increased exports.

**Electricity and fuel oil needs**

National economic progress measures require State peace and stability as well as electricity. *See Page 14*


Senior General Min Aung Hlaing views MSME products with keen interest.

# SAC Vice Chairman Deputy Prime MinisterVice-Senior General Soe Win receives delegation led by Deputy Director General of State Atomic Energy Corporation Rosatom of Russian Federation



**Nay Pyi Taw December 13**

Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win received delegation led by Deputy Director General H.E. Mr. Nikolay SPASSKIY of State Atomic Energy Corporation Rosatom of Russian Federation at the SAC Office here this afternoon.

Both sides cordially exchanged views on feasibility of the joint project between Ministry of Electric Power and Ministry of Science and Technology of Myanmar and Rosatom of Russia and future work programs.

After the call, the Vice-Senior General and the Dy DG of Rosatom exchanged commemorative gifts and posed for documentary photo.

Present together with the Vice-Senior General were Union ministers U Thaung Han and Dr Myo Thein Kyaw and officials. The Rosatom Dy DG and delegation were accompanied by Ambassador of Russia to Myanmar H.E. Dr.Nikolay LISTOPADOV. 100

**Vice-Senior General Soe Win receives Deputy Director General H.E. Mr. Nikolay SPASSKIY of State Atomic Energy Corporation Rosatom.**

---

*From Page 12*

**the nation's strength will be less.** It is needed to have unity even in a family so that the family could have strength of unity and could ensure security and improvement of socio-economic life. It is required for the officers, other ranks and their families to be united. As there is a lot of impact in the strength of unity, all need to stay united. To do so, it is necessary to have good, correct leadership and cohesive and fair administration as well. If a household head leads a family, there is no way to disintegrate the family, In the Tatmadaw, it is necessary to have cohesive and fair administration forms and to perform administration and give command with a sense of understanding man's nature.

If the entire Tatmadaw is united at different levels, no one could encroach on the Tatmadaw. **Only If the Tatmadaw is strong, will the nation be strong. Only if unity is built in the Tatmadaw unshakably, will the perpetuation of the nation be assured**. The Tatmadaw has been safeguarding Our Three Main National Causes in successive eras hand in hand with the people. **The Tatmadaw will always be the guardian to the nation in any era or any time of a government**. Only if the Tatmadaw's defence capabilities are high, will it be as a guardian to the nation. Therefore, individual capability of a serviceman and capability of weapons are being built to be higher. Strength of unity and integrated unity strength must be built as well. It is a similar way for the nation too. As there are divisions on the fronts of political and ethnic affairs, it is making efforts with two goals to ensure strength of unity and integration. The two goals are to **strengthen the multi-party democracy system and build a Union based on democracy and federalism**. Upon those goals, we have to endeavor to ensure the unity of the nation. As it is compulsory for the nation to have the correct strength of unity and integration, I have widely talked about the history of the situation the nation passed through to learn a necessary lesson.

Besides, as today is an age of technology, it should not be left behind. **It is necessary for all to study for the improvement of one's knowledge and to help promote his or her children's education and knowledge. Only if knowledge is high will the democracy system and the nation's future be assured.**

### Foodstuff and cash bonus presented

Then, the Senior General presented foodstuff and cash bonus to the officers, other ranks and families through the command commander, wife of the Senior General cash bonus for the cantonment's maternal welfare and child welfare association through the wife of the command commander.

Later, the command commander briefed the Senior General and party on construction tasks of the Tamadaw in the command's area and state of the measures being taken for security, domination of military jurisdictional area and rule of law.

The Senior General gave necessary instructions on stability and peace of the region, rule of law and unity in the command. 100

---

*From Page 13*

Our country can generate about 40,000 megawatts of electricity from hydropower sources. But for various reasons, those projects halted. Kachin State has a lot of resources to produce power so they should be efficiently employed. Implementing hydropower projects takes a certain period of time plus large investments. To meet electricity needs, measures can be taken for solar power and wind power while electricity usage needs to be saved.

We have to spend large amounts of foreign exchange to import fuel oil annually. So, fuel oil should be saved as much as possible. Vehicles without fuels like bicycles should be used out of patriotism. In transporting goods also, trains should be used because they consume less fuel but can carry large amounts of goods. Individuals' saving of fuel will reduce foreign exchange spending.

### Encourage local economy based on local products

High commodity prices usually result from high production and transportation costs and imbalanced supply and demand. Already blessed with favourable soil and aquatic conditions, Kachin State can carry out agricultural and livestock activities successfully. If enough goods can be produced inside the country, commodity prices will decrease. Encouraging MSMEs is aimed at developing all local businesses. So, efforts need be made to serve individuals' interests and then the national interests. In Kachin State, manufacturing businesses should be run to serve the interests of the majority rather than individuals'. Ago- and livestock-based MSMEs can produce import-substitute consumer goods and foodstuffs. As Kachin State has a large acreage of rubber plantations, tyres and other consumer goods can be produced from rubber. Enough production is necessary and value-added products can be exported. The state has abundant bamboo and wood. With the use of them, pulp can be produced to meet local paper demand. Other kinds of bamboo-based products can also be manufactured. For that, the State will provide necessary assistance. Likewise, processing of fruits grown in Kachin State into value-added goods will ensure exports and benefits.

Systematic efforts should be made for the availability of strain, soil, water and quality seeds, good soil, adequate water supply and correct cultivation method which are basic agro-factors for regional rice sufficiency. Increase in per acre yield is more important than sown acreage extension. Replacement of traditional breeding method with cage-breeding will increase income and bring a lot of benefit to the country as more products can be exported. So, agro-based MSMEs should serve as a driving force for the success regional businesses.

### Education promotion for human resources production

Raw materials, inputs, capital and human resources are the main requirements for the success of MSMEs. In this age of market-oriented economy, use of easily available raw materials will lead to success of production businesses. The government is providing encouragement to the best of its ability to generate qualified human resources through education promotion. Education promotion programs also cover the higher education sector. Education promotion campaigns improve the future of every individual and the country. In this regard, education promotion is a must. Only then will the country be able to produce human resources for further progress. The government will provide assistance to the best of its ability for progress of MSMEs in Kachin State. Entrepreneurs should also make collective efforts to reach this end.

The Senior General cordially greeted MSME entrepreneurs.

With keen interest, the Senior General viewed the mineral products, foodstuff, social goods, industrial goods, handicrafts, textiles, and traditional medicines, displayed at the exhibition hall and asked information about the market. 100

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံဂျုံ ၇၅၀၈၄ ဧက စိုက်ပျိုးပြီးစီး



**မုံရွာ ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၇၅၀၈၄ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဂျုံသီးနှံဧက ၁၀၂၆၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၅၀၈၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ နှစ်စဉ် ဂျုံသီးနှံစိုက်ပျိုးမှုအနေနဲ့ ဧက တစ်သိန်းကျော်လောက်စိုက်ပျိုးပါတယ်။ ဒီနေ့ထိ ၇၅၀၈၄ ဧက စိုက်ပျိုးပြီးပါပြီ။ ဒီနှစ် ဆောင်းရာသီမှာ ဂျုံသီးနှံကို တိုးစိုက်ဖို့ရှိပါတယ်။ ဂျုံစိုက်ပျိုးမှုအတိုး၊ အလျော့က တော့ ဈေးကွက်အပေါ်မူတည်ပါတယ်။ ဈေးမြင့်ရင် ဂျုံသီးနှံကိုတိုးချဲ့စိုက်ကြတယ်။ ဂျုံသီးနှံစိုက်ပျိုးမှုက တစ်နှစ်နဲ့တစ်နှစ် မကွာပါဘူး"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဂျုံသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးခရိုင်တွင် ၂၄ ဧက၊ မုံရွာခရိုင်တွင် ၇၀၆၆ ဧက၊ ယင်းမာပင်ခရိုင်တွင် ၃၀၂၈ ဧက၊ ရွှေဘိုခရိုင်တွင် ၂၅၆၉၂ ဧက၊ ရေဦးခရိုင်တွင် ၅၁၈ ဧက၊ စစ်ကိုင်းခရိုင်တွင် ၃၈၇၅၆ ဧက စုစုပေါင်း ၇၅၀၈၄ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဂျုံစိုက်ပျိုးမှုအနေဖြင့် ၂၀၁၈-၂၀၁၉ စိုက်ပျိုးရာသီတွင် ၁၁၄၁၆၁ ဧက၊ ၂၀၁၉-၂၀၂၀ စိုက်ပျိုးရာသီတွင် ၁၀၇၂၃၄ ဧက၊ ၂၀၂၀-၂၀၂၁ စိုက်ပျိုးရာသီတွင် ဂျုံသီးနှံ ၁၀၂၆၁၁ ဧကနှင့် ၂၀၂၁-၂၀၂၂ စိုက်ပျိုးရာသီတွင် ၉၇၈၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဂျုံသီးနှံစိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧက စိုက်ပျိုးလျှင် ငွေကျပ် သုံးသိန်းခန့် ကုန်ကျစရိတ်ရှိပြီး ဂျုံတစ်ဧက စိုက်ပျိုးပါက ၂၀ တင်း ထွက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် တောင်မန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းဘူး ဒီဇင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်မန်းကျေးရွာ၌ Cash For Work (CFW)စီမံကိန်းဖြင့် မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးကျော့နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအွမ်တန်ဟုန်း၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဝင်း၊ မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ရှိ ဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ တောင်မန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးကျော့နိုင်က လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြိုးကြပ်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။



တောင်မန်းကျေးရွာတွင် CFW စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် အရှည်ပေ ၄၇၀၀၊ အကျယ်၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာများ ပံ့ပိုးကာ အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ခင်မာ**

# ကျောက်မဲမြို့နယ် ကွဲကုန်း-နားပြိန်း-နောင်ကွမ်-ပုံဝိုးလမ်းတွင် ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ကျောက်မဲ ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကကျောက်မဲမြို့နယ် ကွဲကုန်း-နားပြိန်း-နောင်ကွမ်-ပုံဝိုးလမ်းတွင် ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ ကျောက်မဲခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်မျိုးမြတ်၊ ကျောက်မဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးညွန့်ရွှေတို့က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၃၇၄ သန်းဖြင့် ဆောင်ရွက်နေသည့် ကျောက်မဲမြို့နယ် ကွဲကုန်း-နားပြိန်း-နောင်ကွမ်-ပုံဝိုးလမ်းတွင် ကတ္တရာလမ်းသစ်ခင်းရန်အတွက် လမ်းပြုပြင်ထားရှိမှု၊ လမ်းအခြေခံလွှာတည်ဆောက်နေမှုတို့ကို စစ်ဆေးကြပြီး ညွှန်ကြားရေးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ကျောက်မဲမြို့နယ် ကွဲကုန်း-နားပြိန်း-နောင်ကွမ်-ပုံဝိုးလမ်းတွင် အရှည်တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းကို ကျောက်မဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၈၄ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ကတ္တရာလမ်းသစ် ခင်းပေးနိုင်မှုကြောင့် ကျေးရွာ ၁၅ ရွာမှ လူဦးရေ ၆၈၈၅ ဦးတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၃-၁၂-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၅၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၈၀၀၀ |
| **(ဓွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွဇိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၇၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၈၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၁၉၃၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ဗလမင်းထင်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

**နိုင်ငံ့သမိုင်းကြောင်း ဖြတ်သန်းခဲ့မှုနှင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ**

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံ့သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက တိုင်းရင်းသားများစုပေါင်းနေထိုင်လျက်ရှိသည့် မိမိတို့၏ ပြည်ထောင်စုနိုင်ငံတော်ကြီးကို နယ်ချဲ့အင်္ဂလိပ်တို့က သိမ်းပိုက်ခဲ့ပြီး တောင်တန်းပြည်မ သွေးခွဲအုပ်ချုပ်ခဲ့မှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့ရသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ အုပ်ချုပ်မှုပုံစံအမျိုးမျိုးဖြင့် ခွဲခြားအုပ်ချုပ်ခဲ့ချိန်မှစ၍ မိမိတို့ပြည်ထောင်စုတိုင်းရင်းသားတို့၏စိတ်အတွင်း၌ တိုင်းရင်းသားနယ်မြေများသည် ပြည်မမှသီးခြားဖြစ်သည်ဟူသည့် အယူအဆများပေါ်ပေါက်လာခဲ့ကြောင်း၊ တိုင်းပြည်ကို ယခုအချိန်အထိ အန္တရာယ်ပေးခဲ့သည့်အချက်တစ်ချက်လည်းဖြစ်ကြောင်း၊ ယခုနှစ်သည် မိမိတို့နိုင်ငံ၏ စိန်ရတုပြည်ထောင်စုနှစ်ဖြစ်ပြီး လာမည့်နှစ်တွင် စိန်ရတုလွတ်လပ်ရေးနှစ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ စိန်ရတုကာလသို့ရောက်ရှိပြီဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများရှိနေဆဲဖြစ်ကာ ငြိမ်းချမ်းမှုအပြည့်အဝမရရှိသေးသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

> **တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်ပြီး တပ်တွင်းစည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာဖြင့် တည်ဆောက်နိုင်မှသာလျှင် နိုင်ငံတည်တံ့ခိုင်မြဲရေးအတွက်လည်း စိတ်ချနိုင်မည်ဖြစ်. . .**
>
> **မည်သည့်အစိုးရ မည်သည့်ခေတ်ပင်ဖြစ်စေ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သူ Guardian အနေဖြင့် တည်ရှိနေမည်ဖြစ်. . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ဇေးသောက်ဖွယ်ရာများပေးအပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်က လက်ခံရယူစဉ်။

အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိနိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်းကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ သမိုင်းကြောင်းကိုလေ့လာကြည့်မည်ဆိုပါက ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးကာလတွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏ အားပြိုင်ခဲ့မှု၊ အယူဝါဒကွဲပြားမှုများရှိခဲ့ကြောင်း၊ ၁၉၄၈ မတ်လတွင် ကွန်မြူနစ်ပါတီ တောခိုခဲ့ကြောင်း၊ ထို့နောက် KNDO ကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာခဲ့ကြောင်း၊ ၁၉၅၀ ပြည့်နှစ်ခန့်တွင် တရုတ်ဖြူတို့ ကျူးကျော်ခဲ့သဖြင့် တပ်မတော်က ပြန်လည်တိုက်ထုတ်ခဲ့ရကြောင်း၊ ထို့ပြင် ကိုလိုနီအစိုးရ၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် ဖြစ်ပေါ်လာသည့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ၊ အာဏာရပါတီတွင်း ပြဿနာများပေါ်ပေါက်လာခဲ့ပြီး ထိုစဉ်က ကမ္ဘာ၌ လက်နက်ကိုင်အဖွဲ့အစည်း အများဆုံးတိုင်းပြည်ဖြစ်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အတူတကွယှဉ်တွဲနေထိုင်နေသည့် ပြည်ထောင်စုကြီး မပြိုကွဲစေရေးအတွက် နိုင်ငံတစ်ဝန်း ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

**လက်နက်ကိုင်ဆူပူမှုများအကြား ပြည်ထောင်စုကြီးမပြိုကွဲစေရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်ခဲ့ရ**

ထိုကဲ့သို့ နိုင်ငံရေးပြဿနာများ၊ လက်နက်ကိုင်ပဋိပက္ခများနှင့် ပါတီတွင်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရတက်လာခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့က အုပ်ချုပ်ဆောင်ရွက်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ရာ၌ နိုင်ငံရေးသမားများ၊ ဆိုရှယ်လစ်စနစ်ကိုထောက်ခံသည့် ပြည်သူလူထုတို့ဖြင့် **စာမျက်နှာ ၁၉ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ရံပုံငွေများ ပေးအပ်ရာ တိုင်းမှူး၏ဇနီးက လက်ခံရယူစဉ်။






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တပ်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များ ထမ်းဆောင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။**

**စာမျက်နှာ ၁၈ မှအဆက်**

ပူးပေါင်း၍ လမ်းစဉ်ပါတီကို တည်ထောင်ကာ ၁၉၈၈ ခုနှစ်ထိလျှောက်လှမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် အားနည်းချက်များရှိသကဲ့သို့ အားသာချက်များလည်း များစွာရှိကြောင်း၊ ဆိုရှယ်လစ်စနစ်၏ အားနည်းချက်၊ စီမံခန့်ခွဲမှု အားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပေါ်လာခဲ့ကြောင်း၊ ၎င်းအရေးအခင်း၌ တိုင်းပြည်၏ အခြေအနေယိမ်းယိုင်လာခဲ့ပြီး အချုပ်အခြာအာဏာပြိုကွဲမည့်အခြေအနေနှင့် ရင်ဆိုင်လာခဲ့ရပြီး ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် တည်ဆဲအစိုးရ၏လုပ်ငန်းများရပ်တန့်ခဲ့သဖြင့် တပ်မတော်က ဝင်ရောက်ထိန်းသိမ်းတာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း။

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရတက်လာခဲ့ပြီး ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်သွားနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူလူထုအနေဖြင့် တစ်ပါတီဆိုရှယ်လစ်စနစ်ကိုမကြိုက်မနှစ်သက်ခြင်း၊ စီးပွားရေးကျဆင်းခဲ့ရခြင်းတို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်ကိုကျင့်သုံးနိုင်ရေး ၎င်းနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုရေးဆွဲနိုင်ရေး ဆောင်ရွက်ခဲ့ရကြောင်း၊ တိုင်းရင်းသားပြည်သူလူထုနှင့် အလွှာပေါင်းစုံမှ အစုအဖွဲ့များ ပါဝင်သောအမျိုးသားညီလာခံ၌ အချေအတင်ဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ခဲ့ကြောင်း။

ဒီမိုကရေစီပထမအကြိမ်ရွေးကောက်ပွဲတွင် ဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီအစိုးရတစ်ရပ်တက်လာခဲ့ပြီး တပ်မတော်အနေဖြင့် လက်တွဲညီညီကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ဒီမိုကရေစီဒုတိယအစိုးရ သက်တမ်းကာလတွင် ရွေးကောက်ပွဲအနိုင်ရသည့် အစိုးရသစ်တစ်ရပ်တက်လာခဲ့ကြောင်း၊ အစိုးရသစ်၏ စီမံခန့်ခွဲမှု အားနည်းချက်များရှိခဲ့ခြင်းကြောင့် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများကြောင့်လည်း နိုင်ငံ၏စီးပွားရေး ပိုမိုကျဆင်းခဲ့ကြောင်း၊

**စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိ. . .**

**ပညာရေး နှင့်ပတ်သက်၍ ဖတ်ရှု၊ မှတ်သား၊ လေ့လာခြင်းဖြင့် အသိပညာမြင့်မားအောင် ကြိုးစားရမည်ဖြစ်ပြီး အသိပညာမြင့်မားမှသာလျှင် ဒီမိုကရေစီစနစ်နှင့် တိုင်းပြည်၏အနာဂတ်ကိုလည်း အာမခံနိုင်မည်ဖြစ်. . .**

နိုင်ငံရေးအရအသုံးချ၍ မရိုးမသားဆောင်ရွက်မှုများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တို့တွင် အသုံးချခြင်းများလုပ်ဆောင်လာခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် အာဏာရပါတီအနေဖြင့် မဲအနိုင်ရရှိရေး မသမာသည့်နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ပြီး မဲမသမာမှုဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မဲစာရင်းကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်က ပြောကြားခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိဘဲ လွှတ်တော်ခေါ်ယူရန်အထိပင်ဖြစ်လာသဖြင့် တပ်မတော်က နိုင်ငံတော်၏တာဝန်များကို အခြေခံဥပဒေနှင့်အညီ ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက် လုပ်ဆောင်နေခြင်းဖြစ်ပြီး ထိုလမ်းကြောင်းပေါ်မှ သွေဖည်စေမည် မဟုတ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်ရေးကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေကြောင်း။

### ဇစည်းညီညွတ်သည့်အားဖြင့် နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်ဆောင်ရွက်

ထိုကဲ့သို့သော မဲမသမာမှုဖြစ်စဉ်ဖြစ်ပေါ်ခဲ့မှုအပေါ်မူတည်၍ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ၏စည်းလုံးညီညွတ်မှုပျက်ပြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ **ဝါးတစ်စည်းတွင် အစည်းပြေသွားပါက အားလျော့တတ်သကဲ့သို့ လူတို့တွင်လည်း အချင်းချင်း သဘောထားကွဲလွဲမှုများဖြစ်ပေါ်လာပါက ဇစည်းညီညွတ်မှုအား ယုတ်လျော့ပြီး ပြိုကွဲတတ်သည်ကို သင်ခန်းစာယူကြရန်လို**ကြောင်း၊ နိုင်ငံသားအချင်းချင်း သဘောထားကွဲလွဲပြီး စည်းလုံးညီညွတ်မှုပြိုကွဲပါက နိုင်ငံ၏အားသည်လည်း လျော့နည်းသွားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိသားစုတစ်စု၌ပင်ဖြစ်စေ စည်းလုံးညီညွတ်မှုရှိမှသာလျှင် စုစည်းညီညွတ်သည့်အားကို ရရှိနိုင်မည်ဖြစ်ပြီး မိမိ မိသားစု၏ လုံခြုံမှုနှင့် လူမှုစီးပွားဘဝမြင့်တက်မှုကို ရရှိစေမည်ဖြစ်ကြောင်း၊ တပ်တွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံးသည်လည်း စည်းလုံးညီညွတ်ရန်လိုကြောင်း၊ စည်းလုံးညီညွတ်မှု၏အားသည် သက်ရောက်မှုများစွာရှိသဖြင့် အားလုံးစည်းလုံးညီညွတ်စွာဖြင့် နေထိုင်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တော်တည့်မှန်ကန်သည့် ခေါင်းဆောင်မှုဖြစ်ရန်နှင့် ညီညွတ်မျှတသည့်အုပ်ချုပ်မှုရှိရန်လိုကြောင်း၊ အိမ်ထောင်ဦးစီးဖြစ်သူက တော်တည့်မှန်ကန်စွာနှင့် ညီညွတ်မျှတသည့်မေတ္တာတရားဖြင့် မိသားစုကိုဦးဆောင်နေထိုင်မည်ဆိုပါက မည်သို့မျှပြိုကွဲနိုင်မည်မဟုတ်ကြောင်း၊ တပ်မတော်တွင်း၌လည်း နေရာအလိုက် ညီညွတ်မျှတသည့်အုပ်ချုပ်မှုပုံစံများဖြစ်ရန်လိုပြီး လူသဘောသဘာဝများကို နားလည်စွာဖြင့် ကွပ်ကဲအုပ်ချုပ်ရန်လိုကြောင်း။

မိသားစုတစ်စု၊ တပ်ရင်း၊ တပ်ဖွဲ့များအလိုက်စသည်ဖြင့် အခြေခံမှစ၍ စည်းလုံးညီညွတ်ပြီး တပ်မတော်တစ်ရပ်လုံး စည်းလုံးညီညွတ်မည်ဆိုပါက မည်သူမျှ တပ်မတော်ကို ထိပါး၍ရမည်မဟုတ်ကြောင်း၊ **တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်ပြီး တပ်တွင်းစည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာဖြင့်တည်ဆောက်နိုင်မှသာလျှင် နိုင်ငံတည်တံ့ခိုင်မြဲရေးအတွက်လည်း စိတ်ချနိုင်မည်ဖြစ်**ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများနှင့် လက်တွဲပြီး ဒို့တာဝန်အရေးသုံးပါးကို ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ **မည်သည့်အစိုးရမည်သည့်ခေတ်ပင်ဖြစ်စေ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သူ Guardian အနေဖြင့် တည်ရှိနေမည်ဖြစ်**ကြောင်း၊ တပ်မတော်အနေဖြင့် စွမ်းရည်၊ စွမ်းအားမြင့်မားပြီး ကာကွယ်ရေးစွမ်းပကားမြင့်မားနေမှသာလျှင် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်သူအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်သည်တစ်ဦးချင်းမှစ၍ စွမ်းရည်မြင့်မားရေး၊ လက်နက်စွမ်းပကားမြင့်မားရေးကို တည်ဆောက်ပေးနေခြင်းဖြစ်ပြီး စည်းလုံးခြင်းအင်အား၊ စုစည်းညီညွတ်သည့်အားကို တည်ဆောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအနေဖြင့်လည်း အလားတူပင်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများရှိနေခြင်းကြောင့် စုစည်းညီညွတ်သည့်အင်အားတစ်ခုရရှိရေးအတွက် ရည်မှန်းချက်နှစ်ခုပေး၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းရည်မှန်းချက် နှစ်ခုအနေဖြင့် **စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ ယင်းရည်မှန်းချက်နှစ်ခုအပေါ်မူတည်၍ တိုင်းပြည်စည်းလုံးညီညွတ်မှုရရှိအောင် မိမိတို့အနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်အတွက် မှန်ကန်သည့် စုစည်းညီညွတ်သည့်အားတစ်ခု မဖြစ်မနေလိုအပ်သည့်အတွက် သင်ခန်းစာရယူနိုင်ရန် ယခုကဲ့သို့ နိုင်ငံ့သမိုင်းကြောင်း ဖြတ်သန်းခဲ့မှုအခြေအနေများနှင့်တကွ အကျယ်တဝင့်ရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း။

ထို့ပြင် ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နောက်ကျကျန်ရစ်၍ ရနိုင်မည်မဟုတ်ကြောင်း၊ အသိပညာမြင့်မားစေရေးအတွက် မိမိကိုယ်တိုင်စာပေလေ့လာမှုသာမက မိမိတို့၏သားသမီးများကိုလည်း စာပေ၊ဗဟုသုတမြင့်မားအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ **ပညာရေးနှင့်ပတ်သက်၍ ဖတ်ရှု၊ မှတ်သား၊ လေ့လာခြင်းဖြင့် အသိပညာမြင့်မားအောင် ကြိုးစားရမည်ဖြစ်ပြီး အသိပညာမြင့်မားမှသာလျှင် ဒီမိုကရေစီစနစ်နှင့် တိုင်းပြည်၏အနာဂတ်ကိုလည်း အာမခံနိုင်မည်ဖြစ်**ကြောင်းဖြင့် မှာကြားသည်။

### စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များကို တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ တိုင်းမှူးက တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တပ်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များ ထမ်းဆောင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တပ်တွင်းစည်းလုံးညီညွတ်ရေးတို့နှင့်ပတ်သက်၍ လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

# မိုင်းတုံမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို သွားရောက်တွေ့ဆုံ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်ရှိ ပြည်သူ့စစ်(ဌာန)တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ဒီဇင်ဘာ ၁၂ ရက် ညနေပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာနေရာများ၌ အသီးသီး သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားများ အသီးသီးပြောကြားသည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလ အတွင်း ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ဒီဇင်ဘာ ၁၂ ရက်နှင့် ယနေ့တို့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် အမ်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ် ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက စစ်တွေမြို့ရှိ ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်အား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချစ်စိန်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အများသိစေရန်ကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂)၊ (၅၄/၂၀၂၂)၊ (၆၃/၂၀၂၂)၊ (၂၁၁/၂၀၂၂)၊ (၂၁၂/၂၀၂၂)၊ (၂၁၃/၂၀၂၂)၊ (၂၁၄/၂၀၂၂)၊ (၂၁၅/၂၀၂၂)၊ (၂၁၈/၂၀၂၂)၊ (၂၁၉/၂၀၂၂)၊ (၂၂၀/၂၀၂၂)၊ (၂၂၁/၂၀၂၂) တို့ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့ စသည့်ချီးမြှင့်ခဲ့ပြီး စသည့်စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်မည်ဖြစ်ရာ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်တစ်ဦးမှ ကိုယ်စားသော်လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆက်အသွယ်ရရှိခြင်းမရှိသေးသည့် ဘွဲ့ရရှိသူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားတက်ရောက်မည့် မိသားစုဝင်တစ်ဦးမှ ဖိတ်ကြားရေးဆပ်ကော်မတီ ဖုန်းနံပါတ်(၀၆၇-၃၄၁၂၇၁၅) နှင့် (၀၆၇-၃၄၁၂၇၁၆) သို့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက်ထိ နှစ်ရက်တာ ပုသိမ်မြို့ရှိ မြို့တော်ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ထုတ်ကုန်များကို ယုံကြည်စိတ်ချစွာ လာရောက်ယှဉ်ပြိုင်ရောင်းချနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒီဇင်ဘာ ၁၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဒီဇင်ဘာ ၁၂ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၆၀၀၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၄၇၅ ဦး |
| သေဆုံးသူ | ၁၉၄၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၉၉၈ ဦး |

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး မစ္စတာချျခ်ဘွန်နာကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး မစ္စတာချျခ်ဘွန်နာကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး မစ္စတာချျခ်ဘွန်နာကို လက်ခံတွေ့ဆုံစဉ်။**

တွေ့ဆုံစဉ် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲအစဉ်အလာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပြန်လည်သုံးသပ်ခဲ့ကြပြီး နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုအလားအလာများ၊ အထူးသဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု စသည့်ကိစ္စရပ်များသာမက ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် (၇)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အစားအသောက်နှင့်စပ်လျဉ်းသည့် ခရီးသွားလုပ်ငန်းဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ အွန်လိုင်းမှ ပါဝင်တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် Basque Culinary Center (BCC) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဂျပန်နိုင်ငံ နာရာမြို့၌ကျင်းပသော (၇)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အစားအသောက်နှင့် စပ်လျဉ်းသည့် ခရီးသွားလုပ်ငန်းဖိုရမ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းကကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် အွန်လိုင်းမှ ပါဝင်တက်ရောက်သည်။





ဖိုရမ်ဖွင့်ပွဲတွင် ဂျပန်နိုင်ငံ နာရာပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Shogo Arai၊ နာရာခရီးသွားဗျူရိုညွှန်ကြားရေးမှူးချုပ် Ms. Hirata Chieko၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ညွှန်ကြားရေးမှူး Dr. QU Dongyu၊ Basque Culinary Center (BCC) အထွေထွေမန်နေဂျာ Mr. Joxe Mari Aizega၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr.ZurabPololikashvili နှင့် ဂျပန်နိုင်ငံ ခရီးသွားလုပ်ငန်းအေဂျင်စီနှင့် မြေယာ၊ အဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းပြည်နယ်ဝန်ကြီး Mr. Hiroo Ishii တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဂျပန်နိုင်ငံအစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်း၍ မြေယာ၊ အဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဂျပန်နိုင်ငံ ခရီးသွားလုပ်ငန်းအေဂျင်စီ ကော်မရှင်နာ Mr. Koichi Wada က ဂျပန်နိုင်ငံ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း အကြောင်းကိုလည်းကောင်း၊ Green –Star Restaurant Mr. Massayuki Miura က အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း အနာဂတ်မျှော်မှန်းချက်များ ချမှတ်ခြင်းတို့ကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ဖိုရမ်အစီအစဉ်အရ အမျိုးသမီးနှင့် လူငယ်များ၏ ပင်ကိုစွမ်းရည်၊ အစားအသောက်များ အလေအလွင့်မရှိစေရေး၊ ကမ္ဘာမြေကြီးနှင့် လူသားတို့၏အနာဂတ်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စေရေးနှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း စိန်ခေါ်မှုများ အစရှိသည့်ခေါင်းစဉ်များကို အပိုင်း သုံးပိုင်းခွဲခြား၍ ဆွေးနွေးကြမည် ဖြစ်သည်။

အဆိုပါဖိုရမ်ကို အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များက အလေ့အကျင့်ကောင်းများနှင့် အတွေးအမြင်သစ်များကို ဝေမျှပေးနိုင်ရန်နှင့် ကိုဗစ်-၁၉ အလွန်တွင် ပြန်လည်ထူထောင်လာနိုင်စေရေးရည်ရွယ်၍ "Gastronomy Tourism for People and Planet: Innovate, Empower and Preserve" ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်ထိ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်သို့ရောက်ရှိပြီး ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုအထူးပြုဘာသာရပ်ကို သင်ကြားနေကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်း ဘာသာရပ်များကို တက္ကသိုလ်အဆင့်ဖွင့်လှစ်နိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဟိုတယ်နှင့် ခရီးသွားဘာသာရပ်များ သင်ကြားနိုင်ရေးအတွက် ဝန်ကြီးဌာနမှ အရာထမ်းများနှင့် ခရီးသွားကျွမ်းကျင်သူများ၊ နိုင်ငံတကာတက္ကသိုလ်များမှ ပါမောက္ခများ လာရောက်သင်ကြားပို့ချပေးခဲ့မှုများ၊ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ခဲ့မှုများ၊ ပြည်ပခရီးသွားတက္ကသိုလ်များနှင့် Student Exchange Program ဆောင်ရွက်ခဲ့မှုများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများတွင် လက်တွေ့လေ့လာသင်ယူနိုင်ရေးနှင့် အလုပ်အကိုင် ဖန်တီးပေးနိုင်မှုများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာနီလာမြင့်ထူးက ဒီပလိုမာနှင့်ဘွဲ့သင်တန်းများ သင်ကြားပေးနေမှုများနှင့် ဆက်လက်ဖွင့်လှစ်ပို့ချမည့်အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(လေ)နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက စုပေါင်းသွေးလှူဒါန်း၊ ဘိုးဘွားရိပ်သာများကို အလှူငွေများနှင့် စားသောက်ဖွယ်ရာများလှူဒါန်း



**(၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(လေ)နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူပြည်သူ့ဆေးရုံကြီးတွင် တပ်မတော်သားများစုပေါင်းသွေးလှူဒါန်းနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(လေ)နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကွပ်ကဲမှုအောက်တပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကဒီဇင်ဘာ ၁၂ ရက်နှင့် ယနေ့တို့တွင် သက်ဆိုင်ရာ နယ်မြေခံတပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက သက်ဆိုင်ရာဆေးရုံများရှိ သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ယင်းသို့ သွေးလှူဒါန်းနေမှုများကို သက်ဆိုင်ရာလေတပ်စခန်းဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ယင်းနောက် သက်ဆိုင်ရာဆေးရုံများမှ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပြန်လည်ပေးအပ်ကြသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် နမ့္မဒါဘိုးဘွားရိပ်သာဖြစ်မြောက်ရေးအတွက် အလှူငွေများနှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ မိတ္ထီလာဘိုးဘွားရိပ်သာသို့ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျောက်ရပ်ကျေးရွာ မြိတ်-ထားဝယ်ကားလမ်း၊ ပေါက်တိုင်းတံတား စစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၈၀၀၀၊ တရားမဝင် မီးသွေး ၁၀၅ အိတ် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၂၅၀၀ နှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် Daewoo Bus အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၇၈၀၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒီဇင်ဘာ ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၂၁ မိုင်အနီးတွင် မော်တော်ယာဉ်နှစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် မော်တော်ယာဉ်အပိုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၆၈၃၅၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၉၆၈၃၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်နှင့် အင်းတော်မြို့နယ်တို့အတွင်း Kenbo 125 အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ကုတ်မြို့နယ်၊ မင်းပြားမြို့နယ်နှင့် သံတွဲမြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၁၈ ဒသမ ၄၃၀၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၀၁၄၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပခုက္ကူမြို့နယ်အတွင်း တရားမဝင်ကျွန်းခွဲသား သုည ဒသမ ၄၀၁၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၄၇၉၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူ ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၅ ဒသမ ၁၂၂၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၄၀၈၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၁ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၇ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၀၀၃၀၂၂ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"တမူးအကြမ်းဖက်အဖွဲ့၏ လူမြင်ကွင်းတွင် လူမဆန်စွာ သတ်ဖြတ်ဖြိမ်းခြောက်မှု"** ခေါင်းစဉ်ဖြင့် ၁၄-၁၂-၂၀၂၂ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တော်လှန်ရေးအရေခြုံ၍ လုယက်ခေးပြတိုက် သတ်ဖြတ်နေသော PDF များကို ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ ဒေသတွင်းအဆင့်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မည်

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ ဒေသတွင်းအဆင့်ပြိုင်ပွဲ(10th ASEAN QUIZ-Regional Level) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် **(ယနေ့)** နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲအခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV HD)၊ MRTV News Channel၊ MRTV-Sports Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MRTV Web & App၊ မြန်မာ့အသံရေဒီယိုနှင့် Myanma Radio (English Channel)တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၁၃**



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိက အခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့၌ ဒေသခံပြည်သူ ၁၉၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၈၃၁ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၈၂၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၂၀၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၂၈၁၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူဦးရေ ၂၁၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ရခိုင်ပြည်နယ် အမ်းမြို့နှင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များက တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ယခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်နေ စိုးမိုးအေး(ခ)စိုးမိုးသည် ၎င်းအသုံးပြုသည့် "Soe Moe" Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် လှိုင်ဘုံသာရပ်ကွက်နေ ဝင်းထိန်ဦး(ခ)ကိုအောင်သည် ၎င်းအသုံးပြုသည့် "Ko Aung" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်နေ စုစုသည် ၎င်းအသုံးပြုသည့် "Su Su" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

0w Kv d @

# အစွန်းတစ်ဖက်

အောင်သွေး(မြစ်သား)




(၁)

မုတ်သုံလေနှင့်အတူ လွင့်ပါလာသောမိုးစက်မိုးပွင့်လေးများက မိုးကိုကြိုနေသော ကောက်ပင်လေးများပေါ်သို့ သည်းသည်းဆိုရုံမျှ ဖျန်းပက်လိုက်သည်။ မြေသင်းပျံ့ပျံ့မိုးရနံ့ကိုရပြီဆိုသည်နှင့် ရိုးကန်ရွာလေးက လှုပ်ရှားအသက်ဝင်လာတော့သည်။ ရိုးကန်ရွာသူ၊ ရွာသားများအတွက် မုတ်သုံမိုးသည် ရွှေမိုးငွေမိုးဟုပင် ခေါ်ထိုက်ပေသည်။ ရိုးကန်ရွာလေးနှင့်မနီးမဝေးတွင် မြင်းခြံ-မန္တလေးသွားကားလမ်းရှိလေသည်။ ယခုလို မိုးရာသီရောက်ပြီဆိုလျှင် နာမည်ကြီးသော ဆင်သေချောင်းသည်လည်း ကားလမ်းပေါ်ကို ဖြတ်ကျော်ရန် ဟန်ရေးတပြင်ပြင်ရှိတော့မည်။ ဆင်သေချောင်းဖြတ်ကျော်ရာနေရာသည် ခရီးသွားများ အခက်အခဲအကြုံဆုံးဖြစ်သည်။ တောအထပ်ထပ်ကိုဖြတ်ကျော်လာသော ချောင်းအသွယ်သွယ်သည် ဆင်သေချောင်းဆီသို့ဦးတည်စုဝေးကာ အရှိန်ဖြင့် ကားလမ်းပေါ်ကိုဖြတ်ကျော်ပြီး ရိုးကန်ရွာ၏နောက်ဖေးမှ ကွေ့ဝိုက်သွားလေသည်။

ချောင်းရေကျချိန်ဆိုလျှင် ကားလေးများပင် အရဲစွန့်ပြီးမဖြတ်ရဲ။ မိုးကြီးလျှင် ရေက တစ်ပေခွဲနှစ်ပေခန့်ထိတိုင် မြင့်လေသည်။ လှည်း၊ ဆိုင်ကယ်များလည်း မျောပါဖူးလေသည်။ အဝေးဆီမှ ချောင်းရေသံ တဝေါဝေါကြားနေရလျှင် ရွာခံများက ဖြတ်မကူးရန် တားလေသည်။ လွတ်ပြီအထင်နှင့် အရဲစွန့်ကာ ဖြတ်ကူးလျှင် တစ်ခဏနှင့်အပြေးရောက်လာသော ဆင်သေချောင်း၏ ရေလှိုင်းဒဏ်ကိုခံရကာ ချောင်းအောက်ပိုင်းထိမျောပါရလေသည်။ မိုးရာသီရောက်လျှင် ရိုးကန်ရွာသူ၊ ရွာသားများသည် ထိုချောင်းကိုအမှီပြုကာ စီးပွားရှာကြသည်။ အထူးသဖြင့် ဆိုင်ကယ်တစ်စီးလျှင် တစ်သောင်းနှုန်းဖြင့် အားကောင်းမောင်းသန်ယောကျ်ားသားလေးဦးက ချောင်းကိုဖြတ်ကာ ထမ်းပို့ကြသည်။ ထိုအချိန်ဆိုလျှင် ချောင်း၏နှစ်ဖက်ထိပ်၌ ဖြတ်ကူးရန်စောင့်နေကြသည့် လူများ၊ ကားများပြည့်နှက်နေကြသည်။ ကားလမ်းဘေးတွင်လည်း ရိုးကန်ရွာသူ၊ ရွာသားများ၏ ယာယီမိုးကာတဲလေးများက အစီအရီနေရာယူထားကြသည်။ ယောကျ်ားသားများက ကယ်ရီအငှားထမ်းကြပြီး မိန်းမသားများက မီးခိုးတလူလူနှင့် ချက်ကြပြုတ်ကြသည်။ မိုးတစ်ရာသီအငှားထမ်းလျှင် တောင်သူတစ်သီးကို မကြောက်ဟု ရိုးကန်ရွာသူ၊ ရွာသားများက ဆိုကြသည်။ ဆိုလည်းဆိုလောက်ပေသည်။ နေ့ရောညပါ ကယ်ရီထမ်းလျှင် တစ်နေ့ဝင်ငွေသည် သုံးသောင်းနှင့် ငါးသောင်းကြားရှိလေသည်။ ထိုထဲတွင် ဖိုးမောင်တို့မိသားစုလည်း ပါဝင်ပေသည်။

"ဖိုးမောင်ရေ မနက်ဖြန် တဲသွားထိုးမလို့ လိုက်အုံးမလား"

ဆိုင်ကယ်အတူထမ်းနေကျ သာအောင်က လှမ်းအော်လေသည်။

"နောက်ရက်မှထိုးတော့မယ်ကွာ။ မနက်ဖြန်လယ်ထဲ မြေဩဇာကျွေးရအုံးမှာ"

ဖိုးမောင်၊ သာအောင်၊ ကြွက်နီ၊ ဖားကြီးနှင့် မြင့်မောင်တို့သည် ဆိုင်ကယ်ထမ်းရာတွင် တစ်ဖွဲ့တည်းသားများဖြစ်ကြလေသည်။ ထိုထဲတွင် ပိန်ပိန်ပါးပါး အာသွက်လျှာသွက်နှင့်ဖားကြီးက အပြောကောင်းသူမို့ ဖောက်သည်ရှာရာတွင် အင်မတန်အသုံးဝင်ပေသည်။ ကျန်လေးယောက်သည် ဆိုင်ကယ်တစ်စီးကို အရှေ့နှစ်ယောက်၊ အနောက်နှစ်ယောက် ထမ်းပိုးလျှိုကာ ထမ်းလေသည်။ လေးယောက်က ဆိုင်ကယ်ထမ်းပို့နေတုန်း နောက်ပိုင်းက ဖားကြီးက ဆိုင်ကယ်တစ်စီးကို အပြောကောင်းကောင်းနှင့်ကပ်ထားပြီးသား။

"အစ်မရေ ရေစီးက တော်တော်သန်တယ်ဗျ။ လိုအပ်မယ်ဆိုရင် အစ်မဆိုင်ကယ်ကိုထမ်းပို့ဖို့ ကျွန်တော့်အဖွဲ့ရှိပါတယ်။ ဆိုင်ကယ်ကို ထိခိုက်ပွန်းပဲ့ရာလုံးဝမရှိစေရပါဘူး။ လုံးဝအာမခံပါတယ်ဗျ။ ကလေးအတွက် စိတ်ချချင်တယ်ဆိုရင်လဲ ကျွန်တော်တို့ဝေါနဲ့ထမ်းပို့ပါတယ်"

"ဦးလေးရေ ချောင်းရေကတော့ ကျဖို့တော်တော်လေး စောင့်ရအုံးမယ်။ တကယ်လို့ အရေးကြီးတယ်ဆိုရင် ဆိုင်ကယ်ကို ထမ်းပို့ရမလားဗျ"စသည်ဖြင့် ဖားကြီးက ဖောက်သည်ရှာရလေသည်။

ဖိုးမောင်၊ သာအောင်၊ ကြွက်နီနှင့် မြင့်မောင်တို့ကလည်း အားကောင်းမောင်းသန်နှင့် လက်ကျညီပေသည်။ သံပြိုင်အော်ပြီး မလိုက်သည်နှင့် ဆိုင်ကယ်တစ်စီးမြောက်ခနဲပါလာသည်။ မနှစ်က ဖိုးမောင်တို့စားပြီးသောက်ပြီးအပြင် သမီးလေးအတွက် နားကပ်တစ်ရန်နှင့် နွားမသားအမိတစ်တွဲအဖက်တင်လေသည်။ သည်တစ်ရာသီထမ်းခကိုတော့ ခိုင်းနွားတစ်ကောင်ဝယ်ရန် ဖိုးမောင်ဆုံးဖြတ်ထားသည်။ မိန်းမဖြစ်သူကလည်း ဆွဲကြိုးလေးလုပ်ချင်သည်ဟုဆိုသည်။ ထို့ကြောင့် ဖိုးမောင်အားထုတ်ထမ်းရပေမည်။

(၂)

"ဂျိန်း ဂျိန်း ဂျလိန်း"

အနောက်တောင်ဆီက မိုးသံပေးလေပြီ။ လျှပ်ရောင်တဝင်းဝင်းနှင့် သဲသဲမဲမဲရွာမည့်ဟန်ပင်။ ဖိုးမောင် တဲကိုအပြီးသတ်ရပေမည်။

"ဖိုးမောင်ရေ ငါလာကူပြီဟေ့"

ဝါးလုံးနှစ်လုံးဆွဲကာ ပြေးလာကူသော ဖားကြီးကြောင့် ဖိုးမောင်၏တဲလေးအမြန်ဆုံးပြီးသွားလေသည်။

"ဖားကြီးရေ ဟိုကောင်တွေကော ပြန်ပြီလား"

"အေး ကြွက်နီကတော့ နွားဆွဲဖို့သွားပြီကွ။ သာအောင်နဲ့မြင့်မောင်ကတော့ ထမ်းပိုးသွားခုတ်တယ်"

ဖားကြီးပြောမှ ထမ်းပိုးကိုသတိရသည်။ မနှစ်က ထမ်းပိုးများက သိပ်မကောင်းချင်တော့။ ထမ်းပိုးကောင်းမှ ထမ်းရတာ သက်သာပေမည်။

"ဖိုးမောင် မနက်ဖြန်ရွှေ့ရအောင်ကွာ"

"အေး ရွှေ့တာပေါ့ကွာ။ ဒီနှစ် မုတ်သုံဝင်တာစောတယ်ကွ"

ရွာအပြန်လမ်းတွင် ဖိုးမောင်နှင့် ဖားကြီးတို့၏ ခြေလှမ်းများက မုတ်သုံလေနှင့်အတူ အလိုက်သင့်စီးမျောနေတော့သည်။

(၃)

"ဝေါ ဝေါ ဝေါ"

ဆင်သေချောင်း၏ ရေအလျဉ်က နာမည်နှင့်လိုက်အောင်ပင် ကျောချမ်းစရာကောင်းနေသည်။ ဖိုးမောင်တို့အတွက်ကတော့ ဆင်သေချောင်းရေနှင့်အသားကျနေပြီ။ မိုးဖွဲဖွဲကြားတွင် အကျီပင်မကပ်နိုင်ကြ။ ဆိုင်ကယ်တစ်စီးပြီးတစ်စီးမပြတ်ထမ်းပို့နေကြရသည်။ ဝီရိယမထားလို့လည်းမဖြစ် သည်နှစ်အဖွဲ့အရေအတွက်က တိုးလာသည်။ ဖားကြီးလည်း ဆိုင်ကယ်တစ်စီးလာတိုင်း အပြေးသွားကာ ဖောက်သည်ရအောင်ပြောရသည်။ တချို့ ခရီးသည်တင်ကားများ မဖြတ်ရဲသည့်အခါ ဟိုဘက်ထိပ်ကခရီးသည်ကို သည်ဘက်ထိပ်ကားကသယ်၊ သည်ဘက်ထိပ်က ခရီးသည်ကို ဟိုဘက်ကားကသယ်ကာ နောက်ပြန်လှည့်သွားကြသည်။ ထိုသို့ ခရီးသည် အပြောင်းအရွှေ့များသည့်အခါတွင်လည်း ဖိုးမောင်တို့အထမ်းသမားများအတွက် များစွာတွက်ခြေကိုက်လေသည်။ ပစ္စည်းထမ်းကြရသည်၊ လူသယ်ကြရသည်။

"ဟေ့ကောင် မြကြီး ဘာလုပ်တာလဲကွ။ ဒီမှာ ငါပြောနေတာ မမြင်ဘူးလား"

"ငါအရင်မြင်တာကွ။ ဟေ့ကောင် ဖားကြီး နောက်ဆုတ်လိုက်တော့"

ဖားကြီးနှင့်မြကြီးတို့အဖွဲ့ ဖောက်သည်လုရင်းစကားအချေအတင်များနေစဉ် ဖိုးမောင်တို့ရောက်လာပြီး မြကြီးတို့နှင့် စကားများကြပြန်သည်။ တုတ်ဆွဲ၊ ဓားဆွဲပါလာသောကြောင့် ခရီးသည်ကပင် ကြားက ဖျန်ဖြေပေးလိုက်ရသည်။ ဖောက်သည်လုရင်းရန်ဖြစ်ကြသည်က နှစ်စဉ်တိုင်းလိုလိုပင် ကြုံတွေ့ရသည်။ အဖွဲ့များစွာရှိသည့်ထဲတွင် ဖိုးမောင်တို့အဖွဲ့က အများဆုံးထမ်းကြရသည်။

(၄)

"ရွာလိုက်စမ်းဟေ့ တစ်မိုးကောင်းကောင်းလောက်"

အနောက်တောင်ဆီက တက်ရိပ်ပြလာသောမိုးသားတိမ်လိပ်များကိုကြည့်ကာ ကြွက်နီအရက်ခွက်မြှောက်ရင်း အော်ပြောလိုက်သည်။ မိုးအဆက်မပြတ်ရွာပြီး ချောင်းရေကြီးမှ သူတို့အလုပ်ဖြစ်မည်မဟုတ်လား။ သည်နေ့တစ်နေ့ကုန် ရွာဟန်ပြင်ပြီးမှ နောက်ဆုတ်သွားသောမိုးကို ဖိုးမောင်တို့မကျေနပ်ကြ။ ညဆယ်နာရီကျော်ပြီဆိုလျှင် ခရီးသည်များ အသွားအလာကျဲသွားသောကြောင့် အထမ်းသမားများ သူ့အဖွဲ့နှင့်သူ အရက်ဝိုင်းဖွဲ့ကာ ဆက်ရက်မင်းစည်းစိမ်ခံကြသည်။ ယခုလည်း ဖိုးမောင်တို့အဖွဲ့ ကြွက်နီ၏တဲအတွင်း ဝိုင်းဖွဲ့နေကြသည်။ ထိုအချိန်တွင် အခြားတဲဆီမှပြန်လာသော သာအောင်၏စကားကြောင့် ဖိုးမောင်တို့ သောက်ထားသော အရက်ရှိန်များပင် ဘယ်ဆီရောက်သွားသည်မသိ။

"ဘာ သာအောင် မင်းကြားခဲ့တာ အမှန်ကောဟုတ်ရဲ့လား"

ဖားကြီးက မယုံသင်္ကာဖြင့် မေးလေသည်။ အနောက်တောင်ဆီကတက်လာသော မိုးသားများကလည်း ရွှေ့ပြေးမိုးလေးများအဖြစ် တဖြောက်ဖြောက်ကျလာရာမှ တစ်စတစ်စသည်းလာသည်။

"ဟုတ်တယ် ဖားကြီးရ။ မနက်က စည်ပင်နဲ့ လမ်းဦးစီးက လူကြီးတွေလို့ပြောတာပဲ။ ချောင်းအခြေအနေကို လာကြည့်တာတဲ့။ ဒီမိုးကုန်ရင် တံတားဆောက်မယ်လို့လဲပြောတယ်တဲ့။ မြကြီးမိန်းမ အေးပုံကိုယ်တိုင်ကြားခဲ့တာတဲ့ဟ"

ဖားကြီးလည်း ဘာပြောရမှန်းမသိဖြစ်ကာ သက်ပြင်းသာချနေတော့သည်။ ဖိုးမောင်လည်း ခေါင်းငိုက်စိုက်ကျသွားသည်။ သည်အတိုင်းဆိုလျှင် ဖိုးမောင်၏ရည်ရွယ်ချက်တို့ အောင်မြင်မည်မဟုတ်တော့။ သည်နှစ်ရာသီထမ်းခကို ခိုင်းနွားလေးတစ်ကောင်ဝယ်၊ နောက်နှစ်ထမ်းခကို တစ်ကောင်ဝယ် တစ်ရှဉ်းရလျှင် အဆင်ပြေပြီဟု တွက်ထားသည်။ အကယ်၍သာ သည်မိုးကုန်လို့ တံတားခင်းဖြစ်သွားလျှင် ဓားမဦးချ တောင်သူလုပ်ငန်းမှလွဲ၍ အခြားမရှိတော့ပြီ။ ဖိုးမောင်စဉ်းစားရင်း ရှိဝေသောအပြုံးနှင့်အတူ အရက်တစ်ခွက်ကို ခပ်မြန်မြန်မော့ချလိုက်သည်။

(၅)

သီတင်းကျွတ်ပြီမို့ မိုးလည်းကျွတ်ပြီထင်။ တစ်ပတ်လောက် မိုးကခွာနေသည်။ ပလ္လင်ဆေးမိုးများရွာလေဦးမလားစောင့်နေပေမဲ့ မိုးသား၏အရိပ်အယောင်သာ မြင်ရပြီး မရွာပေ။ အချို့သောတဲများပင်ဖျက်၍ ရွာထဲသို့ ပြန်ရွှေ့ကုန်ကြပြီ။

"ငါ့အကြံဘယ့်နှယ်လဲ ဖားကြီး"

"ကောင်းတယ် ဖိုးမောင်ရာ။ ငါတို့တစ်ဖွဲ့တည်းနဲ့တော့မဖြစ်သေးဘူး။ မြကြီးတို့ကောင်တွေကိုလဲ စည်းရုံးရအုံးမှာ"

ဖိုးမောင်၏အကြံအစည်ကို ဖားကြီးက ထောက်ခံလေသည်။ ဖိုးမောင်၏ အကြံအစည်ကားဤသို့ဖြစ်၏။ တံတားဆောက်ရန် ရွှေ့ပြေးအဖြစ်ရောက်လာသော အလုပ်သမားတဲများကို မီးရှို့ပစ်ရန်ဖြစ်လေသည်။ ရွာထဲကိုလှည့်ကာ စည်းရုံးသောဖားကြီးကြောင့် မြကြီးတို့အဖွဲ့နှင့် အခြားအဖွဲ့တချို့လည်း ဖိုးမောင်၏

စာမျက်နှာ ၂၅သို့ ➤

# ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလထိ ကုန်သေတ္တာ ၇၇၆၇၂၇ တန် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့



**နေပြည်တော် ဒီဇင်ဘာ ၁၃**

မြန်မာ့ကုန်သွယ်မှုကဏ္ဍတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလထိ ကုန်သေတ္တာ ၇၇၆၇၂၇ တန် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ရကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ နိုင်ငံတကာကုန်သေတ္တာတင် ကုန်သွယ်ရေကြောင်း သင်္ဘောကြီးများ လစဉ်ဝင်ရောက်ဆိုက်ကပ်နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာအသင်းအဖွဲ့များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းပိုင်ရှင်များက ပူးပေါင်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ အဆိုပါ ဆောင်ရွက်ပေးမှုများကြောင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ နိုင်ငံတကာကုန်စည် ပို့ဆောင်ရေးသင်္ဘောကြီးများ ဝင်ထွက်ဆိုက်ကပ်မှု တိုးတက်များပြားလာခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလထိ ၁၁ လတာကာလအတွင်း ကုန်သေတ္တာတင်သင်္ဘောကြီး ၅၉၅ စီး ဆိုက်ကပ်လာခဲ့သောကြောင့် ကုန်သေတ္တာ ၇၇၆၇၂၇ တန် လုပ်ကိုင် ဆောင်ရွက်ပေးခဲ့ရကြောင်း သိရသည်။

ထို့အတူ ၂၀၂၁ ခုနှစ်တွင် အထွေထွေကုန်စည်တင်သင်္ဘောကြီး ၃၁၅ စီးဝင်ရောက်ဆိုက်ကပ်ခဲ့သဖြင့် အထွေထွေကုန်စည် ၄၂၀၆၉၄၂ တန် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ရကြောင်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ နိုင်ငံတကာကုန်စည်ပို့ဆောင်ရေးသင်္ဘောကြီးများ ပိုမိုဝင်ထွက်သွားလာနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု မဖြစ်စေဘဲ ရန်ကုန်မြစ်အတွင်း သောင်တူးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# မိုင်းပန်မြို့နယ် တုံအောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းပန် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တုံအောကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်၊ မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းနှင့် တာဝန်ရှိသူများက တုံအောကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ အဆိုပါလမ်းပေါ်တွင် Box Culvert တံတားငါးစင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မိုင်းပန်မြို့နယ် တုံအောကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဖြုန်းကျောက်လမ်းခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် Box Culvert တံတားငါးစင်းတည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီများက ပြည်ထောင်စု၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၀၈ ဒသမ ၆၈ သန်းဖြင့် ဇူလိုင်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း မိုင်းပန်မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းက ပြောပြ၍ သိရသည်။

**အေးသူ**

➤ **စာမျက်နှာ ၂၄မှအဆက်**

အကြံအစည်အတိုင်းလိုက်ရန် သဘောတူကြလေသည်။ ဖိုးမောင်တို့၏ အတ္တစိတ်ရိုင်းသည် မုန်ယိုနေသောဆင်တစ်ကောင်ပမာ မည်းမည်းမြင်ရာကိုတိုက်ပြီး ဘယ်တောရောက်ရောက် ဘယ်ကမ်းဆိုက်ဆိုက်ဆိုသည့် သဘောပင်ဖြစ်နေတော့သည်။

**(၆)**

"ဦးဖိုးမောင် ဘုန်းဘုန်းက ကျောင်းလာခဲ့အုံးတဲ့"

ဘုန်းကြီးကျောင်းသားလေးဖိုးတုတ်၏စကားကြောင့် ဖိုးမောင်လည်း ရွာဦးကျောင်းသို့ခြေဦးလှည့်ခဲ့တော့သည်။ ကျောင်းထဲရောက်သည့်အခါ ယောကျ်ားသားအတော်များများစုံနေသည်။ မြကြီးတို့၊ ဖားကြီးတို့လည်း ရောက်နှင့်နေသည်။

"ကဲ. . . ဒကာကြီးဖိုးမောင်ထိုင်ပါအုံး"

"တင်ပါ့ဘုရား"

ဖိုးမောင်လည်း ဖားကြီး၏ဘေးတွင် ဝင်ထိုင်လိုက်သည်။

"ဒကာတို့အားလုံးကို ခေါ်လိုက်ရတဲ့ အကြောင်းကတော့ ဆင်သေချောင်းတံတားဆောက်မဲ့သူတွေကို ဒုက္ခပေးမယ်ကြားလို့ပဲ"

ဆရာတော်၏စကားကိုကြားတော့ ဖိုးမောင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် သံသယမျက်လုံးများဖြင့် ကြည့်လိုက်ကြသည်။ ဆရာတော့်ကို ဘယ်သူတိုင်သလဲဆိုသည့် အဓိပ္ပာယ်အပြည့်ပါနေသည်။

"ကဲ. . . တစ်ယောက်ကိုတစ်ယောက်ကြည့်မနေကြနဲ့။ ဘယ်သူမှ ပြောတာမဟုတ်ဘူး။ ဘုန်းဘုန်းရဲ့ကျောင်းသားလေး ဖိုးတုတ်က ဒကာကြီးတို့တိုင်ပင်နေတာကို ကြားလို့လာပြောတာ"

ဆရာတော်၏စကားကိုကြားမှ ဖိုးမောင်တို့ခေါင်းပြန်ငုံ့သွားသည်။

"ခက်တာပဲ ဒကာတို့ရယ်။ အများပြည်သူသွားရေးလာရေး လွယ်ကူချောမွေ့စေဖို့ နိုင်ငံတော်ကတံတားဆောက်ပေးတာကို တို့အနေနဲ့ သာဓုခေါ်ရမှာမဟုတ်လား။ ကိုယ့်ရဲ့လောဘအတ္တတစ်ခုတည်းအတွက်နဲ့ အများဒုက္ခရောက်မဲ့အလုပ်တွေမလုပ်ကြပါနဲ့ဒကာတို့။ အတ္တကို အဆိပ်နဲ့တူတဲ့ အရက်ထပ်လောင်းပြီး မိုက်တွင်းနက်နေအုံးမယ်ဆိုရင် ဒကာတို့ လူဖြစ်ရှုံးကြမှာပေါ့။ ဒီဘဝမှာလဲ တရားဥပဒေက အပြစ်ပေးတာခံရမယ်။ နောက်ဘဝမှာလဲ အပါယ်လားရအုံးမယ်။ သူတစ်ပါးဒုက္ခရောက်မှ ကိုယ်ထမင်းဝမယ်ဆိုရင် အဲဒီထမင်းကိုမစားပါနဲ့။ မီးကျီးခဲကို ဝါးရသလို ပူလောင်လွန်းလှပါတယ် ဒကာတို့။ ဘုန်းဘုန်း အချိန်မီ တားပါရစေ"

ဆရာတော်၏စကားကိုကြားတော့ ဖိုးမောင်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြန်သည်။ သည်တစ်ခါအကြည့်က လေးနက်မှု၊ တည်ကြည်မှုတို့ အပြည့်ပါဝင်နေပေသည်။

"တင်ပါ့ဘုရား တပည့်တော်တို့ နောင်တရပါပြီဘုရား။ တပည့်တော်တို့အစီအစဉ်ကိုလဲ ဖျက်သိမ်းပါတယ်ဘုရား။ တံတားဆောက်တဲ့အခါ လိုအပ်တဲ့အကူအညီရှိရင်လဲ တပည့်တော်တို့ သွားရောက်ကူညီပါ့မယ်ဘုရား"

ဖိုးမောင်က လေးလေးနက်နက်လျှောက်လေသည်။

"မှန်ပါ့ဘုရား ဖိုးမောင်လျှောက်တဲ့အတိုင်း တပည့်တော်တို့လဲ လိုက်နာပါ့မယ်ဘုရား"

မြကြီးကလည်း လက်စုံမိုးကာလျှောက်လေသည်။

"သာဓု သာဓု သာဓုပါဒကာတို့"

ဘုန်းကြီးကျောင်းက အပြန်မှာတော့ ကောင်းကင်တစ်ခွင်တွင် မိုးသားတိမ်လိပ်တို့ကင်းစင်နေပြီး လယ်ခင်းများဆီမှ ကောက်သင်းရနံ့လေးများကလည်း မြောက်ပြန်လေနှင့်အတူ ကလူကျီစယ်နေတော့သည်။ ထို့အတူ ဖိုးမောင်တို့၏ စိတ်သန္တာန်တွင်လည်း အတ္တမြူမှုန်တို့ကင်းစင်ပြီး အိမ်အပြန်ခြေလှမ်းများက သွက်လက်ပေါ့ပါးနေပါတော့သည်။

# အဖြူ အမည်း

\- စေတနာ ရှိရင်းစွဲနဲ့
ရင်တွင်းထဲက ပြောချင်တယ်၊
ရတနာ စိန် ရွှေ ကျောက်
ဘယ်လောက်ပေါကြွယ်၊
ကံတရား ရေလှိုင်းသဖွယ်
အချိန်တိုင်းရယ် သူမမြင့်၊
ဇာတာခွင် ကြမ္မာယွင်းတော့
နိမ့်ဆင်းအောက်ဆင့်။

\- ပန်းဆိုတာ ခါမလင့်
လေသင့်တိုင်း အပွင့်ကြွေ၊
ဘယ်အပင် ဘယ်ထိပ်ဖျား
ငွားစွင့်မနေ၊
နွေ မိုး ဆောင်း ပြောင်းထွေထွေ
တိမ်တွေလို မတည်မြဲ၊
ဘဝလှေ လှိုင်းအရစ်
နစ်တတ်သည်ပဲ။

\- အပျော်ရှာ အလေးကဲ
ဘဝမည်း တလွဲမြင်၊
ငယ်စဉ်ခါ ပညာတိုးမှ
တန်ဖိုးကထင်၊
စိန်ကျောက်နဲ့ ပမာယှဉ်
ပညာပင် ခရီးပေါက်၊
ယနေ့လူငယ်
နောင်ချိန်ဝယ် တစ်ဆင့်ကမ်း
ပညာရှာ ခရီးပန်းပေမဲ့
လမ်းကြောင်းမကောက်။

\- မြတ်ပညာ အိတ်ဖာမှောက်လို့
ရိက္ခာခြောက်နဲ့ ဘဝပြင်၊
ဆန္ဒတွေ ဖယ်ခွာခြား
နားဝမထင်၊
မေတ္တာပေး အေးအစဉ်
သီးပွင့်လျှင် လွန်ချို၏၊
အခင်းစစ်သော်
ရင်းမြစ်နော် တမာများလို
ခါးတတ်ပါဘိ။ ။

**ညိုဆွေဝင်း(ynt)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

# သက်သေခံပစ္စည်းစီမံရာတွင် တရားရေးဝန်ထမ်းများလိုက်နာရန်

## စိန်လှိုင်ပိုင်

ရာဇဝတ်မှုတစ်ခုတွင်ဖြစ်သည်။ အမှုစစ်ဆေးကြားနာပြီး၍ အပြီးသတ်အမိန့်ချမှတ်သည့်အခါ သက်သေခံငွေကြေးကို တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေဟု အမိန့်ချလိုက်ပါသည်။ ထို့နောက်တွင်မှ ၎င်းငွေကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ပေးအပ်စေရန် ဆက်လက်၍ အမိန့်ချမှတ်ခဲ့သည်။ ထိုသို့အမိန့်ချမှတ်ခြင်းမှာ ဥပဒေနှင့်ညီညွတ်မှုရှိ၊ မရှိ ပြဿနာပေါ်ပေါက်ခဲ့သည်။ ထိုအမှုကို တရားရုံးအဆင့်ဆင့် တက်ရောက်ခဲ့ကြရာ အထူးအယူခံမှုဝင်ရောက်ခဲ့ရသည်။ ပြည်သူများ သိသင့်သိထိုက်သော ဥပဒေပြဿနာဖြစ်၍ လမ်းညွှန်စီရင်ထုံးကို ကိုးကား၍ ရေးသားတင်ပြလိုက်ရပါသည်။

ရှမ်းပြည်နယ်တရားရုံး (လားရှိုးခရိုင်) ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်-၂၆/၉၆ တွင် တရားခံ ဦးညိုမောင်အား ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ-၃ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန်နှင့် တရားခံ ဦးဝင်းအောင်အား အမှုမှ အပြီးအပြတ်လွှတ်ရန် အမိန့်ချမှတ်ခဲ့သည်။ တစ်ဆက်တည်းမှာပင် သက်သေခံငွေကျပ်သုံးသိန်းကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေရန်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးရုံး (လားရှိုး)သို့ အယူခံရက်ကျော်လွန်က ပေးအပ်စေရန် ရှမ်းပြည်နယ်တရားရုံး (လားရှိုးခရိုင်)က အမိန့်ချမှတ်ခဲ့သည်။

တရားခံ ဦးညိုမောင်က မကျေနပ်သဖြင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ အယူခံဝင်ရောက်ခဲ့ရာ အယူခံမှုကို ပလပ်ခဲ့သည်။ ရှေ့နေချုပ်ရုံးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အထူးအယူခံဝင်ရောက်ခဲ့သောအခါ တရားရုံးချုပ်က ရှမ်းပြည်နယ်တရားရုံး (လားရှိုးခရိုင်) ပြစ်မှုကြီးအမှတ်-၂၆/၉၆ တွင် သက်သေခံငွေကျပ်သုံးသိန်းနှင့်စပ်လျဉ်း၍ ချမှတ်သောအမိန့်မှာ ဥပဒေနှင့်ညီညွတ်ခြင်းရှိ၊ မရှိ စပ်လျဉ်း၍-

"ရှမ်းပြည်နယ်တရားရုံး (လားရှိုးခရိုင်) ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်-၂၆/၉၆ တွင် လားရှိုးမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ်-၂၆၀၈/၉၅ မှ ၁၉၉၅ ခုနှစ် ဇူလိုင် ၁၄ ရက်စွဲပါ ချလန်အမှတ်-၅၁ ဖြင့် ပေးသွင်းထားသည့် သက်သေခံငွေကျပ်သုံးသိန်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးရုံး (လားရှိုးမြို့)သို့ အယူခံရက်ကျော်က ပေးအပ်စေဟု ချမှတ်ခဲ့သည့်အမိန့်သည် ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညီညွတ်ခြင်းရှိ၊ မရှိ"ဟူသောပြဿနာကို အဆုံးအဖြတ်ပြုနိုင်ရန် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ-၈ အရ အထူးအယူခံမှု ဖွင့်လှစ်ခဲ့သည်။

**အမှုဖြစ်စဉ်အကျဉ်း**

လားရှိုးမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး၏ မီးခံသေတ္တာထဲမှ ငွေကျပ် ၄၅ သိန်းနှင့် စာရင်းကိုင်အုပ် ဦးညိုမောင်၏ ရုံးခန်းထဲမှ ငွေကျပ်ငါးသောင်းကျော် ဖောက်ထွင်းခိုးယူခံခဲ့ရသည်။ ထိုသို့ ဖောက်ထွင်းခိုးယူခံရပြီးနောက် စစ်ဆေးကြည့်ရှုရာတွင် ဦးညိုမောင်သည် လားရှိုးမြို့ ဆောက်လုပ်ရေးကော်ပိုရေးရှင်းပိုင် ငွေကျပ် သုံးသိန်းကို မီးခံသေတ္တာထဲမှထုတ်ပြီး အထက်တန်းစာရေး ဦးစန်းဝင်းအား ထုတ်ချေးသည်ကို တွေ့ရှိရသဖြင့် ဦးညိုမောင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၀၉ အရလည်းကောင်း၊ မီးခံသေတ္တာသော့ကို ဦးညိုမောင်သို့ ထုတ်ပေးခဲ့သူ အင်ဂျင်နီယာမှူး ဦးဝင်းအောင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၀၉/၁၀၉ အရလည်းကောင်း လားရှိုးမြို့နယ်တရားရုံးတွင် တရားစွဲဆိုခဲ့သည်။



၎င်းအမှုကို စစ်ဆေးနေစဉ်အတောအတွင်း ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ-၃ အရ တရားစွဲဆိုခွင့်ပြုမိန့်ကို ရရှိခဲ့သဖြင့် မြို့နယ်တရားရုံးအမှုကို ရုပ်သိမ်းပြီး ရှမ်းပြည်နယ်တရားရုံး (လားရှိုးခရိုင်)တွင် တရားစွဲဆိုခဲ့သည်။ အမှုတွင် ဦးညိုမောင်သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသုံးငွေထဲမှ ငွေကျပ်သုံးသိန်းကို ဦးစန်းဝင်းအား ငွေကျပ် ၁၀၀ လျှင် အတိုးခုနစ်ကျပ်နှုန်းဖြင့်ထုတ်ချေးပြီး ကိုယ်ကျိုးအလွဲသုံးစားပြုကြောင်း ထင်ရှားသဖြင့် ဦးညိုမောင်အပေါ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ- ၃ အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ ၎င်းအမိန့်ကို တရားရုံးချုပ်ကလည်း အတည်ပြုခဲ့ပြီးဖြစ်သဖြင့် ဦးညိုမောင်သည် ဌာနပိုင်ငွေများကို အလွဲသုံးစားပြုကြောင်း ရုံးနှစ်ရုံးစလုံးက တစ်သဘောတည်း ဆုံးဖြတ်ထားပြီးဖြစ်သည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

တရားခံ ဦးညိုမောင်အား ပြစ်မှုထင်ရှားစီရင်ခဲ့ပြီး ဦးစန်းဝင်းထံမှ သိမ်းဆည်းရရှိသော သက်သေခံငွေကျပ်သုံးသိန်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေဟု တရားရုံးက အမိန့်ချမှတ်ပြီးမှ ၎င်းငွေကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးရုံး (လားရှိုး)သို့ ပေးအပ်စေဟု ဆက်လက်အမိန့်ချမှတ်ခြင်းမှာ ဥပဒေနှင့်ညီညွတ်ခြင်းရှိ၊ မရှိ သုံးသပ်ရန်ဖြစ်ကြောင်း အထူးအယူခံခုံရုံးက ဦးစွာစိစစ်ခဲ့သည်။

နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက ရှမ်းပြည်နယ်တရားရုံး(လားရှိုးခရိုင်) နှင့် တရားရုံးချုပ် (မန္တလေး)၏ အမိန့်တွင် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းနှင့် လားရှိုးမြို့ အင်ဂျင်နီယာမှူးရုံးသို့ ပေးအပ်စေဟု ကိစ္စနှစ်ရပ်ကိုဖော်ပြပြီး အမိန့်ချမှတ်ထားခြင်းမှာ မှားယွင်းနေသဖြင့် ၎င်းအမိန့်အစား သက်သေခံငွေကျပ်သုံးသိန်းကို လားရှိုးမြို့ အင်ဂျင်နီယာမှူးရုံးသို့ပေးအပ်စေဟု အမိန့်ချမှတ်သင့်ကြောင်း လျှောက်လဲတင်ပြခဲ့သည်။ အယူခံတရားရုံး၏ အကျိုးဆောင်ကလည်း ဦးစန်းဝင်းထံမှ သိမ်းဆည်းတင်ပြသော သက်သေခံငွေကျပ်သုံးသိန်းမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင်ငွေဖြစ်ကြောင်းကို မူလရုံးနှင့် အယူခံရုံးတို့က တစ်သဘောတည်းကောက်ယူပြီးနောက် ၎င်းငွေကို ဦးစန်းဝင်းကလည်း သူ့အားပြန်ပေးရန် လျှောက်ထားခြင်းမရှိကြောင်း၊ ထိုငွေကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ပြန်ပေးရန်ချမှတ်သောအမိန့်မှာ ဥပဒေအရ သင့်မြတ်မှန်ကန်သော်လည်း မူလရုံးအမိန့်တွင် ၎င်းငွေတစ်ရပ်တည်းကိုပင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်ဟုလည်းကောင်း၊ အယူခံရက်ကျော်က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးရုံး (လားရှိုး)မြို့သို့ ပြန်ပေးစေရန် အမိန့်ချမှတ်ထားသည်မှာ ဥပဒေအရ မှားယွင်းသဖြင့် မူလရုံးအမိန့်ပါ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေဟူသော စကားရပ်ကိုပယ်ဖျက်၍ သက်သေခံပစ္စည်းစီမံခန့်ခွဲသည့် မူလရုံး၏အမိန့်ကို အတည်ပြုသင့်ပါကြောင်း လျှောက်လဲတင်ပြခဲ့သည်။

တရားရုံးသို့တင်ပို့သော သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ မည်သို့စီမံခန့်ခွဲသောအမိန့်မျိုး ချမှတ်နိုင်သည်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၁၇ (၁) တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်ဟု အထူးအယူခံခုံရုံးက စိစစ်ဖော်ထုတ်ခဲ့သည်။

"တရားရုံးသည် ဖျက်ဆီးစေရန်၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် သို့မဟုတ် လက်ရှိထားခွင့်ရှိသည်ဟု တောင်းဆိုသူအားပေးအပ်စေရန် သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်စေရန်အတွက် သင့်သည်ဟုထင်မြင်သည့် စီမံခန့်ခွဲမှုအမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။

အထက်ပါပြဋ္ဌာန်းချက်အရဆိုလျှင် သက်သေခံပစ္စည်း ငွေကျပ်သုံးသိန်းကို **"ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်နိုင်မည်ဖြစ်သော်လည်း ထိုသို့ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးသော ငွေကျပ်သုံးသိန်းကို လက်ဝယ်ရထိုက်သူအား ပေးအပ်စေရန် အမိန့်ချမှတ်နိုင်မည်မဟုတ်ကြောင်း"** အထူးအယူခံခုံရုံးက စိစစ်ခဲ့သည်။

**သက်သေခံငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမှာ ရငွေအားလုံးကို နိုင်ငံတော် တစ်လုံးတစ်ခဲတည်းသော ရန်ပုံငွေကို ပေးသွင်းခြင်းဖြစ်သဖြင့် ၎င်းငွေကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သို့ဖြစ်စေ၊ ဌာနတစ်ခုခုသို့ဖြစ်စေ ပေးအပ်ရန် အမိန့်ချမှတ်ခြင်းပြုနိုင်မည်မဟုတ်ကြောင်း၊** သက်သေခံငွေကျပ်သုံးသိန်းသည် လားရှိုးမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင်ငွေဖြစ်သဖြင့် ၎င်းဌာနသို့သာ ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းရန် မသင့်သဖြင့် ၎င်းငွေကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းကြောင်း အမိန့်ချမှတ်ခြင်းမှာ မှားယွင်းသည်ဟု အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။

သို့အတွက် ရှမ်းပြည်နယ်တရားရုံး (လားရှိုးခရိုင်) နှင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်)တို့က သက်သေခံငွေကျပ်သုံးသိန်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်နှင့် ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးရုံး (လားရှိုး)မြို့သို့ ပေးအပ်စေရန်ချမှတ်သောအမိန့်အစား **သက်သေခံငွေကျပ်သုံးသိန်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးရုံး (လားရှိုး)မြို့သို့ ပေးအပ်စေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။**

အထက်ပါအမှုသည် ပြည်သူများအနေဖြင့် ဗဟုသုတအလို့ငှာ သိရှိနိုင်ကြရန်သာဖြစ်သော်လည်း တရားရုံး တရားခွင်တွင် မှုခင်းများကို စီရင်ဆုံးဖြတ်နေသော တရားရေးဝန်ထမ်း တရားသူကြီးများ သိရှိလိုက်နာကြစေရန် တရားရုံးချုပ်က စီရင်ဆုံးဖြတ်လမ်းညွှန်ထုံးဖွဲ့ခဲ့သောအမှုဖြစ်ပါကြောင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဦးညိုမောင် ၂၀၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ်-၃၄ ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# မိုင်းရယ်မြို့နယ် မန်ပုံကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မိုင်းရယ် ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ၏ လယ်ယာထုတ်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ မန်ပုံကျေးရွာအုပ်စု မန်ပုံကျေးရွာ(နောင်မိုတောင်ယာသွား) ကုန်ထုတ်လမ်းပေါ်၌ ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်အတူ မန်ပုံကျေးရွာ (နောင်မိုတောင်ယာသွား) ကုန်ထုတ်လမ်းပေါ်၌ ကွန်ကရစ်တံတား တစ်စင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ မန်ပုံကျေးရွာ(နောင်မိုတောင်ယာသွား)ကုန်ထုတ်လမ်းပေါ်၌ တံတားအရှည်ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ကိုးပေရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၆၅ သန်းဖြင့် တင်ဒါအောင်မြင်သော Flow Bird ကုမ္ပဏီက နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်တံတားဆောင်ရွက်ပြီးစီးပါက မန်ပုံနှင့် နောင်မိုကျေးရွာရှိ အိမ်ခြေ ၂၁၈ အိမ်၊ လူ ၁၄၉၄ ဦးတို့၏ လယ်ယာထုတ်ကုန်ကေ ၁၀၀ ကျော် အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက ပြောပြ၍ သိရသည်။

**ကျော်ရိုး**

# သူဌေးရေအားလျှပ်စစ်စီမံကိန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်မည်



**နေပြည်တော် ဒီဇင်ဘာ ၁၃**

ရခိုင်ပြည်နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် သူဌေးရေအားလျှပ်စစ်စီမံကိန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သတင်းများအရ သိရသည်။

သူဌေးရေအားလျှပ်စစ်စီမံကိန်းကို ရခိုင်ပြည်နယ် သံတွဲမြို့အနီးရှိ သူဌေးချောင်းပေါ်တွင်လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄)တည်ဆောက်ရေးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

ပင်မရေလှောင်တမံမှာ ဇုန်အမျိုးအစား(ကျောက်ဖြည့်တမံ) ဖြစ်ပြီး ကန်အပြည့်ရေသိုလှောင်ပမာဏမှာ ဧကပေ ၆ ဒသမ ၉၆ သိန်းဖြစ်ကြောင်း၊ စက်တပ်ဆင်အင်အား ၃၇ မဂ္ဂါဝပ် ဓာတ်အားပေးစက် သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၁၁၁ မဂ္ဂါဝပ်ရှိ၍ တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၈၆ သန်း ထုတ်လုပ်သွားမည်ဖြစ်သည်။

လက်ရှိတွင် စီမံကိန်းတစ်ခုလုံး၏ ၇၃ ဒသမ ၂၉ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးနေပြီဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အကုန်တွင် ၇၆ ရာခိုင်နှုန်းပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းတစ်ခုလုံးကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြီးစီးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ သူဌေးရေအားလျှပ်စစ်စီမံကိန်းကို ရခိုင်ပြည်နယ်အတွင်းရှိ ဒေသများသို့ လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ရန်၊ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အဆိုပါ သူဌေးရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးပါက ရခိုင်ပြည်နယ်၏ ပထမဆုံးသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ ဖြစ်လာမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။ SKL

# ဘားအံမြို့နယ် ကော့တာမွန်(ရွာသစ်)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၁၃**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့တာမွန်(ရွာသစ်)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်ဟွာ၊ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်စုမြတ်စန္ဒီနှင့် မြို့နယ်မှ တာဝန်ရှိသူများက ကော့တာမွန်(ရွာသစ်)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးအရာရှိက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ အကျိုးရှိစွာအသုံးပြုရန်နှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

ဘားအံမြို့နယ် ကော့တာမွန်(ရွာသစ်)ကျေးရွာ၌ အနက်ပေ ၂၀၀ ရှိ လေးလက်မစက်ရေတွင်းတူးဖော်ခြင်း၊ ရေစက်ရုံနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၅ ဒသမ ၉၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ မိခင်ရွှေကမ္ဘာကုမ္ပဏီက ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကော့တာမွန်(ရွာသစ်)ကျေးရွာရှိ အိမ်ခြေ ၁၀၃ အိမ်၊ လူဦးရေ ၆၉၀ အတွက် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိနိုင်တော့မည်ဖြစ်ကြောင်း ခရိုင်ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နန်းအဲဖောင်ဟွာက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# မြောက်ဦးမြို့နယ် ပန်းဘဲတန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြောက်ဦး ဒီဇင်ဘာ ၁၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်းဘဲတန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်၊ မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ပန်းဘဲတန်းကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားခဲ့ပြီး ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ပန်းဘဲတန်း ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီမံခန့်ခွဲမှု၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာများ ပံ့ပိုးကာ နိုဝင်ဘာ ၂၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုသန်း**

# ဆိပ်ဖြူမြို့နယ် အရှေ့ကပိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆိပ်ဖြူ ဒီဇင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရှေ့ကပိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြား အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်နှင့် ဝန်ထမ်းများက အရှေ့ကပိုင်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အရှေ့ကပိုင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်သည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိ၊ ငွေစာရင်းစာအုပ်များ ပြည့်စုံမှန်ကန်စွာ ရေးသွင်းထား ခြင်း ရှိ၊ မရှိ နှင့် ချေးငွေစာချုပ်ပါ လုပ်ငန်းအမျိုးအစားများ အမှန်တကယ် ဆောင်ရွက်မှု ရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

အရှေ့ကပိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသေးစားလုပ်ငန်းလုပ်ကိုင်သူ ၁၂၃ ဦးကို ငွေကျပ် သိန်း ၃၈၀ ထိ ထုတ်ချေးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်ကပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

# ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၆၅၉၀ စိုက်ပျိုးပြီးစီး

**ကလေး ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၆၅၉၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးမြို့နယ်တွင် ဆောင်းနေကြာ ၄၈၃၇၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၆၅၉၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

“ဒီနှစ် ဆောင်းကာလ ကလေးမြို့နယ်မှာ ဆောင်းနေကြာဧကလေးသောင်းကျော် စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော်စိုက်ပြီးပြီ။ နေကြာစိုက်ပျိုးမှုကတော့ မိုးနေကြာထက် ဆောင်းနေကြာကိုပဲ အဓိကထားစိုက်ပျိုးကြတယ်”ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းနေကြာစိုက်ပျိုးရာ၌ လျာထားဧက ပြည့်မီရေး၊ တောင်သူများ အလွယ်တကူစိုက်ပျိုးထုတ်လုပ်နိုင်စေရန်၊ မျိုးကောင်း မျိုးသန့်များ အလွယ်တကူရရှိစေရန်၊ တောင်သူများ အထွက်နှုန်းတိုးပြီး တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်လာစေရန်၊ ပြည်တွင်းစားသုံးဆီဖူလုံစေရန်နှင့် ဆောင်းနေကြာ အထွက်နှုန်းကောင်းမွန်ရန်အတွက် နေကြာမျိုးကောင်းမျိုးသန့် မျိုးစေ့များကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နေကြာစိုက်တောင်သူများကို စိုက်ပျိုးနည်းများ၊ နေကြာမျိုးစေ့ ထုတ်လုပ်နည်းများ၊ စိုက်ပျိုးမြေ မြှုပြင်သုံးစွဲနည်းများ၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း၊ သဘာဝ ပိုးသတ်ဆေးရည်ပြုလုပ်သုံးစွဲနည်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

## ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့




ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်း ဖော်ပြပေးလိုက်ပါသည်။

# မြန်န္တာပဋ္ဌာန်း ထုတ်ဝေဖြန့်ချိ



ရှင်းသန့်လင်းစာပေက ထုတ်ဝေသော စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၏ မြန်န္တာပဋ္ဌာန်း စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်သည် ကိုဗစ်-၁၉ ကာလက ဆေးရုံဝင်းအတွင်း၌ နေထိုင်ရင်း လူနာများကိုပြုစုစောင့်ရှောက်ခဲ့သည့် ဆရာဝန်တစ်ဦး နံနက်စောစောနှင့် ညနေပိုင်းတွင် ဆေးရုံအတွင်းရှိ မြန်န္တာကန်ပတ်လမ်းအတိုင်း လမ်းလျှောက်ရင်း ရတနသုတ်၊ မေတ္တသုတ်နှင့် ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဆိုပွားများခဲ့ရာမှ ၄-၁၀-၂၀၂၀ မှ ၂၇-၁၀-၂၀၂၀ ပြည့်နှစ်ထိ နေ့စဉ် Online တွင် ပဋ္ဌာန်းဒေသနာတော်ကို ပစ္စည်းတစ်ခုချင်းအလိုက် တင်ပြရေးသားခဲ့ပြီး ဓမ္မမိတ်ဆွေများ၏အကြံပြုချက်အရ ထုတ်ဝေလိုက်သည့် စာအုပ်ဖြစ်သည်။

ယခုစာအုပ်တွင် ဟေတုပစ္စည်းမှ အဝိဂတပစ္စည်းထိ ခေါင်းစဉ်ခွဲ ၂၄ ခုဖြင့် ရှင်းလင်းဖော်ပြထားပြီး ဟေတုပစ္စည်းကို ဤသို့တင်ပြထားကြောင်း တွေ့ရသည်။ ကျေးငှက်လေးတွေ တေးသီဖွဲ့တဲ့နံနက်ခင်းမိုးသောက်မှ နေဝင်အိပ်တန်းတက်တဲ့အထိ စားဝတ်နေရေးအတွက် သွားသွားလာလာလှုပ်လှုပ်ရှားရှား ရှမ်းစကားနဲ့ ကွာကွာမားမား ရှိရှိလားလားဖြစ်နေကြတာဟာ လောဘ၊ ဒေါသအရင်းခံတဲ့ စေတသိက် ဟိတ်တရားတွေကြောင့်ပါ။ ဟေတုကို မြန်မာစကားမှာ 'တု'အသံကို ဖြုတ်၊ 'တ'နဲ့ သတ်ပြီး 'ဟိတ်'လို့ပဲ အသုံးများပါတယ်။ "ဒေါ်အေးချမ်းမိုးက ဟိတ်ဟန်အလွန်များတာပဲ" "ဒေါက်တာ ရှင်းသန့်လင်းက ပါမောက္ခချုပ်ဆိုပေမဲ့ ဟိတ်ဟန်မရှိဘူး. . ."စသလို ဟန်ကြီးပန်ကြီးနိုင်တာ၊ ကိန်းခန်းကြီးမားတာဆိုတဲ့ သဘောနဲ့ ပြောဆိုကြပါတယ်။ ဟေတုပစ္စည်းရဲ့ ဟိတ်အနက်က ဒီသဘောမျိုးမဟုတ်ဘဲ မူလအကြောင်းရင်း Root cause ဒါမှမဟုတ် ရေသောက်မြစ်ကို ဆိုလိုတာပါ။ စာ-၁၊ ၂ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ကောက်သင်းကောက်နှင့် အညာဓလေ့ ဝတ္ထုတိုများ ပုံနှိပ်ထုတ်ဝေ




အမေ့ဥယျာဉ်စာပေက ဒုတိယအကြိမ်ထုတ်ဝေသော အောင်စိုး၏ ကောက်သင်းကောက်နှင့် အညာဓလေ့ဝတ္ထုတိုများစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် ဆရာတက်တိုး၏ အမှာစာပါဝင်ပြီး ကောက်နုတ်ဖော်ပြရလျှင် အောင်စိုး၏ အတ္တသဘာဝကို အောင်စိုး၏ရေးဟန်က ညွှန်းလျက်ရှိ၏။ အောင်စိုးသည် ရိုးရိုးနှင့် သူဆိုလိုသမျှကို ဝေဝေဆာဆာ မပြုပြင်မမွမ်းမံဘဲ ဆိုတတ်သည်ကို တွေ့မိပါသည်။ ဆိုသမျှမှာလည်း ရှင်းရှင်းလင်းလင်းရှိစေဖို့ ကြိုးစားသည်။ သူသည် တစ်ခုတည်းသော ရည်ရွယ်ချက်ကို ရှေ့ထား၍ သူ့ဝတ္ထုတိုများကို ရေးသည်ဟု ဆိုချင်ပါသည်။ ယင်းရည်ရွယ်ချက်သည်ကား အညာဒေသနှင့် အညာတောသူတောင်သားတို့၏ အတွင်းပြင်ပုံပန်းကို ဖော်ပြခြင်းပင်ဖြစ်သည် စသည်ဖြင့်ပါရှိသည်။

ယခုစာအုပ်တွင် ကောက်သင်းကောက်မှ ရောက်ဖူးသောနိဗ္ဗာန်ထိ ဝတ္ထုတိုအပုဒ် ၂၀ ပါဝင်ပြီး ယခုစာအုပ်ပါ ပဉ်းပေါ်ဝတ္ထုမှ ကောက်နုတ်ဖော်ပြရလျှင် ကနေ့ညနေပင် ရွာတောင်ဘက် ယာခင်းနှင့် အရှေ့ဆိတ်တိုက်ယာကွက်ကို ကိုချမ်းသာကြားခဲ့ခဲ့သည်။ သည်တစ်ချိတွင်လည်း လိုရမယ်ရသဘောနှင့် ချိုကုပ်တို့ ပါးစပ်ကိုခြင်းစွပ်ထားသေး၏။ ပဲပင်များရင့်မှည့်၍ ဝါပြောက်ထိုးလာပြီး ပဲဥများရင့်နေလင့်ကစား ပဲရိုးများ ကောင်းကောင်းရလိုသေး၍ ဖြစ်သည်။ ယခုလိုဆောင်းအခါ ကြားခွဲရသည်မှာ ရာသီက အေး၍လားမသိ မိုးတုန်းကလို မပင်ပန်းလှဟု ထင်ရောဖြစ်သည်။ သို့သော် ကိုယ်တိုင်ကိုယ်ကျရုန်းရသော ချိုကုပ်နှင့် နပြာနီတို့လောက် ဘယ်သူမှမသိနိုင်။ ဘယ်သူတွေ ဘာပဲဖြစ်ဖြစ် မောင်လူလှတို့ကား ယာနံဘေးဆူးရစ်ချုံတွင် ဆူးရစ်သီးခူးစား၍လည်းကောင်း၊ ဆီးပင်အောက် သဲမြေပြူ ဝင်းဝင်းဝယ် ဆီးသီးဝင်းမှည့်မှည့်များကိုကောက်၍ လည်းကောင်း အချိန်ဖြုန်းနေ၏။

စာ-၁၃၂ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ဖီးနစ်စ်နှင့်အတွေးပုံရိပ်များ ထွက်ရှိလာ




ရှင်မတောင်စာပေက ထုတ်ဝေသော ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၏ ဖီးနစ်စ်နှင့်အတွေးပုံရိပ်များစာအုပ် ထွက်ရှိလာသည်။


ယခုစာအုပ်တွင် စာရေးသူ၏ အမှာစကားပါဝင်ပြီး ကောက်နုတ်ဖော်ပြရလျှင် ဘဝခရီးလမ်းဆိုတာ ကြမ်းတမ်းတာတွေရှိသလို ချောမွေ့တာတွေလည်း ရှိနေတယ်ဆိုတဲ့ စကားဟာ သိပ်ရိုးရှင်းလှပါတယ်။ လောကဓမ္မသဘာဝကိုလည်း ထင်ဟပ်စေပါတယ်။ စာထဲမှာ စကားတွေထဲမှာသာ တွေ့နေ၊ ကြားသိနေရပေမယ့် တကယ့်ဘဝခရီးကို အချိန်အတိုင်းအတာတစ်ခုအထိ လျှောက်မိခဲ့ပြီးမှာတော့ ဒီအဆိုစကားမှန်လှတယ်လို့ ခံစားမိပါတယ်။ နိမ့်လိုက်မြင့်လိုက် ပျော်ရွှင်ဖွယ်တွေရှိသလို၊ စိတ်ပျက်ဖွယ်၊ မချမ်းမြေ့ဖွယ်တွေလည်း ကြုံရလိုက်နဲ့ အတောမသတ်သွားနေရတဲ့ ခရီးတစ်ခုလို့လည်း တွေးမိပါတယ် စသည်ဖြင့်ဖော်ပြပါရှိသည်။

ယခုစာအုပ်တွင် ဖီးနစ်စ်မှ လက်ဆယ်ချောင်းထိ စာစု ၂၇ ပုဒ် ပါဝင်ပြီး သားအနားမှာ အဖေအမြဲရှိနေမယ်မှ ကောက်နုတ်ဖော်ပြရလျှင် မီးသတ်နဲ့ ရဲတပ်ဖွဲ့ဝင်တွေ ရောက်လာကြပြီး သူကိုသည် နေရာကနေ အမြန်ဆုံးဖယ်ဖို့ ပြောလာပါတယ်။ သူကတော့ "ကျုပ်သား. . . သေတယ်လို့ မထင်ဘူး။ သားရှိနေသေးတယ်"လို့သာ ပြန်ပြောလိုက်ပြီး ဆက်လက်တူးဖော်နေပါတော့တယ်။ ရှစ်နာရီ၊ ၁၂ နာရီ၊ ၂၄ နာရီ၊ ၃၆ နာရီ ဆက်တိုက်တူးဖော်နေပါတယ်။ ၃၈ နာရီအရောက်မှာတော့ ကျောက်တုံးကြီးတစ်တုံးကို ဖယ်ထုတ်လိုက်စဉ်မှာ သူ့သားရဲ့အသံကိုကြားလိုက်ရပါတယ်။ ဒါနဲ့ "Armand အာမာန်" ဆိုတဲ့ သူ့သားရဲ့နာမည်ကိုခေါ်လိုက်ပါတယ်။ "အဖေ. . .သားဒီမှာရှိတယ်။ အဖေကတိတည်တယ်"လို့ သားရဲ့ဖြေဆိုသံကို ဝမ်းမြောက်ဖွယ် ကြားရပါတော့တယ်။ ပြီးတော့ သားက သူနဲ့အတူရှိနေတဲ့ သူငယ်ချင်းတွေကို သူ့အဖေလာနေပြီ ငါတို့ကို ကယ်တင်လိမ့်မယ်။ ဘာမှမပူကြနဲ့လို့လည်းပြောပါတယ်။ ဖခင်ဖြစ်သူဟာ ဆက်ပြီးလုပ်ဆောင်နေပါတယ်။ သားနဲ့အတူ ကလေး ၁၄ ယောက်ရှိနေတာပါ။

စာ-၁၃၂၊ ၁၃၃ မှ

ယခုစာအုပ်ကို အုပ်ရေဖော်ပြမထားဘဲ တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# မလွန်ခင်လေး လွမ်းရအောင် ပုံနှိပ်ထုတ်ဝေ




စာရိပ်မြိုင်စာပေက ထုတ်ဝေသော ခင်သန္တာ၏ မလွန်ခင်လေး လွမ်းရအောင် အက်ဆေးနှင့် အခြားရသစာစုများစာအုပ် ထွက်ရှိလာသည်။


ယခုစာအုပ်တွင် စာရေးသူ၏ အမှတ်တရစကား ဖော်ပြပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် "စာရိပ်မြိုင်"အတွက် စာမူပေးဖို့ဖြစ်လာတော့ အက်ဆေးစုစည်းမှုလေး ထုတ်ချင်သည်ဟု ဆန္ဒပြုမိသည်။ ထုတ်ဝေသူ မောင်လေး ပြည့်အာကာက လိုလိုလားလားပင် သဘောတူလက်ခံပေးသည့်အတွက် ကျေးဇူးတင်ရပါသည် စသည်ဖြင့်ဖော်ပြပါရှိသည်။

ယခုစာအုပ်တွင် စိတ္တဇနာမ်များ ဒဏ္ဍာရီမှ ချစ်သမီးနဲ့စကားစမြည်ထိ စာစုပုဒ်ရေ ၂၀ ပါဝင်ပြီး ချစ်ကြပြီဆိုရာဝယ်မှ ကောက်နုတ်ဖော်ပြရလျှင် အဒေါ်ကြီးတစ်ယောက်ရှိတယ်။ သူ့ယောကျာ်းက ဘာအလုပ်မှမလုပ်ဘူး။ သူကပဲ ရှာကျွေးနေရတာ။ ခင်လာတာကြာတော့ ကျွန်မအမေက ယောကျာ်းကို ဒီအတိုင်းထားတာလား ဘာမှမလုပ်ခိုင်းဘူးလားလို့ ပြောမိတော့ အဒေါ်ကြီးက- "ကျွန်မနဲ့မရခင်ကတည်းက သူကပြောထားတာ သူမှာအချစ်ကလွဲလို့ ဘာမှပေးစရာမရှိပါဘူးတဲ့" ရှဲ့ပြောတာလား၊ အတည်ပြောတာလားတော့ ကျွန်မမသိပါဘူး။ ကျွန်မအရွယ်ရောက်သည်ထိ ဒီအဒေါ်ကြီးကတော့ သူ့ယောကျာ်းကို ပဲပြုတ်ရောင်းကျွေးနေတုန်းပါ။ မိန်းကလေးအများစုက သူတို့ရဲ့ဘဝလက်တွဲဖော်ကို ရွေးကြရင် ကိုယ့်အဖေမှာရှိတတ်တဲ့၊ ကိုယ်အထင်ကြီးရတဲ့ အချက်တွေကို ကိုယ့်လက်တွဲဖော်ဆီမှာ မသိမသာရှာကြည့်တတ်ကြတယ်။ ယောကျာ်းလေးတွေကျတော့ သူတို့အမေမှာရှိတဲ့ သူတို့နှစ်သက်လက်ခံလို့မရတဲ့ အချက်တွေရှိတဲ့ မိန်းကလေးကို ရွေးမိတတ်ကြတယ်။ စာ-၁၁၅ မှ

ယခုစာအုပ်မှာ အကြောင်းအရာအစုံကို ရသစုံလင်စွာဖတ်ရှုခံစားနိုင်ရန်အတွက် နှစ်သက်ဖွယ်အရေးအသားများဖြင့် ဖော်ပြထားကြောင်း တွေ့ရသည်။

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# နေရာတိုင်းမှာ ရူပဗေဒ ထုတ်ဝေဖြန့်ချိ




သုတစာပေက ထုတ်ဝေသော ဝင်းချစ်(အမျိုးသားစာပေဆုရ)၏ နေရာတိုင်းမှာ ရူပဗေဒ စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်တွင် စာရေးသူ၏ အမှာစာပါဝင်ပြီး ကောက်နုတ်ဖော်ပြရလျှင် ဤစာအုပ်သည် ရူပဗေဒပညာရပ်အကြောင်းကို အဓိကရေးသားထားခြင်းဖြစ်သော်လည်း လူတိုင်းဖတ်ချင်စိတ်ပေါ်အောင်၊ ဖတ်နိုင်အောင် ကြိုးပမ်းထားသည့်အလျောက် မြန်မာဝေါဟာရများကိုသာ အဖြစ်နိုင်ဆုံး အသုံးပြုထားပါသည်။ သိပ္ပံဝေါဟာရများကို မြန်မာပြန်ရာတွင်-တက္ကသိုလ်ပညာရပ် ဝေါဟာရ-စာအုပ်နှင့်အထက်ဖော်ပြပါဆရာကြီးနှစ်ဦး(ဒေါက်တာမောင်မောင်ခနှင့် ဦးစံသာအောင်)၏အခြေပြု ရူပဗေဒစာအုပ်များကို အခြေခံထားပါသည် စသည်ဖြင့်ဖော်ပြပါရှိသည်။

ယခုစာအုပ်တွင် ရူပဗေဒ၏ အခန်းကဏ္ဍမှ Physics Every-where- နေရာတိုင်းမှာ ရူပဗေဒပါထိ ဆောင်းပါး ၁၅ ပုဒ်ပါဝင်ကြောင်း တွေ့ရသည်။ ယခုစာအုပ်ပါ ရူပဗေဒ၏အခန်းကဏ္ဍမှ ကောက်နုတ်ဖော်ပြရလျှင် သားရဲတိရစ္ဆာန်များကို အစားအစာအတွက် သတ်ဖြတ်ရန် အစပထမက ကျိုးကျနေသည့်သစ်ကိုင်းကြီးများ၊ လဲကျနေသော အရွယ်တော်သစ်ပင်ငယ်များနှင့် ကျောက်တုံးများကို အသုံးပြုခဲ့ကြရာမှ ချွန်ထက်၍ရှည်လျားသောသစ်သားချောင်းများ၊ကျောက်တုံးများဖြင့် ထိုး၊ ခုတ်ပါက ပိုမိုထိရောက်ကြောင်း တွေ့ရှိလာခဲ့ကြခြင်းဖြစ်ပါမည်။ ထို့ပြင် သစ်သားကို ကျောက်တုံးဖြင့်ဖဲ့၍ရကြောင်း တွေ့ရှိပြီး သစ်သားလှံများကို ပြုလုပ် တတ်လာခြင်းဖြစ်ပါမည်။

စာ-၁ မှ

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၆၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

နေမျိုး
စုစည်းသည်

# အမေရိကန်အလယ်ပိုင်းပြည်နယ်များ ဆိုးရွားသည့်နှင်းမုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိ



**ဝါရှင်တန် ဒီဇင်ဘာ ၁၃**

အမေရိကန်နိုင်ငံအလယ်ပိုင်း ပြည်နယ်များတွင် လာမည့်ရက်ပိုင်းအတွင်း ဆိုးရွားသည့် နှင်းမုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း အမေရိကန်အမျိုးသားမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်ဟု PBS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ အလယ်ပိုင်းပြည်နယ်ရှိ ဒေသခံသန်းနှင့်ချီ၍ နှင်းမုန်တိုင်းအန္တရာယ်ဖြင့်ရင်ဆိုင်ရဖွယ်ရှိနေပြီး ဆီးနှင်းများကျဆင်းမှုကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်သည့် ပြဿနာဖြင့်လည်း ရင်ဆိုင်ရဖွယ်ရှိနေကြောင်း အမေရိကန်အမျိုးသားမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်။ တက္ကဆက်ပြည်နယ်နှင့် လူဝီစီးယားနားပြည်နယ်တို့တွင် နှင်းမုန်တိုင်းအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ရဖွယ်ရှိနေပြီး နှင်းမုန်တိုင်းဝင်ရောက်လာပါက နေအိမ်အတွင်း၌သာ နေထိုင်သွားရန်လည်း အမေရိကန်အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"အမေရိကန်နိုင်ငံအလယ်ပိုင်းပြည်နယ်တွေမှာ လာမဲ့ရက်ပိုင်းအတွင်း အားကောင်းတဲ့နှင်းမုန်တိုင်း ဝင်ရောက်လာနိုင်ပါတယ်။ နှင်းမုန်တိုင်းဟာ အားကောင်းပြီးတော့ နေရာအနှံ့အပြားမှာဖြစ်ပေါ်လာနိုင်ကာ အသက်အန္တရာယ်ကိုခြိမ်းခြောက်နိုင်တဲ့ အခြေအနေလဲဖြစ်ပါတယ်။ နှင်းမုန်တိုင်းကြောင့် ဆီးနှင်းထူထပ်စွာ ကျဆင်းလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးတွေ အခက်အခဲရှိလာနိုင်ပါတယ်။ ဆီးနှင်းထူထပ်စွာကျဆင်းပြီးရင် မိုးရွာသွန်းမှုတွေလဲ ဖြစ်ပေါ်လာနိုင်ပါတယ်။ မိုးရွာသွန်းမှုကြောင့် ဆီးနှင်းတွေအရည်ပျော်ကျပြီး ရေဘေးအန္တရာယ်နဲ့လဲ ရင်ဆိုင်လာရနိုင်ပါတယ်။ နှင်းမုန်တိုင်းအန္တရာယ်နဲ့ အဓိကရင်ဆိုင်ရဖွယ်ရှိနေတဲ့ ပြည်နယ်တွေကတော့ တက္ကဆက်ပြည်နယ်နဲ့ လူဝီစီးယားနားပြည်နယ်တို့ဖြစ်ပါတယ်။ ဆီးနှင်းတွေထူထပ်စွာကျဆင်းလာနိုင်တဲ့အတွက် လမ်းမထက်မှာ နှင်းထုတွေအနည်းဆုံး ခြောက်လက်မထိ မြင့်တက်လာနိုင်ပါတယ်"ဟု အမေရိကန်အမျိုးသားမိုးလေဝသစင်တာမှ ပြောရေးဆိုခွင့်ရှိသူ မက်ချီနက်ဒ်က သတိပေးပြောကြားခဲ့သည်။

**ခိုင်းဆက်**

# ပေကျင်းမြို့တွင် သဲမုန်တိုင်းတိုက်ခတ်မှုကြောင့် လေထုညစ်ညမ်းမှုဆိုးရွားစွာကြုံတွေ့

**ပေကျင်း ဒီဇင်ဘာ ၁၃**

တရုတ်နိုင်ငံမြောက်ပိုင်းမှ ဝင်ရောက်လာသော သဲမုန်တိုင်းကြောင့် ပေကျင်းမြို့ကောင်းကင်ယံတွင် ဖုန်မှုန့်များဖြင့် ပြည့်နှက်နေခဲ့ပြီး လေထုညစ်ညမ်းမှုနှင့် ဆိုးရွားစွာ ကြုံတွေ့နေရသည်ဟု China Weather Network က ဒီဇင်ဘာ ၁၂ ရက်က သတင်းထုတ်ပြန်ထားကြောင်း Bloomberg သတင်းဌာနက ဒီဇင်ဘာ ၁၂ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ လေထုညစ်ညမ်းမှုသည် ပြည်နယ်အများအပြားကို ဖြတ်သန်းတိုက်ခတ်လာသည့် မွန်ဂိုလီးယားနိုင်ငံအတွင်းပိုင်းမှ စတင်လာသော သဲမုန်တိုင်းများကြောင့်ဖြစ်ပြီး ဂိုဘီသဲကန္တာရနှင့်နီးသော ပေကျင်းမြို့တော်တွင် ဆောင်းရာသီ၌ ဤသို့သဲမုန်တိုင်းဖြစ်ပေါ်မှုမှာရှားပါးပြီးဖြစ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပေကျင်း၏ တရားဝင်လေထုအရည်အသွေး ညွှန်းကိန်းသည် ဒီဇင်ဘာ ၁၂ ရက်က အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ပြီး ယခုနှစ်မေလမှစတင်၍ ၎င်း၏ လေထုညစ်ညမ်းမှုသည် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကာ မြို့တော်အတွင်းနေထိုင်သူများကို မလိုအပ်ဘဲ အပြင်မထွက်ရန် တိုက်တွန်းထားကြောင်း သိရသည်။



သစ်တောပြုန်းတီးမှုနှင့် မိုးခေါင်မှုတို့သည် တရုတ်နိုင်ငံမြောက်ပိုင်းတွင်ဖြစ်ပွားလေ့ရှိသော သဲမုန်တိုင်းများကို ဖြစ်ပေါ်စေခြင်းကြောင့် တရုတ်နိုင်ငံအစိုးရအနေဖြင့်၁၉၇၀ ပြည့်နှစ်ကတည်းကပင် ဖုန်မှုန့်များကို တားဆီးနိုင်ရေး သစ်ပင်စိုက်ပျိုးရေးအတွက် ကြီးမားသောစီမံကိန်းများကိုစတင်ခဲ့ကြောင်း သိရသည်။

ဂိုဘီသဲကန္တာရမှ သဲမုန်တိုင်းဒဏ်ခံရသောဒေသများကို ကာကွယ်ရန် Three North Shelter Forest Program စီမံကိန်းအရ ၂၀၅၀ ပြည့်နှစ်တွင် သစ်ပင်သစ်ဧက ၈၇ သန်းစိုက်ပျိုးရန် ရည်မှန်းထားကြောင်း သိရသည်။ AZH

# ပါကစ္စတန်နိုင်ငံ ရေဘေးကယ်ဆယ်ရေး ADB က အမေရိကန်ဒေါ်လာ ၅၅၄ သန်း ပံ့ပိုးမည်

**မနီလာ ဒီဇင်ဘာ ၁၃**

ပါကစ္စတန် သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုဆိုင်ရာပြောင်းလဲမှုများအတွက် အကူအညီတစ်ရပ်အဖြစ် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)က အမေရိကန်ဒေါ်လာ ၅၅၄ သန်းပံ့ပိုးမည့်အစီအစဉ်တစ်ရပ်ကို အဆိုပါဘဏ်က ဒီဇင်ဘာ ၁၂ ရက်က ကြေညာခဲ့ကြောင်း Minute Mirror သတင်းဌာနက ဒီဇင်ဘာ ၁၂ ရက်တွင် ရေးသားဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) က ရန်ပုံငွေအသစ်အဖြစ်ခွဲဝေချထားပေးသည့် အမေရိကန်ဒေါ်လာ ၅၅၄ သန်းကို အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ADB ၏ ထုတ်ပြန်ချက်အရ အဆိုပါချေးငွေတွင် ချေးငွေ အမေရိကန်ဒေါ်လာ ၄၇၅ သန်းနှင့်နည်းပညာဆိုင်ရာ အကူအညီအတွက် အမေရိကန်ဒေါ်လာသုံးသန်းအပြင် ဂျပန်အစိုးရထံမှ ပံ့ပိုးသော အမေရိကန်ဒေါ်လာ ငါးသန်းအပါအဝင် ရေဘေးကယ်ဆယ်ရေးအတွက် အမေရိကန်ဒေါ်လာ ၇၁ သန်းတို့ဖြစ်ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံတွင် ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသော Balochistan၊ Khyber Pakhtunkhwa နှင့် Sindh ခရိုင်တို့တွင် လယ်ယာစိုက်ပျိုးမှု စီမံခန့်ခွဲရေးနှင့် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ရေး၊ ဆည်မြောင်း၊ ရေနုတ်မြောင်းများ ပြန်လည်ပြင်ဆင်ရေး၊ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများတွင် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

လူ ၃၃ သန်းကို ထိခိုက်စေခဲ့ပြီး အခြေခံအဆောက်အအုံနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ကြီးမားစွာထိခိုက်စေခဲ့သည့် ယခုနှစ်ရေကြီးမှုသည် ပါကစ္စတန်နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုကို ဖော်ပြနေပြီး ဆိုးရွားစွာထိခိုက်စေခဲ့သည်ကို သိရှိစေသည့် သတိပေးချက်တစ်ခုဖြစ်ကြောင်း အရှေ့အလယ်ပိုင်းနှင့် အနောက်အာရှဆိုင်ရာ ADB ၏ ညွှန်ကြားရေးမှူးချုပ် Yevgeniy Zhukov က ပြောကြားခဲ့သည်။

ADB အခြေခံသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ Zheng Wu ၏ အဆိုအရ ပါကစ္စတန်ရေကြီးပြီးနောက် ဆင်းရဲတွင်းသို့ ပိုမိုကျရောက်သွားနိုင်ပြီး အစာရေစာမလောက်ငမှုသည် အဆိုပါဒေသတွင် သုံးဆခန့် ပိုမိုဖြစ်ပွားလာနိုင်ကြောင်း သိရသည်။

AZH

# ချီလီနိုင်ငံတွင် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိ

**ဆန်တီယာဂို ဒီဇင်ဘာ ၁၃**

ချီလီနိုင်ငံ ဆန်တီယာဂိုနယ်မြေအနီးတွင် ဒီဇင်ဘာ ၁၂ ရက်က လောင်ကျွမ်းသည့်တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း ချီလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု Stuff သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးသည် ဆန်တီယာဂိုနယ်မြေ ဗယ်ပါရိုင်ဆိုဒေသ အိုဟစ်ဂင့်ဒေသနှင့် မော်လီဒေသတို့သို့ကူးစက်လောင်ကျွမ်းနေကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၄၀၀၀ ထိ လောင်ကျွမ်းပျက်စီးခဲ့ပြီး တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် ဧရိယာ ကိုးခုထိရှိနေကြောင်း ချီလီအမျိုးသားသစ်တောကော်ပိုရေးရှင်းက ထုတ်ပြန်ခဲ့သည်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်းက ဒီဇင်ဘာ ၁၂ ရက်တွင် အရေးပေါ်အစည်းအဝေးပြုလုပ်ခဲ့ပြီး လေကြောင်းအကူအညီကိုပါ ရယူသွားရန်စီစဉ်နေကြောင်း ချီလီအာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"နေရာပေါင်း ကိုးနေရာမှာ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ အရှိန်ပြင်းထန်ပြီးတော့ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်နေပါတယ်။ ဆန်တီယာဂိုနယ်မြေ ဗယ်ပါရိုင်ဆိုဒေသ အိုဟစ်ဂင့်ဒေသနဲ့ မော်လီဒေသတွေမှာ တောမီးလောင်ကျွမ်းမှု အနီရောင်အဆင့်သတ်မှတ်လိုက်ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၄၀၀၀ ထိ လောင်ကျွမ်းပျက်စီးသွားပါပြီ။ တောမီးကိုအမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် လုပ်နိုင်တာအကုန်လုပ်ဆောင်သွားမယ်" ဟု ချီလီသမ္မတဂါဘရီရယ်လ်ဘိုရစ်က ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် မီလစ်ပီလာဒေသမှ ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း ချီလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# G7 အဖွဲ့ဝင်နိုင်ငံများက သန့်ရှင်းသည့်စွမ်းအင်ကဏ္ဍသို့ကူးပြောင်းရေး Climate Club ထူထောင်ကာ အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန် သဘောတူညီမှုရရှိ

**ဘာလင် ဒီဇင်ဘာ ၁၃**

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ဒီဇင်ဘာ ၁၂ ရက်က G7 အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးတစ်ရပ်ပြုလုပ်ကာ သန့်ရှင်းသည့်စွမ်းအင်ကဏ္ဍသို့ ကူးပြောင်းရေးအတွက် Climate Club ထူထောင်ကာ အဖွဲ့ဝင်များကြား ရန်ပုံငွေထည့်ဝင်ကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် သဘောတူညီမှုရရှိခဲ့ကြောင်း ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်က ပြောကြားခဲ့သည်ဟု US New သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

G7 အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသလို အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့သည်။ Climate Club ကို ပြင်သစ်နိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီက ဦးဆောင်သွားမည်ဖြစ်ပြီး ယာယီအတွင်းဝန်အဖွဲ့ကို အပြည်ပြည်ဆိုင်ရာစွမ်းအင်အေဂျင်စီဥက္ကဋ္ဌက တာဝန်ယူသွားမည်ဖြစ်ကြောင်း G7 က ထုတ်ပြန်ခဲ့သည်။

"ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအတွက် ကာဗွန်ထုတ်လွှတ်မှုသုညမှတ်ကိုရောက်ရှိဖို့က အဓိကကျနေတယ်။ ကာဗွန်ထုတ်လွှတ်မှုသုညမှတ်ကို ရောက်ရှိဖို့အတွက် စွမ်းအင်ကဏ္ဍကို ပြောင်းလဲမှုရမယ်။ သန့်ရှင်းတဲ့စွမ်းအင်ကဏ္ဍကို ကူးပြောင်းနိုင်ဖို့အတွက် G7 အဖွဲ့ဝင်နိုင်ငံတွေကြား အတူတကွလက်တွဲပူးပေါင်းသွားဖို့ အစည်းအဝေးမှာ သဘောတူညီချက်ရရှိထားတယ်။ သဘောတူညီချက်အရ Climate Club အဖွဲ့အစည်းတစ်ခုထူထောင်သွားမယ်။ ရန်ပုံငွေတွေထည့်ဝင်သွားပြီး သန့်ရှင်းတဲ့စွမ်းအင်ကဏ္ဍကူးပြောင်းဖို့အတွက် အရှိန်အဟုန်နဲ့ ဆောင်ရွက်သွားမယ်။ Climate Club အဖွဲ့အစည်းကိုလဲ အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီက ယာယီဦးဆောင်သွားမှာလဲဖြစ်ပါတယ်"ဟု ဂျာမနီဝန်ကြီးချုပ် အိုလက်ဖ်က ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# စစ်သည်အစားခန့်ဝန်ထမ်းများခေါ်ယူခြင်း

၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးအပ်ရန် လိုအပ်လျက်ရှိပါသည်-

- (က) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)
- (ခ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)
- (ဂ) ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်(အမျိုးသား/အမျိုးသမီး)
- (ဃ) ဂီတတီးမှုတ်သူ/ဂီတ(အမျိုးသား/အမျိုးသမီး)

၂။ အထက်ဖော်ပြပါရာထူးများအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

- (က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
- (ခ) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် အသက် ၂၅ နှစ်မကျော်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။ (မှတ်ချက်-အဆို၊ အကပညာရပ်များနှင့် ခေတ်ပေါ်တီးဝိုင်း၊ မြန်မာဆိုင်းဝိုင်းမှ တူရိယာတစ်မျိုးမျိုးတို့အား ကျွမ်းကျင်တတ်မြောက်သူဖြစ်ပါက အသက် ၃၀ နှစ်ထက်မကျော်ရ။)
- (ဂ) စစ်မှုထမ်းနှင့် စစ်သည်အစားခန့်ဝန်ထမ်းများအတွက် အနည်းဆုံးပညာအရည်အချင်းလိုအပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-
  - (၁) **ဂီတ(ဆိုင်းဝိုင်း)၊ ဂီတ(ခေတ်ပေါ်)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှ ပညာရှင်များပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရာတွင် တူရိယာပစ္စည်းတစ်မျိုးအား သာမန်အဆင့်အထက် တီးမှုတ်နိုင်သူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲ သို့မဟုတ် ဘုတ်အဖွဲ့ဖြင့် ကျွမ်းကျင်မှုစစ်ဆေးခြင်းကိုအောင်မြင်ရမည်။
  - (၂) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရွေးချယ်ထားသူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲကိုအောင်မြင်ရမည်။
- (ဃ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
  (စာချုပ်ချုပ်ဆိုဆောင်ရွက်ပါမည်။)
- (င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးကင်းရှင်းသူများဖြစ်ရမည်။
- (စ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲဖြေဆိုအောင်မြင်ရမည်။
- (ဇ) ကျန်းမာရေးဆေးစစ်မှုအောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) **ဂီတ(ဆိုင်းဝိုင်း)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-
  - (၁) သံစဉ်ရှိ သံမှန် ၅ ပေါက်/၆ ပေါက် စသည့်အသံများကိုခွဲခြားသိရမည်။
  - (၂) မြန်မာနရီစည်း၊ ဝါးလတ်စည်း၊ ကရောင်းစည်း စသဖြင့်ခွဲခြားသိရှိ၍ စည်းဝါးလိုက်နိုင်ရမည်။
  - (၃) တူရိယာတစ်ခုခုကို တေးသွားရိုးရိုးပေါ်အောင် တီးတတ်ရမည် သို့မဟုတ် အဆိုဘက်တွင် ဆိုမှုအသံကောင်းမွန်ရမည်။
  - (၄) ဂီတသင်္ကေတတစ်ကြောင်းသွားကိုဖတ်တတ်ပြီး တီးတတ် သို့မဟုတ် ဆိုတတ်ရမည်။
- (ခ) **ဂီတ(ခေတ်ပေါ်)**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-
  - (၁) တေးသီချင်းသံစဉ်အသံများကို ခွဲခြားသိရှိရမည်။
  - (၂) အခြေခံဂီတသင်္ကေတများကိုဖတ်တတ်ပြီး တီးတတ်/ဆိုတတ်ရမည်။
  - (၃) တူရိယာတစ်ခုခုကို တေးသွားပေါ်အောင်ဆိုတတ်ရမည်။
- (ဂ) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-
  - (၁) ဇာတ်သီချင်းများ၊ ဇာတ်စကားများ စသည်တို့ကို လွယ်လွယ်နှင့်ကျက်မှတ်နိုင်ရမည်။
  - (၂) စည်းကိုက်၊ ဝါးကိုက် သီချင်းဆိုတတ်ရမည်။
  - (၃) အပြောသွက်လက်၍ သဏ္ဌာန်လုပ်သရုပ်ပေါ်အောင် ပြောဆိုအမူအရာထားတတ်ရမည်။
  - (၄) ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးကျပြေပြစ်စွာကနိုင်ရမည်၊ အနည်းဆုံး ကဗျာလွတ်အက ၇ မျိုးကပြနိုင်ရမည်။

၄။ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် တာဝန်ပေးအပ်ခြင်းခံရပါက နှစ်စဉ်ပြည်တွင်းရှိနေရာဒေသအသီးသီးသို့ လှည့်လည်ဖျော်ဖြေရသော ဖျော်ဖြေရေးအဖွဲ့များနှင့်လိုက်ပါခရီးသွားနိုင်သူဖြစ်ရမည်။

၅။ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်ခွင့်ရရှိပြီးသူများသည် အောက်ဖော်ပြပါအကျိုးခံစားခွင့်များရရှိမည်-

- (က) ဘွဲ့ရစစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်ကြီး(အစားခန့်)အဆင့်မှစတင်ခန့်အပ်၍ အခြေခံလစာ ၁၉၈,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။
- (ခ) ဘွဲ့မရရှိသော စစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်(အစားခန့်)အဆင့်မှစတင်ခန့်အပ်၍ အခြေခံလစာ ၁၈၀,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။
- (ဂ) တာဝန်ထမ်းဆောင်ရမည့်တပ်တွင်နေထိုင်ရန် အဆောက်အဦနှင့် ရေ/မီးစီစဉ်ပေးမည်။
- (ဃ) ကျန်းမာရေးနှင့်ပတ်သက်၍ နီးစပ်ရာတပ်မတော်ဆေးရုံများတွင် အခမဲ့ဆေးကုသခွင့်ရှိသည်။
- (င) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများဖြစ်ပါက တာဝန်ထမ်းဆောင်စဉ်အတွင်းဘွဲ့ရရှိနိုင်ရေးအတွက် အဝေးသင်တက္ကသိုလ်တက်ရောက်နိုင်ရန်ခွင့်ပြုပေးမည်။
- (စ) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အခြားသောအနုပညာဘာသာရပ်များတိုးတက်မြင့်မားစေရေးအတွက် ကျွမ်းကျင်နည်းပြများနှင့်ထပ်မံ၍ စနစ်တကျသင်ကြားလေ့ကျင့်ပေးမည်။

၆။ လျှောက်ထားလိုသူများအနေဖြင့် အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မှော်ဘီမြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို၊ နေပြည်တော်)၊ အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရဲမွန်တပ်မြို့၊ ရန်ကုန်မြို့) အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(အင်းတိုင်၊ ရန်ကုန်မြို့)၊ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(မန္တလေးမြို့)နှင့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရွှေညောင်မြို့)များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အောက်ပါစာရွက်စာတမ်း ၂ စုံစီအား ၂၆ - ၁၂ - ၂၀၂၂ ရက်အရောက်ပေးပို့လျှောက်ထားရန်နှင့် လူတွေ့စစ်ဆေးမည့်ရက်/အချိန်/နေရာတို့ကို ထပ်မံအကြောင်းကြားသွားမည်ဖြစ်သည်-

- (က) ကိုယ်တိုင်ရေးလျှောက်လွှာ
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဂ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ
- (ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် မြို့နယ်/ရပ်ကွက်အတွင်းနေထိုင်ကြောင်းထောက်ခံချက်
- (င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်
- (စ) ပညာအရည်အချင်းအတွက် ဘွဲ့ရရှိသူများအနေဖြင့် ဘွဲ့လက်မှတ်/ ဘွဲ့ထောက်ခံစာမိတ္တူနှင့် ဘွဲ့မရရှိသူများအနေဖြင့် သက်ဆိုင်ရာကျောင်းများမှထောက်ခံချက်
- (ဆ) မိဘ/ဆွေမျိုးများ၏ သဘောတူညီကြောင်းထောက်ခံချက်
- (ဇ) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၂ ကြိမ်ထိုးနှံပြီးကြောင်းအထောက်အထား
- (ဈ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စပို့(စ်)အရွယ် ကာလာဓာတ်ပုံ ၆ ပုံ။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ၊ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

FDA အမှတ်-1907 PC 0040

# DENTOMEC




ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၆၈၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# STARMART MANDALAY Wholesale

အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင်
ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ
လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။




STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


## ဝန်ထမ်းအလိုရှိသည်

Home Champion Construction Co.Ltd

မန္တလေးရုံးခွဲတွင် တာဝန်ထမ်းဆောင်ရန်အတွက်

**လုံခြုံရေးဝန်ထမ်း** ၂-ဦး (ကျား)

(လုပ်ငန်းခွင်အတွေ့အကြုံရှိသူ၊ အသောက်အစားကင်းသူ၊ အနည်းဆုံး အလယ်တန်းအဆင့်အောင်မြင်သူဖြစ်ရမည်)

လျှောက်ထားလိုသူသည် CV Form နှင့်ထောက်ခံစာ၊ စာရွက်စာတမ်းများ ပူးတွဲပြီး၊ Home Champion Construction Co.Ltd အမှတ် ဒ-၁/-၅၄၊ ၆၅လမ်း၊ ၃၇×၃၈ ကြား၊ ဖုန်းနံပါတ် ၀၉-၉၇၇၁၂၂၆၆၅၊ ၀၉-၉၇၇၁၂၂၆၆၆ သို့ (၅)ရက်အတွင်း လူကိုယ်တိုင် အမြန်လာရောက်လျှောက်ထားနိုင်ပါသည်။

## ဝန်ထမ်းအလိုရှိသည်

ခန်းဆီးလိုက်ကာဆိုင်တွင် လုပ်ကိုင်ရန်

၁။ အထွေထွေဝန်ထမ်း (ကျား)
(က)လိုင်စင်ရှိရမည်။ သွက်လက်ရမည်။
၂။ ပိတ်စ ကိုက်ထိုးကိုင်ဖြတ် (မ)
အသက် ၂၀ မှ ၃၅ အတွင်း၊ သွက်လက်ရမည်။

**လိပ်စာ။** ။ D4/1၊ မြနန္ဒာလုံးချင်းအိမ်ယာ၊ လမ်းသွယ်(၂) ဦးပွားဂုံးကျော်အရှေ့ဘက်၊ ချမ်းမြသာစည်၊ မန္တလေးမြို့။

**ဖုန်း။** ။ 09-979638858, 09-979628858

## ဝန်ထမ်းအလိုရှိသည်

၁။ ဆိုင်ကူ + ယာဉ်မောင်း ကျား (၁) ဦး
၂။ ဆိုင်ကူ ကျား (၁) ဦး
၃။ ကွန်ပျူတာExcelကျွမ်းကျင်+အရောင်း မ (၁) ဦး

လုပ်ငန်းအတွေ့အကြုံရှိရမည်။
လစာ/- ၂၀၀၀၀၀+ ရက်မှန်ကြေး ၂၀၀၀၀
လိုအပ်သောစာရွက်စာတမ်းများ ယူဆောင်၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

Kedia Light လျှပ်စစ်
အမှတ်(၂၈၃)၈၁လမ်း၊ ၂၆×၂၇ လမ်းကြား။

# ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ

## ဖခင်အမည်မှန်

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်၊ အခြေခံပညာအလယ်တန်းကျောင်း၊ Grade-7(A) မှ မောင်ရှိန်းမြတ် ၏ ဖခင်အမည်မှန်မှာ နိုင်ငံသား စိစစ်ရေးကတ်အရ ဦးမိုးဝေ ဖြစ်ပါကြောင်း။

**ဦးမိုးဝေ(၉/ မရတ(နိုင်)၁၁၆၆၅၅)**

မီး
သတိပြု

### ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်နေ ဒေါ်ခင် ထန်းဝင်း(ဘ)ဦးစောမ်းထိုးငါး (၁/မဥသန (နိုင်)၁၁၂၂၅၇)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ ၀၉-၉၅၄၄၁၅၁၇၀

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့နေ စိန်ဝင်း(ခ)ရန်လင်း ချမ်း(ဘ)ဦးရန်ကျော်ရှောက် (၉/မနမ (နိုင်)၀၃၀၇၆၃)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ ၀၉-၇၉၂၆၆၆၆၆၈

### ပျောက်ဆုံးကြောင်း

ဝါးခယ်မမြို့နယ်နေ ဖြိုးဇော်ဦး (ဘ) ဦးလှမြွေ (၁၄/ဝခမ(နိုင်)၂၈၄ ၄၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။ ၀၉-၆၆၆၉၄၄၁၈၀

### ပျောက်ဆုံးကြောင်း

လပွတ္တာမြို့နယ်နေ အေးစုလွင် (ဘ) ဦးခင်စိန် (၁၄/မမန(နိုင်)၂၄၂ ၁၂၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။ ၀၉-၄၄၃၈၀၂၃၄၀

### ပျောက်ဆုံးကြောင်း

ငပုတောမြို့နယ်နေ အောင်ကိုမင်း (ဘ) ဦးကုလားနက် (၁၄/ပသတ(နိုင်) ၁၇၉၁၆၃)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ ၀၉-၇၉၄၂၂၁၁၉၉

### ပျောက်ဆုံးကြောင်း

ငပုတောမြို့နယ်နေ ဖူးဖူးအောင် (ဘ) ဦးမောင်မောင်မွေး (၁၄/ပသတ (နိုင်)၁၇၁၆၃၅)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ ၀၉-၇၉၄၂၂၁၁၉၉

“အဂတိပယ်ရှား ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက် နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် မြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြု ရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၄၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ **MSME** လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကကို ဗဟိုပြုသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းပင်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း...

❖ မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နိုင်ငံဖြစ်ကြောင်း...

❖ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍ၊ လူတစ်ဦးချင်း၏ အခန်းကဏ္ဍသည် တိုင်းပြည်တစ်ခု၏ အဓိကမောင်းနှင်အားဖြစ်ကြောင်း...

**(အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ဒုတိယညွှန်ကြားရေးမှူးချုပ် H.E. Mr. Nikolay SPASSKIY ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ဒုတိယညွှန်ကြားရေးမှူးချုပ် **H.E. Mr. Nikolay SPASSKIY** ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ **Rosatom** ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ၏ ဖြစ်မြောက်နိုင်စွမ်းနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်

**စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

**အများသိစေရန် ကြေညာခြင်း**
စာမျက်နှာ - ၂၁

**ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက ယခုနှစ်ဇန်နဝါရီလမှ နိုဝင်ဘာလထိ ကုန်သေတ္တာ ၇၇၆၇၂၇ တန် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့**
စာမျက်နှာ - ၂၅

**ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချ**
စာမျက်နှာ - ၂၁

ဇမ္ဗူလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ဖုန်းဆက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉ ၂၅၄၇၈၁၀၆၀၊ ၀၉ ၂၆၁၄၀၀၈၄၄
၀၉ ၂၆၁၄၀၀၈၅၅
ရွှေမြိုင်သူ ရန်ကုန်မြို့တွင်း
ရှမ်းလေး G & G Store ဆိုင်များ၊
Online
ဇူဇီမ်သူ Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ရွာ - ရေနံ
ဟုသိမ်

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု